

မင်းလက်ရာ စာပေ
အပါယ်ရွာသွား
ငရဲဘုံသားများ
သုတေသီ သက်ထွန်းမြင့်
ဒီဇိုင်း
နေသွေး
09 420058436

ဖြန့်ချိရေး

# မင်းလက်ရာ စာပေ

အမှတ်-ဂ/၁၅ပန်းကနော်လမ်း၊ဒဂုံဧရာအဝေးပြေးလိုင်းသဝယာ

Ph - 09.73253561 / 09.422497976

## ပုံနှိပ်မှတ်တမ်း

**ပထမအကြိမ်** - ၂၀၁၆ ခုနှစ်၊ မတ်လ

**အုပ်ရေ** - ၁၀၀၀

**တန်ဖိုး** - ကျပ်

**အတွင်းဖလင်** - A-7 Group (၅၅၊ ၃၈-လမ်းအောက်)

**ထုတ်ဝေသူ** - ဦးချစ်ညွန့်(၀၀၃၇၄)၊
ဇင်ရတနာစာပေ၊
၂၀၅က/၄-လမ်းမြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။

**ပုံနှိပ်သူ** - ဦးရဲကိုကိုမျိုးညွန့်. (၀၀၇၉၇)
စိတ်ကြိုက်ပုံနှိပ်တိုက်
အမှတ်-၅၅၊ ၃၈ လမ်းအောက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
သုတေသီသက်ထွန်းမြင့်
အပါယ်ရွာသွား ငရဲဘုံသားများ / သုတေသီသက်ထွန်းမြင့်။ ရန်ကုန်။
ဇင်ရတနာစာပေ၊ ၂၀၁၆။
၁၉၂-စာ ၊ ၁၀.၅×၁၆.၅စင်တီ။
(၁)အပါယ်ရွာသွား ငရဲဘုံသားများ



# အပါယ်ရွာသွား ငရဲဘုံသားများ

သုတေသီသက်ထွန်းမြင့်

"ရတနာမြတ်သုံးပါး
အနန္တော အနန္တငါးပါး
ဦးထိပ်ထား၍
ဘဝတစ်ကွေ့
တွေ့ခဲ့ရသည့်
ထမင်းတစ်လုပ်
ကျွေးခဲ့ဖူးသူ
ရေတစ်မှုတ်
တိုက်ခဲ့ဖူးသူ
စကားတစ်ခွန်း
ညွှန်းဆိုခဲ့ဖူးသူနှင့်
ချစ်သူ၊ မုန်းသူတို့အား
ထာဝရဂါရဝဖြင့်..."

သုတေသီသက်ထွန်းမြင့်

# မာတိကာ

နိဒါန်း (သို့မဟုတ်)
အကူသိုလ်နှင့်ငရဲအကြောင်း ၈
၁။ ဗုဒ္ဓဘာသာဝင်တိုင်း သတိထားရမည့်အချက် ၁၁
၂။ ဗုဒ္ဓဘာသာဝင်တို့နှင့် ၃၁ ဘုံဟူသည် ၂၀
၃။ ငရဲဘုံ ၂၇
၄။ မြေမျိုပြီးနောက် ငရဲကျရသူများ ၁၀၇
၅။ မြေမျိုပြီးနောက် အဝီစိငရဲ ကျရောက်ရသည့် စိဥ္စမာဏ အမျိုးသမီး ၁၂၃
၆။ မြေမျိုခံရပြီးနောက် အဝီစိငရဲသို့ ရောက်ခဲ့ရသည့် သုပ္ပဗုဒ္ဓ ၁၂၉
၇။ ရက်စက်ကြမ်းကြုတ်သူတစ်ယောက်၏ နောက်ဆုံးခရီး ၁၃၅
၈။ အထက်ဘုံလား၊ အောက်ဘုံလား ၁၄၄
၉။ အသင်လူသား သတိထားပါ ၁၄၇
၁၀။ လူစစ်စစ်ဖြစ်အောင် ကြိုးစားပါ ၁၅၁

မင်းလက်ရာစာပေ

## မာတိကာ


၁၁။ ပညတ်လူ၊ ပရမတ်လူ ၁၅၇
၁၂။ အပါယ်လူ၊ သူတော်ကောင်းတို့ ဖဲကြဉ်သူ ၁၆၀
၁၃။ ဘဝတန်ဖိုးရှိဖို့ သဒ္ဓါလက်နဲ့ယူပါ ၁၆၅
၁၄။ သတိသံဝေဂရကြစေ ၁၇၁
၁၅။ သေရမည်မှာ မမွှတာ ၁၇၅
၁၆။ သေခါနီး ထင်အာရုံမှာ ၁၇၉
၁၇။ သေခါနီးမှာ အမူအရာ ၁၈၃
၁၈။ လူနှင့်စပ်လျဉ်းသော အကြောင်းအရာများ ၁၈၆

## နိဒါန်း
## သို့မဟုတ်
## အကာသိုလ်နှင့်ငရဲအကြောင်း

၁။

ကျွန်တော်က အသက်အရွယ်အရ ဘာသာရေးကို စိတ်ဝင်စားလာသကဲ့သို့ ကျွန်တော် ကျွမ်းကျင်သည့် စာပေအနုပညာဖြင့် လူငယ်များ ဘာသာရေး အသိကြွယ်ဝလာစေရန် လူငယ်လူရွယ်များ သိသင့်သည့် ဘာသာရေးနွယ်သည့် စာပေများအား ရေးသားခဲ့သည်။

ကျွန်တော် ရေးသားပြုစုခဲ့သည့် 'ငါးပါးသီလအကြောင်း'၊ 'အပါယ်လေးဘုံအကြောင်း'၊ 'ခင်ပွန်းကြီးဆယ်ပါးအကြောင်း' များသည် ပရိသတ် နှစ်သက်လက်ခံသည်ကို တွေ့ရသဖြင့် ဝမ်းသာရသည်။ ကျေနပ်ရသည်။

ထိုကဲ့သို့ပင် နောက်ထပ် ဘာသာရေးနှင့်ပတ်သက်၍ 'ရတနာမြတ်သုံးပါးအကြောင်း'၊ '၃၁ ဘုံ ခရီးသွားများ အကြောင်း'ကို သတိထား၍ ရေးသားခဲ့သည်။

ပရိသတ်၏ အားပေးသံများ ကြားခဲ့သည်။

၂။

တစ်လောက ပါချုပ်ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ၏ 'သံသရာခရီးသွားအမှား မလုပ်မိစေနဲ့' ဆိုသော တရားကို နာကြားရင်း စာအုပ်တစ်အုပ် ရေးဖြစ်ခဲ့သည်။

ထိုစာအုပ်အမည်ကိုလည်း 'သံသရာခရီးသွား အမှား မလုပ်မိစေနဲ့' ဟူသောအမည်ကိုပင် ပေးခဲ့သည်။

ထိုစာအုပ်များအား ပရိသတ် လက်ခံကြသလို ပရိသတ်တို့၏ အကြံပေးခြင်း၊ အားပေးခြင်းများကိုလည်း ခံစားခဲ့ရသည်။

မနေ့ကမှု နယ်ပရိသတ်တစ်ဦးမှ ကျွန်တော့်အား ကုသိုလ်၊ အကုသိုလ်နှင့် ငရဲဘုံသားတို့အကြောင်း သီးခြား ရေးသားရန် အကြံပေးခဲ့သည်။

ငရဲသည် လူသားတိုင်း စိတ်ဝင်စားကြသလို လူသားများ အဖို့ ရောက်ရှိရန် အနီးကပ်ဆုံး ဘုံလည်းဖြစ်၏။ အပါယ်လေးဘုံတွင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူ၍ ဘုံ (၄)ခု

အကြောင်းအား ရေးခဲ့ဖူးသော်လည်း ပြည့်ပြည့်စုံစုံ မဟုတ်သည်ကို ကျွန်တော် သိခဲ့သည်။

ကျွန်တော်ကိုယ်တိုင်လည်း သီးခြားရေးသင့်သည့် အကြောင်းဟု သိခဲ့သည်။

ယခု အကြံပြုလာသဖြင့် ကျေနပ်ပျော်ရွှင်ရသည်။

ထိုအကြောင်းအား ညီငယ်ကို ချစ်ငယ်သည့် မောင်နိုင်ဝင်း (မင်းလက်ရာစာပေ)အား ဆွေးနွေးသောအခါ သူက ရေးသားရန် တိုက်တွန်းခဲ့သည်။

၃။

'အပါယ်ရွာသွား ငရဲဘုံသားများ' သည် ငရဲနှင့် ငရဲ ရောက်ရသူတို့အကြောင်း သီးသန့် ဖြစ်သည်။

ဤစာအုပ်ကို ဖတ်သူတိုင်း အကျိုးတစ်စုံတစ်ရာရသည်ဟု ယုံကြည်မိသလို ဤစာအုပ်ဖတ်၍ အကျိုးဖြစ်ထွန်းသည် ဆိုငြားအံ့··· ပြုစုရကျိုးနပ်ပြီ ဆိုရမည်။

ကျေးဇူးတင်ထိုက်သူအားလုံးအား ကျေးဇူးတင်ပါသည်။

စာဖတ်သူများရဲ့
သုတေသီသက်ထွန်းမြင့်
၀၉၃၁၀၈၅၅

## ဗုဒ္ဓဘာသာဝင်တိုင်း
## သတိထားရမည့်အချက်

ဗုဒ္ဓဝါဒနှင့် ဗုဒ္ဓဘာသာကို လေ့လာလျှင် မိမိပြုသည့် ကုသိုလ်၊ အကုသိုလ် ပဲ့တင်သံအား ပြန်လည်ခံစားရသည့်ဝါဒဟု နားလည်ရ၏။

ဗုဒ္ဓဘာသာဝင်တိုင်းသည် ရခဲလှသည့် လူ့ဘဝရခိုက် ကြဉ်ရှောင်ရမည့်အရာများ သတိထားရမည့်အရာများရှိသည်ကို သိထားရမည်။

အသိရှိဖို့၊ သတိရှိဖို့လိုသည်။

အသိရှိမှ သတိထားနိုင်မည် မဟုတ်လား။

**မင်းလက်ရာစာပေ**

ဗုဒ္ဓဘာသာဝင်တို့သည် ကံ-ကံ၏အကျိုးနှင့် တမလွန်ကို ယုံကြည်သူများဖြစ်သကဲ့သို့ ဒီဘဝကောင်းမှ နောင်ဘဝကောင်းမည်ဟု သိထားကြသည်။

ဗုဒ္ဓသည် မဟာကရုဏာရှင်ဖြစ်သကဲ့သို့ လူသားတို့အား လမ်းကောင်းညွှန်သူလည်း ဖြစ်၏။

မှန်သည်။ ဗုဒ္ဓသည် ကောင်းမှုနှင့်ကောင်းကျိုးကို ညွှန်ပြသလို မကောင်းမှုနှင့်မကောင်းကျိုးကို ညွှန်ပြ၏။

ထို့အတူ မကောင်းသည့်အရာ၊ ရှောင်ကြဉ်ရမည့်အရာမှန်သမျှကိုလည်း ညွှန်ပြခဲ့၏။

* * *

ဗုဒ္ဓဘာသာဝင်တိုင်းသည် ဩကာသဘုရားရှိခိုးကို ရကြပေလိမ့်မည်။ ထိုဩကာသဘုရားရှိခိုး၌ မကောင်းမှုပြုခြင်း၊ မကောင်းမှုကျိုး ခံစားရခြင်း၊ မကောင်းသည့် ရှောင်ကြဉ်ရမည့်အရာတို့အား ပြသခဲ့၏။

ဘုရားရှိခိုး၌ ဘုရားအား ရှိသေရှိခိုးခြင်း၊ ကောင်းမှုကိုပြုခြင်းအတွက် မကောင်းကျိုးဖြစ်စေသည့်တရားတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းအေးစေရန် ဆုတောင်း၏။

အခါခပ်သိမ်း ကင်းလွတ်ငြိမ်းစေလိုသည့်အရာတို့ကား-

၁။ အပါယ်လေးပါး…

အပါယ်လေးပါးဆိုသည်က ချမ်းသာကင်း၍ ကုသိုလ်ပြုခွင့်မရသည့် အရပ်လေးမျိုး။

ငရဲ…

ကြောက်မက်ဖွယ် ငရဲထိန်းများ၊ ပူလောင်ထန်ပြင်းသည့် ငရဲမီးများဖြင့် အစဉ်အမြဲ နှိပ်စက်ညှဉ်းပန်းခံနေရသည့်ဘုံ။

တိရစ္ဆာန်…

မဂ်ဖိုလ်ရနိုင်ခြင်းကင်း၍ အများနှင့်မတူ ဖီလာဆန့်ကျင်ကန်လန်သွားတတ်သောသတ္တဝါတို့၏ဘုံ။

ပြိတ္တာ…

အစားဆင်းရဲခြင်း၊ အနေဆင်းရဲခြင်း၊ အဝတ်ဆင်းရဲခြင်းစသည့် ဆင်းရဲဒုက္ခမျိုးစုံနှင့် ကြုံတွေ့နေရသည့်ဘုံ။

အသုရကာယ်…

ပြိတ္တာတို့ထက် ပိုမိုကာ ဒုက္ခဆင်းရဲ ကြုံတွေ့နေရသောဘုံ။

မင်းလက်ရာစာပေ

လူသည် သေသည်၏အခြားမဲ့၌-
* လောဘကြီးမားသူ သေလျှင် ပြိတ္တာဘဝ ရေ့ရှု၏။
* ဒေါသကြီးမားသူသေလျှင် ငရဲဘုံဘဝ ရေ့ရှု၏။
* မောဟကြီးမားသူသေလျှင် တိရစ္ဆာန်ဘုံဘဝ ရေ့ရှု၏။

၂။ ကပ်သုံးပါး….

မကောင်းမှုပြုသူများအတွက် ဘေးအန္တရာယ်ကျရောက်စေသည့် အချိန်ကာလသုံးမျိုး-

ဒုဗ္ဘိက္ခန္တရကပ်…

ငတ်မွတ်ခြင်းဘေးအန္တရာယ် ဆိုက်ရောက်နေသည့်ကာလ။

သတ္တန္တရကပ်…

လက်နက်ဘေး၊ စစ်ဘေးအန္တရာယ် ဆိုက်ရောက်နေသောကာလ။

ရောဂန္တရကပ်…

ကူးစက်ရောဂါဘေးအန္တရာယ် ဆိုက်ရောက်နေသောကာလ။

မင်းလက်ရာစာပေ

**၃။ ရပ်ပြစ်ရှစ်ပါး**

မကောင်းမှုပြုသူတို့အတွက် အပြစ်ရှိသောအရပ် (၈)မျိုး-

၁။ ငရဲဘုံ၊

၂။ တိရစ္ဆာန်ဘုံ၊

၃။ ပြိတ္တာဘုံ

(ပြိတ္တာဘုံတွင် အသုရကာယ်ဘုံပါသည်။)

၄။ ဘရူပဗြဟ္မာဘုံ၊ (ရုပ်မရှိ)

အသညသတ်ဘုံ (နာမ်မရှိ)

၅။ ပစ္စန္တရာဇ်၊ အရိုင်းအဆိုင်းတို့ဒေသ

၆။ မိစ္ဆာဒိဋ္ဌိ၊ မှားယွင်းသည့် အယူဝါဒရှိသူ

၇။ ဒုပ္ပည - ဉာဏ်မဲ့၍ လူစဉ်မမီသူ

၈။ သာသနာပကာလ၊ ဘုရားမပွင့်သောအခါ။

**၄။ ရန်သူမျိုးငါးပါး**

ရန်သူမျိုးငါးပါးကား- "ရေ၊ မီး၊ မင်း၊ သူခိုး၊ အမွေခံဆိုး" စသည်တို့ ဖြစ်သည်။

*၁။ ရေ*

ရေသည် အစိုးမရ၊ ရေလွှမ်းမိုးရေကြီး၍ ပျက်စီးခံရသည့် ဘေးရန်။

မင်းလက်ရာစာပေ

*၂။ မီး*

မီးသည် ရန်သူအဖြစ် သတ်မှတ်ခဲ့သော်လည်း သုံးတတ်လျှင် မိတ်ဆွေ ဖြစ်၏။ မသုံးတတ်လျှင်ကား မီးလောင်ကျွမ်းခြင်း ဘေးဒဏ်ခံရသောဘေးရန်။

*၃။ မင်း*

မင်းသည် ရာဇဝတ်ပြစ်ဒဏ်ပေးနိုင်သဖြင့် ရာဇဝတ်ပြစ်ဒဏ်ခံရခြင်း ဘေးရန်။

*၄။ သူခိုး*

ခိုးဝှက်လုယက်ခြင်း ခံရသောဘေးရန်။

*၅။ အမွေခံဆိုး*

မိဘပစ္စည်းအား ဖြုန်းတီး၍ မိဘကို နှိပ်စက်သော သားဆိုး၊ သမီးဆိုးတို့ ဘေးရန်။

**၅။ ဝိပတ္တိတရားလေးပါး**

တည်ငြိမ်အေးချမ်းမှု မရှိဘဲ ဖောက်ပြန်ချွတ်ယွင်းခြင်း (၄)မျိုး-

*၁။ ဂတိဝိပတ္တိ*

လားရာဂတိ ဖောက်ပြန်ခြင်းကြောင့် အပါယ်ဘုံ၌ ဖြစ်ခြင်း။

*၂။ ဥပဓိဝိပတ္တိ*

ရုပ်ဖောက်ပြန်ခြင်းဖြင့် ရုပ်အဆင်းအင်္ဂါ ချို့တဲ့ခြင်း။

*၃။ ကာလဝိပတ္တိ*

ခေတ်ပျက်ခြင်းကြောင့် တရားဥပဒေကင်းမဲ့သောအချိန်။

*၄။ ပယောဂဝိပတ္တိ*

အားထုတ်မှု မမှန်ကန်ခြင်းဖြင့် အကုသိုလ်အမှုများ၌ အားထုတ်ခြင်း အပြစ်ကျူးလွန်ခြင်း။

**၆။ ဗျသနတရားငါးပါး**

ဖြစ်တည်ခြင်းကင်းမဲ့၍ ပျက်စီးခြင်း ဆိုက်ရောက်သည့် တရားငါးမျိုး။

*၁။ ဉာတိဗျသန*

ဆွေကောင်းမျိုးကောင်း ကင်းဝေး၍ ဆွေမျိုးပျက်စီးခြင်း။

*၂။ ဘောဂဗျသန*

စည်းစိမ်ဥစ္စာနှင့် ပျော်ရွှင်စွာ ခံစားခွင့်မရှိဘဲ စည်းစိမ်ဥစ္စာမှန်သမျှ ပျက်စီးခြင်း။

*၃။ ရောဂဗျသန*

အနာရောဂါမှန်သမျှ ခံစားနှိပ်စက်သဖြင့် ပျက်စီးခြင်း။

*၄။ သီလဗျသန*

အကျင့်သီလကောင်းမရှိဘဲ အကျင့်သီလကောင်းများ ပျက်စီးနေခြင်း။

*၅။ ဒိဋ္ဌိဗျသန*

ကောင်းမြတ်သော အယူအား ဆန့်ကျင်ပြီး အယူလွဲမှား၍ ပျက်စီးခြင်း။

စသည်တို့က လူတိုင်း ကင်းဝေးလိုသည့်အကြောင်း

မင်းလက်ရာစာပေ

တရားများ ဖြစ်၏။ ထိုအကြောင်းတို့က ကောင်းမှုပြုသူတို့ ခံစားရသည့်အကြောင်းများ မဟုတ်။

မကောင်းမှုပြုသူများ ခံစားရသည့်အကြောင်းများ ဖြစ်၏။

ထို့ကြောင့် လူတို့သည် ဤပျက်စီးခြင်းဆိုးကျိုးများနှင့် ကင်းဝေးစေရန် မကောင်းမှုကို ရှောင်ကြဉ်သင့်၏။ ရှောင်ကြဉ်ရမည် ဖြစ်၏။

## ဗုဒ္ဓဘာသာဝင်တို့နှင့် ၃၁ ဘုံဟူသည်

ဗုဒ္ဓဝါဒကို နှလုံးသွင်း ဆောက်တည်နေကြသည့် ဗုဒ္ဓဘာသာဝင်တို့သည် ကံ-ကံ၏အကျိုးကို အလေးထားကြသကဲ့သို့ ၃၁ ဘုံအကြောင်းကို သိထားသင့်၏။

၃၁ ဘုံနှင့် ကင်းကွာမရဆိုသည်ကို နားလည်နေသင့်သည်။ ထို့အတူ လူတိုင်းသည် နိဗ္ဗာန်မဂ်ဖိုလ်ကို တက်ကျမ်းနိုင်သေးသမျှ ၃၁ ဘုံတွင် ကျင်လည်နေရဦးမည် ဖြစ်သည်။

ထို့ကြောင့် လူတိုင်းသည် ၃၁ ဘုံနှင့်ပတ်သက်၍ သိထားရမည်။ သိထားသင့်သည်။

စင်စစ် ၃၁ ဘုံဟူသည်က လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံနှင့် အပါယ် (၄)ဘုံတို့ ဖြစ်သည်။

**မင်းလက်ရာစာပေ**

ဘုရားဟောဒေသနာများအရ နိဗ္ဗာန်မရမီစပ်ကြား မြင့်မြတ်ဆုံးသောဘုံသည် လူ့ဘုံ ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် လူ့ဘုံသည် ဖန်တီးနိုင်သောဘုံ ဖြစ်သောကြောင့်ပင်။ လူ့ဘုံလူ့လောက လူသားတို့သည် အမိအဖကိုသတ်၍ အကြီးဆုံးသောအပြစ်ကို ခံစားသူဖြစ်သလို ဘုရားရှင်အဖြစ် ရရှိနိုင်ရန်လည်း စွမ်းဆောင်နိုင်သောသူ ဖြစ်၏။

မှန်သည်။ လူ့ဘုံလူ့ဘဝသည် ကိုယ်တိုင် ဖန်တီးနိုင်သည့် ဘဝတည်း။ လူ့ဘဝတွင် ကိုယ်တိုင် ဖန်တီးနိုင်ပြီး ကိုယ်တိုင် စွမ်းဆောင်နိုင်၏။

ထို့ကြောင့် နတ်ဘုံ နတ်ဘဝမှ ရှေးစာခါနီး၌ အကောင်းဆုံးဘုံဘဝသို့ ရအောင် ဆုတောင်းပါဟု ဆိုခဲ့ကြခြင်း ဖြစ်၏။

* * *

'လူ့ဘုံလူ့ဘဝသည် ဖန်တီးနိုင်သောဘဝ ဖြစ်၏။ စွမ်းဆောင်နိုင်သောဘဝလည်း ဖြစ်၏။ လူ့ဘဝတွင် ကောင်းမှု ပြုသူတို့အတွက် ကောင်းကြိုးချမ်းသာကို ရရှိနိုင်သည်။ နတ်ဘုံ၊ ဗြဟ္မာဘုံမှ နိဗ္ဗာန်သို့ပင် ရောက်ရှိနိုင်၏။

ထိုကဲ့သို့ပင် မကောင်းမှုပြုသူတို့အတွက် မကောင်းကျိုး

ကို ရရှိနိုင်မည်ဖြစ်ပြီး အောက်ဘုံဖြစ်သည့် အပါယ်လေးဘုံသို့ပင် ရောက်ရှိနိုင်၏။

ပြောရလျှင် ၃၁ ဘုံတွင် ကောင်းဘုံရှိသကဲ့သို့ မကောင်းသည့်ဘုံလည်း ရှိ၏။

သုံးဆယ့်တစ်ဘုံတွင် လူ့ဘုံသည် အဓိကကျပြီး လူ့ဘုံဖြစ်သည်။ ထိုဘုံအောက်၌ အပါယ်လေးဘုံရှိပြီး အထက်ဘုံတွင် နတ်ဘုံ၊ ဗြဟ္မာဘုံဟူ၍ ရှိသည်။

အောက်ဘုံသည် ဆင်းရဲမျိုးစုံသည့်ဘုံဖြစ်သကဲ့သို့ ထိုအောက်ဘုံအား အပါယ်လေးဘုံဟု ခေါ်၏။

အပါယ်လေးဘုံအား လေ့လာလျှင် ပထမဆုံး အောက်ဘုံဖြစ်သည့် အပါယ်လေးဘုံအား စတင်လေ့လာရမည်။

အပါယ်လေးဘုံ၌ ပထမဦးဆုံးဘုံသည် ငရဲဘုံ ဖြစ်သည်။

## ငရဲဘုံ

၃၁ ဘုံတွင် အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ပြည် (၆)ထပ်၊ ဗြဟ္မာ့ဘုံ (၂၀) စသည်တို့ ဖြစ်သည်။

အချို့က-

"အပါယ်လေးဘုံ သီးခြားရှိလား" ဟု မေးကြသည်။ စင်စစ် ဤသို့ မေးလျှင် အဖြေက တစ်ခုတည်းရှိသည်။ 'မရှိပါ' ဟု ဖြစ်သည်။

စင်စစ် အပါယ်လေးဘုံအား သရုပ်ခွဲလျှင် အပါယ်လေးဘုံဟူသည်မှာ-

၁။ ငရဲ

၂။ တိရစ္ဆာန်

၃။ ပြိတ္တာ

၄။ အသူရကာယ်

စသည့်လေးမျိုးအား ပေါင်းစည်းပြီး အပါယ်လေးဘုံဟု ခေါ်ဆိုခြင်း ဖြစ်သည်။ သို့သော် တစ်ခုရှိသည်က အပါယ်ဘုံဟု ခေါ်ဆိုခြင်းပင်။

အပါယ်လေးဘုံဟူသည်က ကုသိုလ်ကောင်းမှုပြုခွင့် မရရှိသည့် သတ္တဝါအပေါင်းတို့၏နေရာဖြစ်ပြီး ထိုနေရာဒေသအား အပါယ်လေးဘုံဟု ခေါ်ဆိုခြင်း ဖြစ်သည်။

* * *

အပါယ်လေးဘုံတွင် 'ငရဲဘုံ' သည် ပထမဦးဆုံးဘုံ ဖြစ်ပြီး ငရဲဘုံဆိုသည်မှာ ငရဲဆိုသည်မှာ နိရယိုသည့် ပါဠိမှ စတင်ဆင်းသက်လာသည့် မြန်မာစကား ဖြစ်သည်။ သို့နှယ်ပင် နိရယအား 'နိ+အယ' ဟု ထပ်ခွဲရမည်။

'နိ'၏ အဓိပ္ပာယ်သည် မရှိဟု အဓိပ္ပာယ်ရပြီး 'ဘယ'၏ အဓိပ္ပယ်သည် 'ချမ်းသာခြင်း' ဖြစ်၏။

ထို့ကြောင့် နိနှင့်ဘယအား နှစ်ခုပေါင်းလိုက်လျှင် 'ချမ်းသာမရှိသော နေရာ' ဟု အဓိပ္ပာယ်ရမည် ဖြစ်၏။

ငရဲတွင် ငရဲကြီးရှစ်ထပ် ရှိ၏။ ယင်းတို့ကား-

၁။ သိဉ္ဇိုငရဲ

၂။ ကာဠသုတ်ငရဲ

၃။ သဃ်ာတငရဲ

၄။ ရောရုဝငရဲ

၅။ မဟာရောရုဝငရဲ

၆။ တာပနငရဲ

၇။ မဟာတာပနငရဲ

၈။ အဝီစိငရဲ စသည်တို့ ဖြစ်သည်။

ကျမ်းဂန်တို့အဆိုအရ ငရဲကြီးတစ်ခု၌ ငရဲငယ် (၁၆)ခုစီ ရှိ၏။

သိဥ္စိုငရဲနှင့် ကာဠသုတ်ငရဲက ယူဇနာတစ်သောင်း ငါးထောင် ဝေးသည်။ ကျန်ငရဲတို့ကလည်း တစ်ထပ်နှင့် တစ်ထပ် ယူဇနာ တစ်သောင်းငါးထောင်စီ ဝေးကြသည်။

ငရဲကြီးတစ်ထပ်၌ ငရဲမင်း(ယမမင်းကြီး) တစ်ဦး အုပ်ချုပ်သည်။

ငရဲကြီးတစ်ထပ်၌ အရပ်ဒေသ လေးခု ရှိ၏။ အရှေ့၊ အနောက်၊ တောင်၊ မြောက်အရပ်တို့ဖြစ်ပြီး အရပ်တစ်ခု၌ ငရဲမင်း(ယမမင်း)တစ်ဦး ရှိ၏။ ပေါင်း ငရဲမင်းကြီး (ယမမင်း) ၃၂ ယောက်ရှိသည်ဟု ကျမ်းဂန်တို့က ပြဆိုသည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## (၁) ငရဲဘုံ

ငရဲဟူသော စကားလုံး၏ပုဒ်ရင်းကား နိရယ ဖြစ်၏။ နိရယမှ နိရဲ၊ နိရဲမှ ငရဲဖြစ်လာကြောင်း ဆရာတော် အရှင်ဇနကာဘိဝံသက သင်္ဂြိုဟ်ဘာသာ ဋီကာ၌ ပြဆိုတော်မူ၏။ နိရယ=ငရဲဆိုသည်မှာ ချမ်းသာကင်းရာ၊ ချမ်းသာခြင်း လုံးဝ မရှိရာဟု အဓိပ္ပာယ်ရသည်။

မင်းလက်ရာစာပေ

## ငရဲကြီး (၈)ထပ်

ဗုဒ္ဓပိဋကတ်တော်စာပေ၌ ငရဲကြီး (၈)ထပ်ရှိကြောင်း ပြဆိုချက် ရှိပေသည်။ ငရဲငယ်များလည်း အများအပြားပင် ရှိကြောင်း ဗုဒ္ဓစာပေ ပိဋကတ်တော်၌ ပြဆိုချက်များ ရှိထား ပေသည်။

[ဥပရိပဏ္ဏာသ၊ ပါ-၂၂၃၊ ဋ္ဌ-၁၆၈၊ ဇာတက-ဒုအုပ်၊ နှာ-၆၀ စသည်များ]

ဤနေရာတွင် ငရဲကြီး (၈)ထပ်အကြောင်း စတင် ရေးသားတင်ပြပါမည်။ ငရဲကြီး (၈)ထပ်ကား အောက်ပါ အတိုင်း ဖြစ်၏-

၁။ သဉ္ဇီဝ်းငရဲ (သင်းဇိုးငရဲ)

၂။ ကာဠသုတ်ငရဲ (ကာလသုတ်ငရဲ)

၃။ သံဃာတငရဲ

၄။ ရောရုဝငရဲ

၅။ မဟာရောရုဝငရဲ

၆။ တာပနငရဲ

၇။ မဟာတာပနငရဲ

၈။ အဝီစိငရဲ

အတိုကောက် အခေါ်အဝေါ်အနေဖြင့် ခေါ်ဝေါ်ကြသည့် ငရဲကြီးရှစ်ထပ်၏အမည်များ အခေါ်အဝေါ်များ ဖြစ်ကြ၏။

၁။ သဥ္စိုဝ်းငရဲ (သင်းဇိုးငရဲ)

သဥ္စိုဝ်းငရဲဆိုသည်မှာ အထပ်ထပ် အဖန်ဖန် အသတ်ခံရပြီး အထပ်ထပ်အဖန်ဖန်သေ၊ အထပ်ထပ်အဖန်ဖန် ပြန်ရှင်၊ အထပ်ထပ်အဖန်ဖန် အသတ်ခံရသဖြင့် အသတ်ခံလိုက်၊ ပြန်ရှင်လိုက်၊ ပြန်ရှင်လိုက်၊ အသတ်ခံလိုက်ဖြစ်ကာ ဆင်းရဲခြင်းများစွာ ခံစားနေရသောငရဲဟု ဆိုလိုပေသည်။

ဤသဥ္စိုဝ်းငရဲသည် ငရဲကြီး (၈)ထပ်တွင် အပေါ်ဆုံး အထပ်ငရဲ ဖြစ်သည်။ ဤငရဲသည် လူ့ပြည်နှင့် ယူဇနာ (၁၅၀၀၀) တစ်သောင်းငါးထောင် ကွာ၏။ တစ်ယူဇနာ (၈)မိုင်နှုန်းဖြင့် တွက်ကြည့်ရန်ဖြစ်၏။

မှတ်ချက်။ ။ ရှေးရိုးစဉ်လာ ယူဇနာသဘောအရ တစ်ယူဇနာလျှင် (၈)မိုင်နှုန်းဖြင့် ခန့်မှန်းတွက်ပြထားခြင်း ဖြစ်ပါသည်။

ဤငရဲသားတို့၏သက်တမ်းမှာ အနှစ် (၅၀၀)ဖြစ်၍ လူတို့၏အရေအတွက်အားဖြင့် နှစ်ပေါင်း (၉)သန်း ဖြစ်၏။

တရားနှင့်အညီနေထိုင်သော ရဟန်းသံဃာ၊ သူတော်

သူမြတ်တို့အား စော်ကားပြစ်မှားသူတို့ ဤငရဲသို့ ကျရောက်ရ၏။

## ၂။ ကာဠသုတ်ငရဲ (ကာလသုတ်ငရဲ)

ကာဠသုတ်ငရဲဆိုသည်မှာ မျဉ်းနက်ကြောင်းကြီးချကာ၊ တိုင်းကာ ဓားစသည့်လက်နက်တို့ဖြင့် ခုတ်ရွေ၊ ခုတ်ထစ်ခံနေရသော ငရဲဟု ဆိုပေသည်။

ထိုငရဲ၏သက်တမ်းမှာ (၁၀၀၀) ဖြစ်၍ လူ့အရေအတွက် နှစ်ပေါင်းအားဖြင့် (၃ ကုဋေ၊ ၆ သန်း) ဖြစ်သည်။

ရဟန်းသံဃာ၊ အကျင့်သီလကောင်းရှိသူနှင့် အမိအဖ ပြစ်မှားစော်ကားသူတို့ ဤငရဲ ကျခံရ၏။

## ၃။ သံဃာတငရဲ

သံဃာတငရဲဆိုသည်ကား သံတောင်ကြီးဖြင့် အကြိတ်ခံရသော ငရဲ၊ အလျှံတပြောင်ပြောင် တောက်လောင်နေသော သံတောင်ကြီးဖြင့် အကြိတ်ခံနေရသောငရဲဟု ဆိုပေသည်။

ထိုငရဲ၏သက်တမ်းမှာ အနှစ် (၂၀၀၀) ဖြစ်သည်။ လူတို့၏အရေအတွက်အားဖြင့် နှစ်ပေါင်း (၁၄ ကုဋေ၊ ၄ သန်း) ဖြစ်၏။

သူတစ်ပါးအသက် သတ်လေ့ရှိသူများ၊ ပေးလှူမှု အကျိုး မရှိ၊ သီလဆောက်တည်မှု အကျိုးမရှိ စသည်ဖြင့် မိစ္ဆာဒိဋ္ဌိ (အယူမှား) ဖြစ်နေသူများ ဤငရဲသို့ ကျရောက်ရတတ်၏။

၄။ ရောရုဝငရဲ

ခန္ဓာကိုယ်ဒွါရ = အပေါက်ကြီး/ငယ်တို့၌ မီးတောက် လောင်ခံရသဖြင့် အပူဒဏ်ကြောင့် အမြဲမပြတ် ငိုကြွေးနေရ သော ငရဲဖြစ်သောကြောင့် ရောရုဝ ငရဲဟုခေါ်ခြင်း ဖြစ်သည်။

ဤငရဲ၏ သက်တမ်းမှာ (၄၀၀၀) ဖြစ်၍ လူ့အရေ အတွက် နှစ်ပေါင်းအားဖြင့် (၅၇ ကုဋေ၊ ၆-သန်း) ဖြစ်သည်။

မကောင်းမှုအကုသိုလ်များကို ရက်ရက်ရောရော၊ ရက်ရက် စက်စက် စိတ်ရောကိုယ်ပါ ပြုခဲ့ကြသူများ၊ သက်ရှိသတ္တဝါ (တိရစ္ဆာန်) စသည်များအား အပူထဲထည့်၍ သတ်ဖြတ်သူများ ဤငရဲ ကျရောက်ရတတ်၏။

၅။ မဟာရောရုဝငရဲ

မဟာရောရုဝငရဲဆိုသည်မှာ မီးခိုးမီးအုံ၊ မီးလျှံမီးတောက် တို့ဖြင့် မွန်းကျပ်ပူလောင်ကာ ရောရုဝငရဲထက် ပြင်းထန်စွာ ဆင်းရဲဒုက္ခ ခံစားရသောငရဲကို မဟာရောရုဝငရဲဟု ဆိုခြင်း

ဖြစ်၏။

ထိုငရဲ၏သက်တမ်းကား အနှစ် (၈၀၀၀) ဖြစ်သည်။ လူ့အရေအတွက်အားဖြင့် နှစ်ပေါင်း (၂၃၀ ကုဋေ၊ ၄ သန်း) ဖြစ်သည်။

စဉ်းလဲကောက်ကျစ်စိတ်ထားရှိ၍ အခြားလူတစ်ဖက်သားအပေါ် ယုတ်မာစွာ ပြုမူလေ့ရှိသူများ၊ ရဟန်းသံဃာနှင့် အကျင့်သီလကောင်းရှိသူတို့ကို ပြစ်မှားစော်ကားသူများ ဤငရဲသို့ ကျရောက်ရ၏။

၆။ တာပနငရဲ

အလျှံ တပြောင်ပြောင် တောက်လောင်နေသော သံတံကျင်ဖြင့် ထိုးစိုက်ခံရ၍ ဟစ်အော်နေရသော ငရဲကို တာပန ငရဲဟု ခေါ်၏။

ထိုငရဲ၏ သက်တမ်းကား (၁၆၀၀၀) ဖြစ်၍ လူ့အရေအတွက်အားဖြင့် နှစ်ပေါင်း (၉၂၁ ကုဋေ၊ ၆ သန်း) ဖြစ်သည်။

တိုင်းပြည်ကျေးရွာ ဖျက်ဆီးသူများ၊ အကျင့်ပျက်အိမ်ထောင်ရှင်မများ ဤငရဲ ကျရောက်ရတတ်သည်။

၇။ မဟာတာပနငရဲ

ငရဲသားများသည် သံပူမီးတောင်ကြီးပေါ် တက်ရ၏။ သံပူမီးတောင်ကြီးပေါ်မှ အောက်သို့ ပြန်ကျရ၏။ အောက်သို့ သံချွန်များ၏ စူးဝင်ခြင်းကို ခံရ၏။ ပူလောင်နာကျင်မှုတွေ အမြဲခံစားနေရသော ငရဲကို မဟာတာပနငရဲဟု ခေါ်သည်။

ထိုငရဲ၏သက်တမ်းမှာ အန္တရကပ်တစ်ဝက်ဖြစ်၍ လူတို့ အရေအတွက်အားဖြင့် နှစ်ပေါင်းမှာ မရေမတွက်နိုင်အောင်ပင် ဖြစ်၏။

မတရားမှု = အဂတိလိုက်စားသူများ၊ လင်ယောကျ်ား အား နိုင်လိုမင်းထက်ပြုကျင့်သော မိန်းမယုတ်များ၊ ဇနီးသည် အား မတရားနှိပ်စက်ညှဉ်းပန်းသော လင်ယောကျ်ားများ ဤငရဲ ကျရောက်ရ၏။

၈။ မဟာအဝီစိငရဲ

မီးတောက်မီးလျှံအကြား (ကွက်လပ်)မရှိ၊ ငရဲသူငရဲသား အကြား (ကွက်လပ်)မရှိ၊ ဆင်းရဲဒုက္ခခံရမှုအကြား (ကွက်လပ်) မရှိ ပြည့်ကျပ်လျက် ဒုက္ခခံစားနေရသော ငရဲကို မဟာအဝီစိငရဲ ဟု ခေါ်သည်။

ထိုမဟာအဝီစိငရဲ၏သက်ကမ်းမှာ အန္တရကပ်တစ်ကပ်

ဖြစ်၏။

အမိသတ်သူ၊ အဖသတ်သူ၊ ရဟန္တာသတ်သူ၊ ဗုဒ္ဓဘုရားရှင်အား သွေးစိမ်းတည်အောင်ပြုသူ၊ ညီညွတ်နေသော သံဃာအား အသင်းခွဲသူဟူသော ကံကြီးငါးပါးထိုက်သူများ ဤငရဲ ကျရောက်ရ၏။

ဖော်ပြပါ ငရဲကြီး (၈)ထပ်တွင် အထပ်တိုင်းအထပ်တိုင်း၌ တင်ပုပ်ငရဲ၊ ပြာပူငရဲ၊ လက်ပံတောငရဲ၊ သန်လျက်ရွက်တောငရဲ၊ ကြိမ်ပိုက်ချောင်း (ကြိမ်ပိုက်မြစ်) ငရဲများ ဝိုင်းရံလျက်ရှိ၏။ ၎င်းငရဲကြီးရှစ်ထပ်တို့သည် တစ်ထပ်နှင့်တစ်ထပ် ယူဇနာ ၁၅၀၀၀ (တစ်သောင်းငါးထောင်)စီ ကွာခြားလျက် တည်ရှိကြ၏။

## ငရဲကြီး (၈)ထပ် တည်နေပုံ

တစ်ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိသော မြေကြီးထဲ၌ အောက်ပိုင်း ယူဇနာ တစ်သိန်းနှစ်သောင်းက ကျောက်မြေဖြစ်၍ အထက်ပိုင်း ယူဇနာ တစ်သိန်းနှစ်သောင်းက ပကတိမြေ ဖြစ်သည်။ ငရဲကြီး (၈)ထပ်သည် အထက် ပကတိမြေသားထဲ၌ တည်ရှိခြင်းဖြစ်၏။

## အခြံအရံ ငရဲငယ်များ

ငရဲငယ်များကို ပါဠိလို ဥဿဒ (အုတ်သဒ) ငရဲငယ်များဟု ခေါ်ကြ၏။ ဥဿဒပါဠိသည် မြန်မာလို အများဟု ဖြစ်၏။ အထက်၌ ပြဆိုခဲ့သည့် ငရဲကြီး (၈)ထပ်တို့၏ အခြံအရံ ငရဲငယ်များဖြစ်ကြသော ဘင်ပုပ်ငရဲ၊ ပြာပူငရဲ၊ လက်ပံတော ငရဲ၊ သန်လျက်ရွက်တောငရဲ၊ ကြိမ်ပိုက်ချောင်း (ကြိမ်ပိုက်မြစ်) ငရဲတို့၏အနေအထား အနှစ်ချုပ်ကို ဖော်ပြအပ်ပါသည်။

### ဘင်ပုပ်ငရဲ

ဆင်လောက်၊ လှေလောက်ကြီးသော ပိုးလောက်တို့ တည်ရှိရာ မစင်ပုပ်တွင်း၊ အပုပ်နံ့တွေ လွှမ်းမိုးလျက်ရှိသော မစင်ဘင်ပုပ်တွင်း၌ ကျရောက်ကာ ဒုက္ခခံစားရသောငရဲ ဖြစ်သည်။

### ပြာပူငရဲ

အောက်က မီးကျီးခဲခံလျက် ပြာပူတို့ဖြင့် ဖုံးလွှမ်းလျက် ရှိသောငရဲ ဖြစ်၏။ ပြာပူအတွင်း၌ ပြာသာဒ်အထွတ်လောက် ရှိသော မီးကျီးခဲကြီးများရှိသည်ဟု ဆို၏။

**လက်ပံတောငရဲ**

၁၆ လက်မခန့်ရှည်သော လက်ပံဆူးများဖြင့် ပြည့်နှက်လျက်ရှိသည့် လက်ပံတောငရဲသို့ ကျရောက်ရသူသည် ထိုလက်ပံဆူးများပေါ်သို့ ကျရောက်ရခြင်း ဒုက္ခဖြင့် နှိပ်စက်ခံရ၏။

**သန်လျက်ရွက်တောငရဲ**

ဓားသန်လျက်ကဲ့သို့သော အရွက်များ ပြည့်နှက်လျက်ရှိသောငရဲ ဖြစ်သည်။ ထိုငရဲကျရောက်ရသူသည် ထိုဓားသန်လျက်သစ်ရွက်များ အရှခံ၊ အထိုးခံရကာ ဆင်းရဲကြီးစွာခံစားရ၏။

**ကြိမ်ပိုက်ချောင်း (ကြိမ်ပိုက်မြစ်)ငရဲ**

ဤငရဲမြစ်ချောင်း၌ ဆူးရှိသောကြိမ်များ ပြည့်နှက်လျက် ရှိ၏။ ဤငရဲ၌ ကျရောက်ရသူသည် ထိုမြစ်ချောင်းငယ်၌ မျောပါစုန်ဆန်ရင်း ကြိမ်ဆူးတွေ ထိုးရှခြင်း ခံရ၏။

[ဆရာတော် အရှင်ဇနကာဘိဝံသ၏
သင်္ဂြိုဟ်ဘာသာဋီကာ၊ ဝီထိမုတ်ပိုင်း ကို မှီးသည်။]

## ငရဲသက်

ငရဲသက်ကား အလွန်ရှည်၏။ နတ်တို့၏ အသက်တမ်းထက်ပင် များစွာ ရှည်၏။ ဤနေရာတွင် ဆရာတော် အရှင်ဇနကာဘိဝံသ၏ သင်္ဂြိုဟ်ဘာသာ ဋီကာ၌ ပြဆိုထားသည့် ငရဲသက်အကြောင်းကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ငရဲသက်။** ။ ဤနတ်သက်နှင့်နှိုင်းယှဉ်၍ ငရဲဘုံသက်ကိုလည်း ဇိနာလင်္ကာရဋီကာ၌ ပြထားသေး၏။ စတုမဟာရာဇ် နတ်သက်အားလုံးသည် သဉ္ဇိုဝ်းငရဲ၌ တစ်နေ့နှင့်တစ်ညဥ့်တည်း။ ထိုနေ့ညဥ့်အတိုင်း လနှစ်ဖွဲ့၍ အနှစ်ငါးရာသည် သဉ္ဇိုဝ်းငရဲသက်တည်း။ ထိုငရဲ၌ ကျသူတို့ ယံခုထက် မလွန်နိုင်။ ထိုအတွင်း၌ကား ကံအားလျော်စွာ လွတ်ခွင့်ရကြ၏။ တာဝတိံသာ နတ်သက်အားလုံးသည် ကာဠသုတ်၌ တစ်နေ့တစ်ညဥ့်တည်း။ ထိုနေ့ညဥ့်ဖြင့် နှစ်ပေါင်း တစ်ထောင်သည် ကာလသုတ်ငရဲသက်တည်း။ ယာမာနတ်သက် အားလုံးသည်

သံဃာတဉ္စ တစ်နေ့ တစ်ညဥ့်တည်း။
ထိုနေ့ညဉ့်ဖြင့် အနှစ် နှစ်ထောင်သည်
သံဃာတငရဲသက်တည်း။ တုသိတာ
နတ်သက်အားလုံးသည် ဇာလရောရုဝဉ္စ
တစ်နေ့တစ်ညဉ့်တည်း။ ထိုနေ့ညဉ့်
အနှစ်လေးထောင်သည် ဇာလရောရုဝ
ငရဲသက်တည်း။ ထို့အတူ နိမ္မာန ရတိနှင့်
ရုမရောရုဝ၊ ပရနိမ္မိတဝသဝတ္တိနှင့်
တာပနငရဲသက်ကို နှိုင်းစက်ပါ။ အန္တရ
ကပ်ကို နှစ်ပိုင်းခွဲ၍ တစ်ပိုင်းသည်
မဟာတာပနငရဲသက်တည်း။ အန္တရ
ကပ်တစ်ကပ်သည် အဝီစိငရဲသက်
တည်း။

[ဆရာတော်အရှင်ဇနကာဘိဝံသ၊
သင်္ဂြိုဟ်ဘာသာဋီကာ-စာ-၃၁၄၊ ၃၁၅။]

ငရဲတို့၏သက်တမ်း အလွန်ရှည်ကြာသည်ဟု ဆိုသော်လည်း သက်တမ်းကာလမပြည့်ခင် ကျွတ်ခွင့်လွတ်ခွင့်ရှိက ကျွတ်နိုင်လွတ်နိုင်ပေ၏။ ဖော်ပြပါ ကောက်နုတ်ချက်စာသား၌

ဓာလရောဂါ၊ ဓူမရောဂါဟူသော စကားအသုံးအနှုန်းနှစ်ရပ် တွေ့နိုင်၏။ ဓာလရောဂါသည် ရောဂါဖြစ်၍ ဓူမရောဂါသည် မဟာရောဂါပင် ဖြစ်၏။ ထို့ကြောင့် ရောဂါအစား ဓာလရော ဂါဟု အသုံးရှိသလို မဟာရောဂါအစား ဓူမရောဂါဟုလည်း အသုံးရှိကြောင်း မှတ်သားရန်ပင် ဖြစ်၏။

## ယမမင်းအကြောင်း သိဖို့ကောင်း

ယမမင်းအကြောင်း မဖြစ်မနေ သိထားဖို့ ကောင်း၏။ သိထားရုံမျှသာ မဟုတ်။ လက်တွေ့ပြုလုပ်သင့်သည်တို့ကို လက်တွေ့ပြုလုပ်ဖို့ လိုအပ်၏။ ယမမင်းကား ငရဲရောက်လာသူ များအား လွှတ်သင့်ကလွှတ်ရန် စစ်ဆေးမေးမြန်းသူ အကျိုး ဆောင်တစ်ဦးဟု ဆိုနိုင်ပါ၏။ ယမမင်းအား ကြမ်းတမ်း ရမ်းကားသူတစ်မျိုးအဖြစ် မမြင်သင့်ချေ။

ယမမင်းကား ငရဲရောက်လာသူများအတွက် အားထား လွန်းကာ များစွာ အထင်ကြီးသင့်သည့် ပုဂ္ဂိုလ်မျိုးလည်း မဟုတ်ပါပေ။ ငရဲရောက်လာရသူ၏ အကြောင်းတရားသည် သာ ပဓာန ဖြစ်ပါသည်။

အကုသိုလ်တစ်ရပ်ရပ်ကြောင့် ရုတ်တရက် ငရဲရောက် လာရသည့်အတိုင် တစ်ဖက်ကလည်း ကုသိုလ်ကံအကြောင်း

များကလည်းရှိ၊ ကျွတ်ခွင့်လွတ်ခွင့်ကလည်း ရှိသူအဖို့ဆိုလျှင် ယမမင်းဆိုသူက အကူအညီပေးနိုင်ပါမည်။ အကုသိုလ်ကံ ကြီးကြီးမားမားဖြင့် ရောက်လာခဲ့သော ငရဲသားများကိုကား ယမမင်းလည်း ကျွတ်အောင်လွတ်အောင် အကူအညီပေးနိုင်မည် မဟုတ်ပေ။ ထိုငရဲသားမျိုးကို ကျွတ်ခွင့်လွတ်ခွင့် စစ်မေးစရာ ပင် မလိုတော့ပေ။ ထိုသို့ အကုသိုလ်ကြီးမားခဲ့သူ ငရဲသားများ ကား ငရဲသို့ တိုက်ရိုက်ပင် ရောက်သွားကြရတော့သည်။

## ယမမင်းအား အမျှဝေရန် အရေးကြီး

ကွယ်လွန်ခါနီး၌ အ-ယောနိသောမနသိကာရ = မသင့် မတင့် နှလုံးသွင်းမှု စသည်များကို အကြောင်းခံကာ (ကောင်းရာဘုံဘဝ ရောက်နိုင်သည့်ကုသိုလ် များရှိသည့်တိုင်) ငရဲဘုံသို့လည်း မဈေ့ာ်လင့်ဘဲ ရုတ်တရက် ရောက်သွားနိုင် သည်။ ရုတ်တရက် ရောက်သွားရသောကြောင့် မိမိပြုခဲ့သော ကုသိုလ်ကောင်းမှုများကိုလည်း ရုတ်ခြည်း သတိမရနိုင်ပေ။ ထိုအချိန်အခါမျိုး၌ ယမမင်း၏အကူအညီ လိုအပ်၏။

"သင်သည် လူ့ဘဝတုန်းက ဘာကုသိုလ်မှ မပြုခဲ့ဘူး လား။ မိမိပြုခဲ့သော ကုသိုလ်ကောင်းမှုကို ပြန်လည်အောက်မေ့ ပါ" စသော စကားမျိုးများ ယမမင်းက ပြောမည်။ မေးစရာ

ရှိသည့်များလည်း မေးမည်။ မိမိပြုခဲ့သော ကုသိုလ်ကောင်းမှုကို အမှတ်ရခြင်းနှင့်အတူ ကျွတ်လွတ်ခွင့်ရနိုင်၏။ လူ့ဘဝရှိစဉ် တုန်းက ကုသိုလ်ကောင်းမှုပြုကာ ယမမင်းအား အမျှအတမ်း ပေးဝေခဲ့ပါမူ ထိုယမမင်းကပင် ငရဲသား၏ ကုသိုလ်ပြုပုံကို အစဖော်ပေးနိုင်၏။ ယမမင်းက ငရဲသား၏ သက်သေအရာဌ် တည်သွားခြင်းပင် ဖြစ်တော့၏။ ထိုကုသိုလ်ကို အောက်မေ့ကာ ငရဲမှ ကျွတ်နိုင်လွတ်နိုင်၏။ ကောင်းရာဘဝ ရောက်သွားနိုင်၏။

ဤနေရာတွင် ယမမင်းသည် ငရဲချသူမဟုတ်ကြောင်း၊ မိမိ၏ အကုသိုလ်ကသာ ငရဲသို့ ကျစေနိုင်ကြောင်း သိမှတ်သင့်၏။ ငရဲနှင့်လွဲကာ ကောင်းရာသုဂတိ ရောက်စေဖို့လည်း ယမမင်းက စီမံပေးသည်မဟုတ်။ ယမမင်းက မိမိပြုခဲ့သော ကုသိုလ်ကို အောက်မေ့နိုင်ရန် သတိပေးခြင်း၊ အသိပေးနိုးဆော်ခြင်းမျှသာ ဖြစ်သည်။ ကုသိုလ်ကို သတိရ၍ အောက်မေ့နိုင်ခြင်း ကြောင့်သာ ငရဲနှင့်လွဲကာ နတ်ရွာသုဂတိ ကောင်းရာမွန်ရာဘဝ ရောက်ရခြင်းဖြစ်သည်။

အနှစ်ချုပ်၍ဆိုရသော် မိမိကုသိုလ်ကောင်းမှုပြုလျှင် ယမမင်းအား အမျှဝေရန် မမေ့သင့်ပေ။ ယမမင်းအား အမျှပေး ဝေထားခြင်းသည် ယမမင်းအား မိမိ၏ကောင်းမှုအတွက် သက်သေအရာထားခြင်းနှင့်တူ၏။

**မင်းလက်ရာစာပေ**

ယမမင်းဆိုသည်မှာ ဝေမာနိကပြိတ္တာမင်းတစ်မျိုးကို ခေါ်ခြင်းဖြစ်သည်။ စတုမဟာရာဇ်နတ်မျိုး၌ ပါဝင်သူပင် ဖြစ်သည်။ .

ငရဲထိန်းဆိုသူများလည်း ရှိသေး၏။ ထိုငရဲထိန်းဆိုသူ များမှာလည်း စတုမဟာရာဇ်အနွယ်ဝင် ဘီလူးဆိုး၊ ယက္ခိုဉ် ဆိုး စသူများ ဖြစ်ကြ၏။

အပြစ်အကုသိုလ်နည်းသော်လည်း အကြောင်းအားလျော် စွာ ငရဲသို့ ရောက်လာခဲ့ရသူများအား လွှတ်လိုလွှတ်ငြား ငရဲ ထိန်းများ အလျင်စစ်မေးကြရသည်။ လွှတ်သင့်သော အနေ အထားဖြစ်ပါက ထိုသူအား ယမမင်းထံ ပို့လွှတ်ပေးရသည်။ အပြစ်အကုသိုလ် ကြီးမား၍ ငရဲကျရမည့် အနေအထားမျိုး ဆိုပါက ယမမင်းထံပို့ရန် မလိုတော့ပေ။ ငရဲသားအဖြစ် ခံယူကာ ငရဲဒုက္ခကို ခံစားရတော့မည်သာ ဖြစ်၏။

ငရဲသားများ၌ ငရဲမီး၏ အပူအလောင်ခံရငြားလည်း အပူဒဏ်ခံရငြားလည်း ငရဲထိန်းတို့၌ မပူလောင်ပေ။ ကံကြောင့် ယင်းသို့ဖြစ်ရကြောင်း စာပေအဆို ရှိ၏။

[ဆရာတော် အရှင်ဇနကာဘိဝံသ၏ သင်္ဂြိုဟ်ဘာသာ ဋီကာ၊ ဝီထိမုတ်ပိုင်း ကို မှီး၍ ရေးပါသည်။]

မင်းလက်ရာစာပေ

'ငရဲကျပြီးမှ ကောင်းမှုသတိရ၍ နတ်ပြည်ရောက်ပုံ'အကြောင်း ကျမ်းစာပေ၌ ပြဆိုချက် ရှိပေသည်။ ငရဲကျရသည့်တိုင် ကုသိုလ်ကောင်းမှု လုံးဝ မရှိခြင်းထက် ကုသိုလ်ကောင်းမှုရှိထားသူက အခွင့်အလမ်းကောင်း ရရှိနိုင်၏။ ယမမင်းကို ကုသိုလ်အမျှအတမ်း ပေးဝေသူအနေဖြင့်လည်း ကောင်းသောအခွင့်အလမ်း ရရှိစေနိုင်၏။ ဤနေရာ၌ အထူးမှတ်သားနိုင်ဖို့ လုံးတော်ဆရာတော်၏ ပုစ္ဆာပကိဏ္ဏကကျမ်းလာ ရေးသားချက်ကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

## ငရဲကျပြီးမှ ကောင်းမှုသတိရ၍ နတ်ပြည်ရောက်ပုံ

မေး ။ ။ အကြင်သူသည် တစ်ရံတစ်ခါသော မကောင်းမှုကို အောက်မေ့မိ၍ ငရဲပြည်၌ ဖြစ်လေ၏။ ထိုငရဲပြည်၌ ကုသိုလ်ကောင်းမှုကို အောက်မေ့နိုင်ပြန်၍ တစ်ဖန် နတ်ပြည်၌ ဖြစ်လေ၏။ အဘယ်သူသည် ဖြစ်လေဖူးသနည်း။

ဖြေ ။ ။ ဒီဃပန္န အမည်ရှိသော ကျည်းကုလားသည် စုတေလေသောအခါ ဥဿဒရက်

ငရဲ၏အနီး၌ ဖြစ်လေ၏။ ထိုအခါ ငရဲမီးလျှံ၏အသံကို ကြား၍ ကြည့်သည်ရှိသော် ငရဲမီးလျှံကို မြင်၍ မိမိရှေး၌ ပြုခဲ့ဖူးသော အာကာသစေတီတော်၌ မိမိလှူခဲ့ဖူးသော တံခွန်ကို အောက်မေ့မိသော ခဏ၌ ထိုအရပ်မှ စုတေ၍ နတ်ပြည်၌ ဖြစ်လေဖူး၏။ ဤသည်လျှင် ကုသိုလ်ကောင်းမှုကို အောက်မေ့မိပြန်၍ နတ်ပြည်၌ ဖြစ်လေသတည်း။

တို့မှတစ်ပါးလည်း ဒါယကာတစ်ဦးသည် မိမိသားဖြစ်သော ပဉ္စင်းအား အစာမချေသော ပုဆိုးကို လှူခဲ့ဖူး၏။ ထိုဒါယကာသည် အယူမှား၍ ဥဿဒရက်ငရဲ၏အနီး ဖြစ်လေ၏။ ထိုအခါ ငရဲမီးလျှံကိုမြင်သော် မိမိအားသာ ပုဆိုး လှူခဲ့ဖူးသော ကောင်းမှုကို အောက်မေ့မိ၏။ ထိုအခါ ထိုအရပ်မှ စုတေ၍ နတ်ပြည်၌ ဖြစ်ပြန်လေ၏။

ရှေးသောအခါ တစ်ဦးသော အမတ်

သည်လည်း အယူမှား၍ ငရဲ၌ ဖြစ်လေ၏။ ငရဲထိန်းတို့ ဆောင်ယူ၍ ယမမင်းအား ပြပေကုန်၏။ ထိုအခါ ယမမင်းလည်း ဒေဝဒူတ တမန်ငါးပါးကို မေး၏။ ထို အမတ်လည်း မအောက်မေ့မိဟု ဆို၏။

ထိုအခါ ယမမင်းလည်း ဤသို့ ဆို၏။ "သင်သည် မဟာစေတီကို ပူဇော် သောအခါ ငါ့ကိုလည်း အလှူအဖို့ကို ဝေပေ၏" ဟူ၍ သက်သေခံသဖြင့် ပြုခဲ့ဖူး သော ကောင်းမှုကို အောက်မေ့စေ၏။ ထိုအမတ်လည်း သတိရ၍ ကောင်းမှုကို အဖန်တလဲလဲ အောက်မေ့လေ၏။ ထိုအရပ် မှ စုတေသဖြင့် နတ်ပြည်၌ ဖြစ်လေ၏။

ထို့ကြောင့် ကောင်းမှုကုသိုလ်ပြု သောသူတို့သည် ယမမင်းကို တိုင်ကြား သက်သေပြု၍ ပေးကုန်ရာသည်။ ဤသို့ လည်း အထူးမှတ်။

ဤအမေးအဖြေ ဖော်ပြချက်စာသားများမှာ ပုဏ္ဏောဝ. ကိဏ္ဍကကျမ်းလာ အမေးနှင့်အဖြေ စာသားများ၊ ကောက်နုတ်

မင်းလက်ရာစာပေ

ချက် ဖြစ်ပါသည်။ အမေးကို လုံးတော်ဆရာတော်က ဖြေကြားထားခြင်း ဖြစ်ပါသည်။

## နေမိဇာတ်လာ ဥဿဒရက်(အုတ်သဒရက်) ငရဲငယ်များ

နေမိဇာတ်တော်တွင် နေမိမင်းကြီးအား ဝေဇယန္တာ ရထားမှူးဖြစ်သော မာတလိနတ်သားက ငရဲပြည်သို့ ပို့ဆောင် ခန်း ပါဝင်ပေသည်။ နေမိမင်းကြီးအား မာတလိနတ်သား လိုက်ပြသော ငရဲမှာ သဉ္ဇိုဝ်းငရဲကြီး၏ အရံဖြစ်သော ဥဿဒ ငရဲခန်းများပင် ဖြစ်၏။

မာတလိနတ်သား လိုက်ပြ၍ နေမိမင်းကြီး တွေ့ကြုံ မြင်သိခဲ့ရသော ဥဿဒငရဲငယ်တို့၏အခြေအနေကို ဤ၌ ဖော်ပြလိုက်ပါသည်။

## ကြိမ်ပိုက်ချောင်း (ကြိမ်ပိုက်မြစ်)ငရဲ

ထိုကြိမ်ပိုက်ချောင်း (ကြိမ်ပိုက်မြစ်) ငရဲမှ ရေတို့သည် ပူလောင်စပ်ခါး၏။ ပူသောအရာ၌ သံရေပူကဲ့သို့ ပူလောင်ခြင်း ဖြစ်၏။ ရေပြင်ပေါ်၌ သံကြာရွက်များဖြစ်ပေါ်လျက် ရှိ၏။ သံကြာရွက်တို့အထက်၌ သင်တုန်းသွားများ စီစိုက်ထား၏။

ရေပေါ်၌ ထက်လှစွာသော အသွားရှိသော သံဆူးကြိုးကို့ အလျှံ တပြောင်ပြောင်နှင့်အတူ ဖြစ်ပေါ်နေကြ၏။

မြစ်ချောင်းဘေး ပတ်ဝန်းကျင်၌ ငရဲထိန်းတို့က လက်နက်များ ကိုင်ဆောင်ကာ အဆင်သင့် နေရာယူထား ကြ၏။ ငရဲထိန်းတို့သည် ထိုငရဲ ရောက်လာကြသူများအား လက်နက်တို့ဖြင့် ရိုက်နှက် ထိုးခုတ် ညှဉ်းပန်း နှိပ်စက်ကြ၏။ ငရဲထိန်းတို့၏ ရိုက်ပုတ်နှိပ်စက်ညှဉ်းဆဲမှု မခံနိုင်သောအခါ ငရဲသားများသည် ကြိမ်ပိုက်ချောင်း (ကြိမ်ပိုက်မြစ်) အတွင်း ခုန်ချကြပြန်၏။ ထိုအခါ ချောင်းတွင်း၊ မြစ်တွင်းရှိ လက်နက် တန်ဆာများက ထိုငရဲသားများအား နှိပ်စက်ကြပြန်၏။ သံရေပူ ၏ဒဏ်ကိုလည်း ခံစားကြရ၏။ အချို့သော ငရဲသားများမှာ ပါးစပ်ထဲ သံမြားချိတ်ဖြင့် အချိတ်ခံရ၏။ အချို့သော ငရဲသား များမှာ ပက်လက်အိပ်စေကာ ပါးစပ်ကို ဟ,စေလျက် ရဲရဲ တောက်နေသော သံတွေခဲများ ခံတွင်းထဲ ထိုးသွင်းခံကြရ ပေသည်။

လူ့ဘဝ၌ ရှိစဉ်ကာလတုန်းက အမြဲတစေ ဆိုးသွမ်းလေ့ ရှိသူများ ဤငရဲ ရောက်ရ၏။ ဗလအားကိုး၊ လက်ရုံးအားကိုး ကာ မိမိထက် အားနည်းသူများအား အနိုင်အထက် နှိပ်စက် ညှဉ်းပန်းမှု ပြုလုပ်သူများ၊ သူတစ်ပါးဥစ္စာပစ္စည်းများ

လုယူဖျက်ဆီးတတ်သူများ၊ မိမိပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝမှုကို အခြေခံလျက် ဆင်းရဲနွမ်းပါးသူများအား အနိုင်ကျင့် နှိပ်စက် ညှဉ်းပန်းမှုပြုသူများ၊ ဘုန်းကံ အသိဉာဏ်ပညာ၊ အာဏာ စသည်တို့ကို အခြေခံကာ ဘုန်းကံနည်း၊ အသိဉာဏ်ပညာ အားနည်း၊ အရှိန်အဝါ သြဇာအာဏာ နည်းပါးသူတို့ကို နှိပ်စက် ညှဉ်းပန်းသူများသည် ဤကြိမ်ပိုက်ချောင်းငရဲ (ကြိမ်မြစ်ငရဲ) သို့ ရောက်ရပေသည်။

**သုနခငရဲ (ခွေးငရဲ)**

ထိုသုနခငရဲ၌ ငရဲခွေးကြီးတို့ ရှိကြ၏။ ငရဲခွေးတို့သည် ဆင်လောက်ပင် ကြီးကြ၏။ ထိုခွေးကြီးများ၏ အရောင် အဆင်းတို့မှာ နီနီရဲရဲ မီးတောက်မီးလျှံ အဆင်း၊ အနီ၊ အရွှေ၊ အညို၊ အမည်း၊ အကြောင်အကျားအဆင်းများ ရှိကြ၏။

ထိုငရဲ၌ ကျီး၊ လင်းတတို့လည်း ရှိကြ၏။ ထိုကျီး၊ လင်းတတို့၏ ကိုယ်ခန္ဓာပမာဏမှာ လှည်းဘီးကြီးလောက် ရှိ၏။ သူတို့၏ သွား၊ နှုတ်သီးတို့ကား သံဖြင့် တည်ရှိကြ၏။ သံသွား၊ သံနှုတ်သီးများပင် ဖြစ်ကြ၏။

ထိုငရဲ ကျရောက်ရသူတို့၏ ခန္ဓာကိုယ်အတိုင်းအတာ ပမာဏကလည်း အကြီးကြီးပင် ဖြစ်ရ၏။ သုံးဂါဝုတ်ပမာဏ

ရှိသည်ဟု ကျမ်းစာပေအဆိုရှိ၏။

ငရဲခွေးတို့သည် ငရဲသူငရဲသားများအား ယုန်၊ သမင်လို အမှတ်ထားလျက် ခဲကြ၊ စားကြကုန်၏။ ငရဲကျီး၊ ငရဲလင်းတကြီးများကလည်း ထက်လှစွာသော သံနှုတ်သီးချွန်ကြီးများဖြင့် ထိုးဆိတ်ထိုးဖောက်ကာ စားသောက်ပစ်ကြ၏။ ငရဲသားများ အလွန်နာကျင်စွာ ခံစားကြရ၏။

လူ့ဘဝ၌ ရှိစဉ်ကာလတုန်းက စဉ်းလဲကောက်ကျစ်စိတ်ထားရှိသူများ၊ ဆဲဆိုနှုတ်ကြမ်း လူသရမ်းများသည် ရဟန်းအစရှိသော သူတော်ကောင်းများအား ဆဲရေးခြင်း၊ ရိုင်းရိုင်းစိုင်းစိုင်း ပြုမူဆက်ဆံခြင်း၊ ပြစ်တင်ရှုတ်ချ ကဲ့ရဲ့ခြင်း၊ မိမိ၏ ပစ္စည်းဥစ္စာများကို မလှူရက်၊ မတန်းရက် ဝန်တိုလေ့ရှိခြင်း၊ သူတစ်ပါး လှူဒါန်းသည်ကိုလည်း မနှစ်သက်ခြင်း၊ သူတစ်ပါး လှူသည်ကို တားမြစ်လေ့ရှိခြင်း စသည့် မကောင်းမှုတို့ ပြုလုပ်ခဲ့ကြ၏။ ထိုသို့ ပြုလုပ်ခဲ့သူများ ဤသုနခ ငရဲသို့ ကျရောက်ရ၏။

**သဓောတိငရဲ [တစ်ကိုယ်လုံး အပူတွေ တောက်လောင်သောငရဲ]**

ကိုးယူဇနာခန့် အလျှံတပြောင်ပြောင် တောက်လောင်နေသော သံမြေပြင်၌ တရဲရဲ တောက်လောင်လျက်ရှိသော

ကိုယ်ဖြင့် နင်းသွားခြင်းကို ခံရပေ၏။ ထိုငရဲသားတို့ကို ငရဲထိန်းတို့က ထန်းပင်လုံးလောက်ရှိသော လှံတံကြီးများဖြင့် လိုက်လံထိုးနှက်ကြကုန်၏။ သံမြေပြင်၌ လဲကျ၊ လှံတံဖြင့် ရိုက်နှက်၊ မှုန့်မှုန့်ညက်ညက်ကြေသည်အထိ ပြုလုပ်ကြ၏။ ဤသို့ပြုသည့်တိုင် ထိုငရဲသားတို့မှာ သေသည်မရှိ၊ ထပ်၍ ပြန်ရှင်ကာ ထပ်၍ ညှဉ်းပန်းနှိပ်စက်မှု ခံရပြန်၏။

လူ့ပြည်၌ ရှိစဉ်အခါက အကျင့်သီလကောင်းနှင့် ပြည့်စုံကြသူများ၊ သီလဆောက်တည်ကျင့်သုံးသူများ၊ ဒါနပြုကာ ကုသိုလ်တရား၌ ပျော်မွေ့နေထိုင်ကြသူများအား မနာလို၊ မရှုဆိတ်ဖြစ်သူများသည်လည်းကောင်း၊ ထိုထိုအကျင့်ကောင်း၊ သီလကောင်းရှိသူများအား ကိုယ်စိတ်နှစ်ဖြာ မချမ်းသာအောင် ပြုလုပ်သူများသည်လည်းကောင်း ဤသဓောတငရဲသို့ ကျရောက်ရလေ့ ရှိပေသည်။

**အင်္ဂါရကာသုငရဲ = (အင်ဂါရကာသုငရဲ) [မီးကျီးတွင်းငရဲ]**

အလျှံတပြောင်ပြောင် တောက်လောင်နေသော သန်လျက်၊ လှံ အစရှိသော လက်နက်များဖြင့် ငရဲထိန်းတို့သည် ငရဲသူငရဲသားတို့အား ထိုးခုတ်ရိုက်နှက်ခြင်းပြုကြကာ မီးကျီးတွင်းသို့ ဆင်းစေ၏။ ငရဲသူငရဲသားတို့သည် မီးကျီးများ ခါးနစ်

သည်အထိ တည်ရှိနေသော မီးကျီးတွင်းသို့ ဆင်းကြရ၏။ မီးကျီးတွင်း၌ရောက်နေသော ငရဲသူ၊ ငရဲသားတို့၏ ခေါင်းပေါ်ကိုလည်း မီးကျီးခဲများ လောင်းချကြ၏။ အချို့ ကံအလွန်ဆိုးလှသည့် ငရဲသူငရဲသားများမှာ မိမိတို့ဦးခေါင်းများကို မိမိတို့အလိုအလျောက်ဖြင့် မီးကျီးပုံထဲ ထိုးထည့် ထိုးသွင်း ပွတ်မွှေပေးနေကြရ၏။ ထိုထိုဆင်းရဲကြီးများ ခံစားကာ ငရဲသူငရဲသားတို့သည် အော်ဟစ်ငိုကြွေးနေရလေ၏။

လူ့ပြည်၌ရှိစဉ်အခါက ပြောသည့်အတိုင်းမလုပ်ဘဲ ရင်တွင်းကောက်ကျစ်ကာ ကလိန်ကကျစ်ကျသူများ၊ အလှူငွေများ ကောက်ခံလျက် အလှူအတွက် အပြည့်အဝမသုံးဘဲ ကိုယ်ကျိုးအတွက် အသုံးချတတ်သူများ ဤငရဲ ကျရောက်ရတတ်၏။

**လောဟကုမ္ဘီငရဲ = (လောဟကုမ်ဘီငရဲ)**
**[သံအိုးကင်း၊ ကြေးအိုးကင်းငရဲ]**

ထိုလောဟကုမ္ဘီငရဲဆိုသည်ကား တောင်လောက်ကြီးရှိသည့် သံ၊ ကြေးအိုးကင်းကြီးထဲတွင် သံရည်ပူတွေ အပြည့်အလျှံ တည်ရှိကာ ကမ္ဘာပတ်လုံး တည်နေတော့၏။ ငရဲသူငရဲသားတို့အား ငရဲထိန်းတို့သည် ခြေကို ဆွဲကိုင်လျက် ခေါင်း

ကို အောက်မှာ ဓောက်ထိုးထားလျက် သံရည်အိုးထဲ ထည့်ကြ သည်။ သံရည်အိုးထဲတွင် ပေါ်လိုက်မြုပ်လိုက် ခံနေရ၏။ အချိန်ကြာမြင့်စွာ ခံစားနေရခြင်း ဖြစ်၏။

အကျင့်သီလကောင်းရှိသည့် သူတော်ကောင်းပုဂ္ဂိုလ်များ အား ဆဲရေး ပုတ်ခတ် ညှဉ်းဆဲ နှိပ်စက်သူ၊ ချုပ်ချယ် စောင်းမြောင်း မကောင်းသော အမျက်ဒေါသစိတ်ဖြင့် နှိပ်စက် သူတို့သည် ဤငရဲသို့ ကျရောက်ရ၏။

**ဒုတိယလောဟကုမ္ဘီငရဲ**

ငရဲထိန်းတို့သည် ငရဲသူငရဲသား သတ္တဝါတို့ကို လည်ပင်း၌ ရစ်စည်း တုပ်နှောင်ကာ သံအိုးကင်းထဲရှိ သံရည်ပူထဲသို့ ပစ်ချကြကုန်၏။

အချို့သော ငရဲသူငရဲသားတို့ကိုကား တစ်ယောက်၏ လည်ပင်းနှင့် အခြားတစ်ယောက်၏လည်ပင်း၊ လည်ပင်းနှစ်ခု ယှဉ်တွဲကာ၊ ပူးတွဲကာ သံကြိုးဖြင့် ချည်နှောင်ရိုက်ပုတ်ကြလျက် သံရည်ပူအိုးထဲသို့ ပစ်ချလိုက်ကြတော့၏။ ဤသို့ ပြစ်ချခံရ ပြီးနောက် ပြီးသွားသည်မဟုတ်။ ဖြစ်ပြန်ပျက်ပြန်၊ ဖြစ်လိုက် ပျက်လိုက်ဖြင့် တပြောင်းပြန်ပြန် ခံနေကြရ၏။

လူ့ဘဝ လူဖြစ်စဉ်အခါက ကြက်၊ ငှက် စသည့်

တိရစ္ဆာန်တို့ကို လည်၌ ကြိုးများ စည်းနှောင်ကာ သတ်ခဲ့ခြင်း၊ လည်ပင်းကို လိမ်ချိုး၍ သတ်ခဲ့ခြင်း၊ ယင်းသို့သောနည်းဖြင့် သတ်ကာ ကိုယ်တိုင် စားသုံးခြင်း၊ ရောင်းချခြင်း ပြုခဲ့သူများ ဤငရဲသို့ ကျရောက်ရ၏။

**တပေါဒါနဒီငရဲ [ပြာပူမြစ်ငရဲ]**

တပေါဒါနဒီခေါ် တပေါဒါမြစ်ကား အလျှံတပြောင်ပြောင် တောက်လောင်ပူပြင်းလှသော သံမြေ၏အနီးမှ စီးဆင်းသောမြစ် ဖြစ်၏။ ထိုမြစ်အနီး သံမြေ၌ နင်းသွားကာ ဒုက္ခခံစားနေကြရသော ငရဲသားများ ရှိကြ၏။ ငရဲသူငရဲသားများသည် အပူရှိန်ကို ခံစားနေရသူများဖြစ်သောကြောင့် ရေငတ်မှုဒဏ် များစွာ ခံကြရ၏။ ရေအလွန်ငတ်လျက် ရှိနေကြ၏။

ထို့ကြောင့် ငရဲသူငရဲသားများသည် ရေသောက်ရန် အတွက် မြစ်ထဲဆင်းရန် ကြိုးစားကြ၏။ ထိုအချိန်၌ မြစ်ဆိပ်ကမ်းတစ်ခွင်တစ်ပြင်လုံးသည် မီးတောက်မီးလျှံများ ဖုံးလွှမ်းသွားတော့၏။ မြစ်ရေတို့သည်လည်း ရဲရဲတောက် ပြာပူများ ဖြစ်သွားကြတော့၏။

ငရဲသူငရဲသားများသည် ရေငတ်လွန်းသဖြင့် ထိုရဲရဲတောက် ပြာပူများကိုပင် ရေအငတ်ပြေမည်ထင်ပြီး သောက်မျို

ကြ၏။ ဝမ်းဗိုက်တစ်ခုလုံး မခံနိုင်အောင် ပူလောင်ခြင်း ဖြစ်ကြရ၏။ ထိုအခါ ငရဲသူငရဲသားများသည် လက်နှစ်ဖက်ကို အပေါ် မြှောက်ကာ ဆူညံစွာ အော်ဟစ်နေကြရကုန်၏။

လူ့ဘဝ၌ရှိစဉ်အခါက ပဲ၊ ပြောင်း၊ စပါး စသည့် ကုန်ပစ္စည်းများ ရောင်းရာတွင် ကောင်းသောပစ္စည်းများကို ဗန်းပြ၍ ဈေးကောင်းပြောပြီး တကယ်ရောင်းချ၍ ပစ္စည်းပေးသောအခါ အ ရာအနှော ပစ္စည်းများသာပေးခြင်း စသည်ဖြင့် ကောက်ကျစ်စဉ်းလဲသူ၊ မသမာမှု ပြုလုပ်သူ၊ ချိန်ခွင်၊ တောင်း၊ ခွက် စသည်တို့ဖြင့် ရောင်းဝယ်ရာ၌ ဝယ်တော့တစ်မျိုး၊ ရောင်းတော့တစ်မျိုး လှူလှည့်ကျကာ ရောင်းဝယ်ခြင်းပြုလုပ်သူတို့ ဤငရဲ ကျရောက်ရ၏။

## သတ္တိဟတငရဲ = (သတ်တိဟတငရဲ)

[လှံ၊ သန်လျက်တို့ဖြင့် ညှဉ်းဆဲခံနေရသည့်ငရဲ]

သတ္တိဟတငရဲ ကျခံရသော ငရဲသူငရဲသား သတ္တဝါတို့သည် လှံ၊ သန်လျက် စသည်တို့ဖြင့် ငရဲထိန်းတို့၏ ရက်စက်စွာ သတ်ဖြတ်ခြင်းကို ခံနေကြရ၏။ ထိုငရဲသူငရဲသားတို့သည် အလျှံတပြောင်ပြောင် တောက်လောင်နေသော သံမြေပြင်၌ နေကြရ၏။ ငရဲထိန်းတို့ သန်လျက်ဖြင့် အပိုင်းပိုင်း ဖြတ်သည်

ကိုလည်း ခံကြရ၏။ လှံဖြင့် နံပါးတစ်ဖက်မှ အခြားတစ်ဖက်သို့ ပေါက်အောင်လည်း ထိုးခံကြရ၏။ ရိုက်နှက်ညှဉ်းဆဲမှုကိုလည်း ခံကြရ၏။

ရှူဘဝရိစဉ်အခါတုန်းက အိမ်ဝင်းခြံဝင်း ဖောက်ထွင်း ချိုးဖျက် ခိုးယူကြသူများ၊ နည်းမျိုးစုံဖြင့် လုယက်ခြင်း၊ နည်းမျိုးစုံဖြင့် ခိုးယူခြင်း၊ သက်ရှိသက်မဲ့ နှစ်မျိုးစလုံး ခိုးယူခြင်း အစရှိသည်ဖြင့် ခိုးခြင်းအမှုပြုလုပ်သူများ ဤသတ္တဲ့ဟာတငရဲ ကျရောက်ရ၏။

**သူနာပထောင်ငရဲ [အသားစု၊ အသားစိုင်ငရဲ]**

ဤငရဲ၌ ငရဲထိန်းတို့သည် အဆင်းအသွင် မြင်၍ မကောင်းအောင် ဆိုးဝါးကြ၏။ သူတို့၏ မြိမ်းခြောက်သံတို့ ကလည်း ကြောက်မက်ဖွယ်ကောင်း၏။ သူတို့သုံးသည့် သံကြိုး များကလည်း အရောင်တရဲရဲ တညီးညီး တောက်လောင်လျက် ရှိ၏။ လှံ၊ သန်လျက် စသောလက်နက်များကလည်း အရောင် တရဲရဲ တညီးညီး တောက်နေကြသည်သာ ဖြစ်၏။

ငရဲထိန်းကြီးများသည် ငရဲသူငရဲသားတို့အား သံကြိုး များဖြင့် ဆွဲရစ်နှောင်ဖွဲ့ကာ ရိုက်နှက်ထိုးခုတ် သတ်ဖြတ်ကြ၏။ သံမြေပြင်၌ မသေမရှင် ပစ်ထားခြင်းကိုလည်း ခံရ၏။ ငရဲထိန်း

တို့သည် ငရဲသူငရဲသားတို့အား နှိပ်စက်ချင်တိုင်း နှိပ်စက်ကြ၏။ ငရဲသူငရဲသားတို့၏အသားများကိုလည်း ခုတ်ဖြတ်တုံးတစ်ကာ သားဈေး၊ ငါးဈေးပမာ ခင်းကျင်းစုပုံထားကြလေ၏။

ငရဲသူငရဲသားတို့ကား ဤသို့ ခံကြရသည့်တိုင် ဝဋ်က မကြေသေး။ ထိုအသားစု၊ အသားစိုင်၊ အသားပုံမှာပင် ထ၍ ဦးခေါင်းသဏ္ဌာန်၊ လက်ခြေသဏ္ဌာန် စသည်များဖြစ်ကာ ခန္ဓာကိုယ်ကြီးကာစ်ခု ဖြစ်လာရပြန်သည်။

လူဖြစ်စဉ်အခါက ကြက်၊ ဝက်၊ ကျွဲ၊ နွား၊ ဆိတ် စသည်တို့အား သတ်ခြင်း၊ ပိုက်ကွန် စသည်ဖြင့် ငါးများကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ထိုထို ဖမ်းဆီးသတ်ဖြတ်ရရှိအပ်သော အသားများကို စုပုံရောင်းချ အသက်မွေးခြင်း ပြုခဲ့သူများသည် ဤငရဲသို့ ကျရောက်ရ၏။

**လေးသောကံနှင့်ပေါ့သောကံ**

ပြုခဲ့ပြီးသော အကုသိုလ်ကံတွင် လေးသောကံနှင့် ပေါ့သောကံဟူ၍ ရှိပေသည်။ အမိအဖကို သတ်ခြင်းစသော ကံများမှာ ကြီးလေးသောကံများ ဖြစ်ကြသည်။ ထိုကံကြီးများ အတွက် ကုစား၍ မရနိုင်ပေ။ ငရဲရောက်ရမည်မှာ သေချာ၏။

ပေါ့ပါးသော အချို့ အကုသိုလ်ကံကလေးများကား

သူ့အတိုင်းအတာအရ ကုစား၍ ရနိုင်၏။ ဤအရာ၌ အောက်ပါ ပဋ္ဌာန်းဒေသနာတော်အဆိုကို လေ့လာသင့်ပါ၏-

အကုသလော ဓမ္မော ကုသလဿ
ဓမ္မဿ ဥပနိဿယ
ပစ္စယေန ပစ္စယော ပါဏံ ဟန္တွာ
တဿ ပဋိဃာတတာယ
ဒါနံ ဒေတိ သီလံ သမာဒိယတိ
ဥပေါသထကမ္မံ ကရောတိ။

မြန်မာစကားပြေ။ ။ မကောင်းမှု အကုသိုလ်ဖြစ်သော သူ့အသက်သတ်ခြင်း အစရှိသော တရားသည် ကောင်းမှုကုသိုလ်ဖြစ်သော အလှူပေးခြင်း အစရှိသော တရားအား ဥပနိဿယ ပစ္စည်းဟူသော အကြောင်းရင်း သတ္တိဖြင့် ထောက်ပံ့တတ်၏။ အကြင်သူသည် သူ့အသက်ကို သတ်မိ၏။ ထိုသတ်မိသောအကြောင်းကံကို ဆို့ပိတ်တားဆီးသောအား ပျက်ပြယ်သွားစေခြင်းငှာ အလှူကို ပေးလှူ၏။ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး စသော သီလများကို ဆောက်တည်ကျင့်သုံး၏။ ဥပုသ် စောင့်၏။

အထက်ပါ ပဋ္ဌာန်းပါဠိတော်စာသားအရ အကုသိုလ် မကောင်းမှုကို အကြောင်းပြု၍ ကုသိုလ်ကောင်းမှုတရား ဖြစ်ပေါ်လာရခြင်း ဖြစ်၏။ ထိုသို့ ဖြစ်ပေါ်လာသော ကုသိုလ် ကောင်းမှုကြောင့်ပင် မိမိပြုခဲ့ဖူးသော မကောင်းမှု အကုသိုလ် ကံ အပေါ့စားကလေးများ အားနည်းပပျောက်သွားနိုင်ပေ၏။

ထို့ကြောင့် အားကြီးသော အကုသိုလ် (ဂရုကံကြီး) များကို မဖြစ်အောင် နေထိုင်နိုင်ရန် အရေးကြီး၏။ အကြောင်း အားလျော်စွာ ပြုခဲ့ဖြစ်ခဲ့ပြီးသော အကုသိုလ် အပေါ့စားကလေး များကြောင့် ငရဲမရောက်နိုင်ရန်လည်း ကုသိုလ်တရားဖြင့် ချေဖျက်ကြရမည် ဖြစ်၏။

## မုတ္တကရီသငရဲ = (မုတ်တကရီသငရဲ)

[ကျင်ကြီးတွင်း၊ ကျင်ငယ်တွင်းငရဲ]

ထိုငရဲသူငရဲသားတို့သည် ကျင်ကြီးကျင်ငယ်များ ရောပြွမ်းလျက်ရှိသော တွင်း(အိုင်)၌ အပုပ်နံ့ တထောင်းထောင်း ထနေသော မစင်(ကျင်ကြီး)များကို ငမ်းငမ်းတက် ဆုပ်ကိုင် စားသုံးကြလေ၏။ ရွံစရာလိလိဖြစ်သော်လည်း ထိုငရဲသူငရဲ သားများမှာ ထိုမစင်ပုပ်များကို မြိန်ရေရှက်ရေ စားသုံးကြရ ရှာလေ၏။

မင်းလက်ရာစာပေ

လူဖြစ်စဉ်အခါက လှူသတ်လှေ့ရှိသူများ၊ လှူသတ်မှုအရာ၌ ကျေးဇူးရှိသူများကိုပင် အလွတ်မပေး သတ်လေ့ရှိသူများ၊ မိတ်ကောင်းဆွေကောင်းမှန်း မသိ၊ ပေးဖူးကျွေးဖူးမှန်း မသိ၊ သတ်ခွင့်ကြုံလျှင် မိတ်ကောင်းဆွေကောင်းလည်း မချန်၊ ပေးဖူးကျွေးဖူးသူလည်း မချန်၊ ကိုယ့်အတွက် အကျိုးရှိမည်ဆိုလျှင် မည်သူ့ကိုမဆို သတ်လေ့ရှိသူများသည် ဤမုဋ္ဌကငရဲသို့ ကျရောက်ခံစား ရပေ၏။

လောဟိတပုဗ္ဗငရဲ = (လောဟိတပုဗ်ဗငရဲ)
[သွေးတွင်းပြည်တွင်းငရဲ]

ထိုငရဲကျရောက်ရသည့် ငရဲသူငရဲသားတို့သည် တွင်း၊ အိုင်အတွင်းရှိ သွေး၊ ပြည်များကို စားသောက်ကြရသည်။ သွေးပြည်များမှာလည်း သွေးပုပ်၊ ပြည်ပုပ်များ ဖြစ်ကြ၏။ သွေးပြည်ပုပ်များပင်ဖြစ်သော်လည်း ငရဲသူငရဲသားတို့မှာ ထိုသွေးပြည်ပုပ်များကို မက်မက်မောမော စားသုံးနေကြလေ၏။

လူဖြစ်စဉ်အခါတုန်းက မိမိ၏မိန်းမစကားကြောင့် သက်ကြီးရွယ်အိုမိခင်၊ ဖခင်တို့အား လုပ်ကျွေးခြင်း မပြုရန်သူလို သဘောထားလျက် ရိုက်ပုတ်ထုထောင်းကာ အသက်

ပါ ဆုံးရှုံးစေသူများ၊ ရဟန္တာ၊ ရဟန်း၊ သံဃာတော်များအား ရှိသေလေးစားမှုမပြုသည့်အပြင် အကြောင်းအခွင့် တိုက်ဆိုင်လာခဲ့ပါက ရဟန္တာ၊ ရဟန်း၊ သံဃာတော်များအား နှိပ်စက်ညှဉ်းပန်းကာ အသက်ပါ ဆုံးရှုံးစေခဲ့သူများ ဤငရဲသို့ ကျရောက်ရ၏။

ရဟန္တာသတ်သူ၊ အမိအဖ သတ်သူများကား ငရဲကြီး (၈)ထပ်သို့ရောက်ဖို့သာ ဖြစ်၏။ ဤနေရာ၌ ရဟန္တာနှင့် အမိအဖသတ်သူတို့ လောဟိပုဗ္ဗငရဲမျှလောက်သာ ကျသည် ဆိုခြင်းမှာ တစ်စုံတစ်ခုသော ကုသိုလ်ဥပနိဿယ အထောက်အပံ့ကောင်းကြောင့်သာ ဖြစ်ပေမည်ဟု သုံးသပ်နိုင်၏။

ဤအရာ၌ အဇာတသတ်မင်းသား၏အဖြစ်ကို ကြည့်သင့်၏။ အဇာတသတ်မင်းသည် ဖခင် ဗိမ္ဗိသာရမင်းကြီးကို သတ်သည်ဖြစ်ရာ အဝီစိငရဲသို့ ကျခံရမည်ပင် ဖြစ်၏။ သို့ရာတွင် အဇာတသတ်မင်းသည် ဗုဒ္ဓမြတ်စွာဘုရားအား အလွန်ကြည်ညို ဆည်းကပ်ကိုးကွယ်သူ ဖြစ်၏။ သူမတူအောင်ပင် ကြည်ညိုခဲ့၏။

**ဖခင်သတ်** ကံကြောင့် အဝီစိငရဲရောက်ရမည့် အဇာတသတ်သည် အထက်ဖော်ပြပါအတိုင်း ဗုဒ္ဓဘုရားအား သူမတူ ကြည်ညိုဆက်ကပ်ခဲ့သောကံကြောင့်ပင် အဝီစိငရဲ

မရောက်ရဘဲ လောဟကုမ္ဘီငရဲသာ ကျရောက်ခံစားရ၏။

အဇာတသတ်မင်းသည် လောဟကုမ္ဘီငရဲ၌ အနှစ်ခြောက်သောင်းတိုင်တိုင် ငရဲဒုက္ခခံစားရမည် ဖြစ်၏။ အနှစ်ခြောက်သောင်းပြည့်၍ ငရဲမှ လွတ်ပြီးနောက် အဇာတသတ်သည် ဝိဇိတာဝီမည်သော ပစ္စေကဗုဒ္ဓါဖြစ်မည်ဟု ကျမ်းများ၌ ပြဆိုချက်ရှိပါသည်။

## ဝိဒ္ဓဝိဟာတငရဲ = (ဝိတ်ခံဝိဟာတငရဲ)
## [အရေဆုတ်၊ အသားဖြတ်ငရဲ]

ဤငရဲ ကျခံရသူတို့သည် ထန်းပင်လုံးခန့်မျှလောက်ရှိသော၊ ရဲရဲညီးညီး တောက်လောင်လျက်ရှိသော သံမြားကောက်ဖြင့် အာစောက်လျှာရင်းကို ဖောက်ထွင်းဆွဲချိတ်ခံရ၏။ ဆဲရေးခြိမ်းခြောက်ခြင်းကိုလည်း ခံရ၏။ ယင်းသို့ နှိပ်စက်ပြုမူသူများမှာ ငရဲထိန်းများပင် ဖြစ်၏။ ငရဲထိန်းတို့သည် ကြောက်စရာ ကိုယ်အမူအရာ၊ ကြောက်စရာ အသံကြီးများနှင့်အတူ ငရဲသားများအား လိုက်လံရှာဖွေနေကြ၏။

ငရဲသူ ငရဲသားများသည် သံမြားချိတ်အန္တရာယ်ကို ကြောက်ရွံ့နေကြ၏။ ငရဲထိန်းတို့သည် ငရဲသူငရဲသားတို့အား ဖမ်းဆီးခေါ်ဆောင်ကာ သံမြေပြင်သို့ အအိပ်ခိုင်းကြသည်။

သံမြေပြင်ကား အလွန်ပူလှသောကြောင့် ငရဲသူငရဲသားများမှာ အော်ဟစ်မြည်တမ်း ငိုကြွေးကြကုန်၏။

ထို့ပြင် သံမြေပြင်၌ သေသည်၊ ရှင်သည်မသိ ခံစားနေကြရသော ငရဲသူငရဲသား သတ္တဝါတို့၏ ခြေလက်တို့ကို သံမီးတောက်တလင်းပြင်၌ ဖြန့်ခင်းကာ အပေါ်က သံချွန်လက်နက် စသည်တို့ဖြင့် အပေါ်မှ ထိုးသွင်းရိုက်နှက်ထားခြင်း၊ လက်ခြေတို့ကို ဖြတ်တောက်ဖြန့်ကြဲထားခြင်းတို့ ပြုလုပ်ကြ၏။ ဤသို့သော ဒုက္ခများအပြင် အမျိုးမျိုးသော ဒုက္ခများလည်း ခံစားရသေး၏။

ရှေးလူဖြစ်စဉ်အခါက အများပြည်သူ၏ အမှုအခင်းကို ဆုံးဖြတ်ရာ၌ အဂတိလိုက်ကာ လာဘ်စားဆုံးဖြတ်သူများ၊ အမှန်တရားကို မကြည့်ဘဲ မိမိ ကြည်ဖြူရာဘက်ကိုသာ အမှန်ပေး မျက်နှာလိုက် ဆုံးဖြတ်ခဲ့သူများ၊ ရွှေငွေ အတုလုပ်သူများ ဤငရဲသို့ ရောက်ရ၏။ ထို့ပြင် ပျားရည်လို ချိုသောစကားကို ပြောလျက် အတွင်းစိတ်ကောက်ကာ ကိုယ်အကျိုးရှိ၊ သူတစ်ပါး အကျိုးယုတ်သည့်နည်းဖြင့် ရောင်းဝယ်ဖောက်ကားသူများလည်း ဤငရဲသို့ ကျရောက်ရ၏။

## သပရိဘဲဳနဂတ္တာဒိငရဲ = (သပရိဘိန်နဂတ်တာဒိငရဲ) [သံလုံးကြိတ်ငရဲ]

ဤငရဲကား ယောကျ်ားများ တစ်ယောက်မျှမပါ၊ အမျိုးသမီးများချည်းသာ ခံစားနေရသည့်ငရဲ ဖြစ်သည်။ အမျိုးသမီးငရဲသူများသည် အချို့ ခေါင်းပြတ်လျက်၊ အချို့ ကိုယ်ပြတ်လျက်ဖြင့် အပိုင်းပိုင်း အပြတ်ပြတ်ဖြစ်ကာ နေကြရ၏။ အချို့မှာ ကိုယ်တစ်ဝက် သံမြေထဲမြုပ်လျက် ရှိနေကြ၏။ သံမြေထဲ ကိုယ်တစ်ဝက်မြုပ်ကာ လက်နှစ်ချောင်းအပေါ်သို့ မြှောက်တင်လျက် အော်ဟစ်နေကြလေ၏။ ပူပြင်းနာကျင်သော ဝေဒနာကြောင့် အော်ဟစ်နေကြခြင်း ဖြစ်၏။

ဖော်ပြပါအနေအထား ခံစားနေရစဉ်အချိန်မှာပင် မီးတောက်သံလုံးကြီးများ လိမ့်လာကာ ထိုငရဲသူ အမျိုးသမီးများအား နင်းကြိတ်ပစ်လိုက်တော့၏။ အစိတ်စိတ် အမြွာမြွာ ဖြစ်သွားကြရ၏။ ယင်းသို့ အကြိတ်ခံရသည့်တိုင် ထိုငရဲသူ အမျိုးသမီးများ သေဆုံး၍ မသွားကြပေ။ ဝဋ်ကြွေးမကုန်သေးသောကြောင့် အသက်ပြန်ရှင်လာကြရပြန်၏။

ထိုသို့ အသက်ပြန်ရှင်ရပြီးသောအခါတွင်လည်း ရှေးနည်းအတူ ထိုငရဲသူများ ကြီးမားသောဒုက္ခ ခံစားကြရဦးမည် ဖြစ်၏။

မင်းလက်ရာစာပေ

လူဖြစ်စဉ်အခါတုန်းက ထိုအမျိုးသမီးများသည် မိမိလင်ယောကျ်ားမှတစ်ပါး အခြားတစ်ပါးသော ယောကျ်ားဖြင့် ဖောက်ပြားခဲ့ကြ၏။ ထိုမကောင်းမှုကြောင့်ပင် ထိုအမျိုးသမီးများ ဤသို့ ငရဲဒုက္ခကို ခံစားနေကြရခြင်း ဖြစ်၏။

**အဝံသီရပတငရဲ [ဦးခေါင်းအောက်ထိုးကျငရဲ]**

ဤငရဲကား ယောကျ်ားများသာ ခံစားရသောငရဲဖြစ်၏။ ငရဲထိန်းတို့သည် ငရဲပြည်သို့ ရောက်လာသူများအား လက်နက်အမျိုးမျိုးတို့ ကိုင်ဆောင်လျက် ရိုက်နှက် ဝိုင်းဝန်းတွန်းထိုး ခေါ်ဆောင်ကြကာ မီးကျီးစုငရဲသို့ ပစ်ချလိုက်ကြ၏။ ပစ်ချရာတွင် ရိုးရိုးသာမန် ပစ်ချသည်မဟုတ်။ ဦးခေါင်းကို အောက်စိုက်ထားကာ ခြေထောက်နှစ်ချောင်းကို ကိုင်လျက် ပစ်ချကြခြင်း ဖြစ်၏။ ငရဲသားများသည် ပြင်းထန်သော ပူလောင်မှုကို ခံစားကြရသောကြောင့် ပြင်းထန်စွာ အော်ဟစ်မြည်တမ်းကြ၏။

ရှေးလူဖြစ်စဉ်အခါက ထိုယောကျ်ားများသည် ပရဒါရမိစ္ဆာစာရကံဟုခေါ်သော သူတစ်ပါး ဇနီးမယား (လင်ရှိမယား) အား ကျူးလွန်ဖောက်ပြားခြင်းကံကို ပြုမိမှားခဲ့ကြ၏။ ထိုကံကြောင့်ပင် ထိုအမျိုးသားတို့ ဤငရဲ၌ ခံစားကြရခြင်း ဖြစ်သည်။

## ကောဋ္ဋိသိမ္ဗလိဝနငရဲ = (ကောတိသိမ်ဗလိဝနငရဲ) [လက်ပံပင်တောငရဲ]

ဤလက်ပံပင်တောငရဲ၏မြေပြင်မှာ သံမြေပြင် ဖြစ်သည်။ လက်ပံပင်များ တည်ရှိ၏။ လက်ပံပင်တစ်ပင်လျှင် တစ်ယူဇနာ ရှိသည်။ အပင်မှထွက်သော ဆူးများကား ရိုးရိုးဆူး မဟုတ်။ သံဆူးများ ဖြစ်ကြ၏။ ယင်းသံဆူးများ၏ အရှည်ပမာဏမှာ နှစ်မိုက် ရှိ၏။ တစ်ပင်လုံးမှာလည်း မီးအလျှံများ တောက်လောင်နေကြ၏။

ထိုလက်ပံပင်များ၏အရင်းတွင် ငရဲထိန်းတို့က လက်နက်မျိုးစုံကိုင်ဆောင်ကာ အဆင်သင့် ရှိနေကြလေ၏။ ထိုလက်ပံပင်တောငရဲသို့ လင်မယားဖောက်ပြန်သူများလည်း ရောက်ရှိခံစားရတတ်ပေသည်။ လင်မယားနှစ်ယောက်စလုံး ခံစားကြရသည်တွင် ခံစားကြရပုံမှာ ဤသို့ ဖြစ်၏။

မိန်းမက လက်ပံပင်၏အဖျားဌ် ဖြစ်ရ၏။ ယောကျ်ားက လက်ပံပင်၏အရင်းဌ် ဖြစ်ရ၏။ ငရဲထိန်းတို့သည် ဓား၊ တုတ်၊ လှံ စသည့်လက်နက်များဖြင့် နှိပ်စက်ညှဉ်းပန်းကာ လက်ပံပင်ရင်းမှ ယောကျ်ားအား လက်ပံပင်ပေါ်သို့ တက်စေ၏။ လက်ပံပင်ထိပ်ဖျားဌ်ရှိသော သင့်မယားထံ ရောက်အောင်တက်ဟု အမိန့်ပေးစေခိုင်း၏။

**မင်းလက်ရာစာပေ**

လက်ပံပင်ပေါ်သို့ တက်ရန်မှာလည်း အလွန်ခက်ခဲချေ၏။ လက်ပံပင်မှ ပေါ်ထွက်လျက်ရှိသော သံဆူးများမှာ ကြောက်ခမန်းလိလိပင် ဖြစ်၏။ လူကို ထိုးနှက်တော့မည့်ဟန် အဖျားချွန်များက အောက်သို့ညွတ်ကိုင်းလျက် ရှိနေ၏။ တက်လိုက်သည်နှင့် ထိုသံဆူးချွန်များ၏ ထိုးနှက်စူးဝင်ခြင်းကို ခံရမည်ဖြစ်၏။

ဘယ်လိုပင် ကြောက်စရာကောင်းကောင်း ငရဲထိန်းတို့၏ နှိပ်စက်အမိန့်ပေးစခိုင်းမှုကြောင့် ငရဲသားယောကျ်ားကား ထိုလက်ပံပင်ကို တက်ဖြစ်အောင် တက်ရ၏။ အဖျားသို့ကား မရောက်။ အနည်းငယ် တက်မိလျှင်ပင် ဆူးတို့၏ ထိုးနှက်စူးဝင်ခြင်း၊ ငရဲထိန်းတို့၏ နှိပ်စက်ခြင်းတို့ကြောင့် ငရဲသားသည် အောက်သို့ပြုတ်ကျကာ ပျက်စီးခြင်းအဖြစ်သို့ ရောက်ရပြန်၏။

ဤသို့ ပျက်စီးခြင်းအဖြစ်သို့ ရောက်သွား၍ ပြီးဆုံးသွားပြီဟု မဆိုနိုင်ပေ။ ထိုငရဲသားယောကျ်ားမှာ ပုံမှန်အနေအထား ပြန်ဖြစ်လာပြီး လက်ပံပင်ကြီးကို ဆက်လက်တက်မြဲ တက်နေရပြန်၏။ ဆင်းရဲဒုက္ခ ခံစားမြဲ ခံစားနေရတော့၏။

လက်ပံပင်ပေါ်၊ လက်ပံပင်ထိပ်မှာ ရှိနေသည့် မိန်းမကိုလည်း ငရဲထိန်းများက အောက်သို့ဆင်းရန် အမိန့်ပေးစေခိုင်းကြ၏။ ထိုမိန်းမ ဆင်းမည့်လက်ပံပင်မှ ဆူးများကလည်း ကြောက်စရာပင် ဖြစ်၏။ ဆင်းလာလျှင် ဝိုင်းဝန်းထိုးနှက်

ကြတော့မည့်အလား ချွန်ထက်သော ဆူးအဖျားက အပေါ်သို့၊ အထက်သို့ ထောင်လျက်ရှိနေကြသည်။

လက်ပံပင်မှ သံဆူးချွန်များ ဘယ်လောက်ပင် ကြောက်စရာကောင်းသည်ဖြစ်စေ ငရဲသူအမျိုးသမီးသည် လက်ပံပင်ထိပ်ဖျားမှ ဆင်းဖြစ်အောင် ဆင်းရတော့၏။ ဆင်းသည်နှင့် ဆူးများက ထိုးနှက်ကြတော့သည်။

ထိုအခါ ငရဲသူအမျိုးသမီးသည် အောက်သို့ ပြုတ်ကျကာ ပျက်စီးခြင်းသို့ ရောက်ရတော့၏။ ပျက်စီးသွားသဖြင့် အေးပြီဟု မဆိုနိုင်ပေ။ ပကတိပုံမှန်အတိုင်း ပြန်ဖြစ်လာရပြီး လက်ပံပင်ထိပ်ကို ရောက်ရှိကာ ဆူးတွေကို ရင်ဆိုင်၊ အောက်ကို ပြန်ဆင်းရသည့်ဒုက္ခကို ပြန်လည်ခံစားရဦးမည် ဖြစ်၏။ ဝဋ်ကြွေးမကုန်သေးသရွေ့ ဤသို့ ခံစားနေရဦးမည် ဖြစ်သည်။

ကုသိုလ်ပြုလျှင်လည်း ကောင်းကျိုး မခံစားရ၊ အကုသိုလ်ပြုလျှင်လည်း မကောင်းကျိုး မခံစားရ။ ဒါန၊ သီလ၊ ဘာဝနာ စသည်တို့လည်း ပြုစရာမလိုဟု ခံယူထားသူ၊ ဤသို့ ခံယူချက်ရှိသူ မိစ္ဆာဒိဋ္ဌိ = အယူမှားသမားများ ဤလက်ပံပင်တောငရဲသို့ ရောက်ရှိခံစားရတတ်၏။

**မိစ္ဆာဒိဋ္ဌိသမား = အယူမှားသူများအတွက် ငရဲများ**

လှူဒါန်းမှု ဒါန၊ သီလဆောက်တည် ကျင့်သုံးမှု၊ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းမှုတို့သည် အကျိုးမရှိ၊ သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်း စသည်တို့ကိုပြုလျှင်လည်း အပြစ် မရှိ စသည်အယူရှိသော နတ္ထိက ဒိဋ္ဌိသမားများ၊ လောကကြီး၏ ဖြစ်စဉ်၌ ကုသိုလ်ကံ၊ အကုသိုလ်ကံသည် ဘာမှ ပါဝင် ပတ်သက်မှု မရှိ။ ကုသိုလ်၊ အကုသိုလ်ကံတို့ကြောင့် လောက ကြီး ဖြစ်သည်မဟုတ်။ ချိုသောမျိုးစေ့မှ ချိုသောအပင်ပေါက်၍ ချဉ်သောမျိုးစေ့မှ ချဉ်သောအပင်သာ ဖြစ်ရမည်။ ရှင်ဘုရင် ဖြစ်သောသူ၊ သူဌေးသူကြွယ်ဖြစ်သောသူတို့သည် အစဉ် အဆက်အားဖြင့် ရှင်ဘုရင်၊ သူဌေးသူကြွယ်များသာ ဖြစ်ကြရပေသည်။ ဆင်းရဲ သားဖြစ်သောသူများမှာလည်း အစဉ်သဖြင့် ဆင်းရဲသားသာ ဖြစ်နေရမည်။

အခြားတစ်စုံတစ်ရာသော တရားကမျှ ပြုပြင်ခြင်းမရှိနိုင် ဟု မိမိကိုယ်တိုင်လည်း ယုံကြည်ယူဆ၊ သူတစ်ပါးကိုလည်း ယုံကြည်ယူဆစေသည့် အကိရိယဒိဋ္ဌိသမားများ၊ အကြောင်း မရှိဟု မိမိလည်း ယူဆ၊ သူတစ်ပါးကိုလည်း ယူဆစေသည့် အဟေတုက ဒိဋ္ဌိသမားများအတွက် ငရဲရွာများမှာ ရှေ့၌ပြဆိုခဲ့ သည့် ကြိမ်ပိုက်ချောင်း (ကြိမ်ပိုက်မြစ်) ငရဲ၊ ခွေးဘီလူး၊

လင်းတဘီလူး၊ ကျီးဘီလူးတို့ အစားခံရသည့် ငရဲ၊ မစင်တွင်း ငရဲ၊ သံရည်မြစ်ငရဲ စသောငရဲများပင် ဖြစ်သည်။ အခြားအခြား သော ငရဲများကိုလည်း ရောက်နိုင်သေး၏။

ဤဖော်ပြပါ အချက်အလက်များ၊ ငရဲငယ်များမှာ နေမိ ဓာတ်တော်လာ မာတလိနတ်သားက နေမိမင်းကြီးအား ငရဲဘုံများ ခေါ်ဆောင်ပြသခြင်းအခန်းမှ ထုတ်နုတ်ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။ ယခုဆက်လက်၍ လောကန္တရိတ်ငရဲအကြောင်း တင်ပြမည် ဖြစ်ပါသည်။

## လောကန္တရိက်(လောကန်တရိတ်) ငရဲအကြောင်း

လောကန္တရိကပါဠိမှ လောကန္တရိက် ဖြစ်လာသည်။ ယင်းလောကန္တရိက်သည် စကြဝဠာတို့၏အကြားဟု အဓိပ္ပာယ် ရ၏။ လောကန္တရိက်ငရဲကို စကြဝဠာတံတိုင်းကြားက ငရဲဟု သဘောပေါက်ရန် ဖြစ်၏။

အပူငရဲ၊ အပူအမျိုးမျိုး ခံစားရသော ငရဲမျိုးများကို များစွာ ကြားဖူးနေကြ၏။ အအေးငရဲ၊ အမှောင်ထုငရဲ ခံစားကြ ရပုံကိုကား အလွန်အသိနည်းကြ၏။ လောကန္တရိက်ငရဲကား အပူငရဲ မဟုတ်။ အအေးငရဲ၊ အမှောင်ထုငရဲကြီး ဖြစ်၏။

"အအေးဆိုကတည်းက ဒုက္ခခံစားရဖို့ မရှိ။ အေးအေး ချမ်းချမ်းပဲ ရှိမယ်။ နေရတာကောင်းမှာပဲ" စသည်ဖြင့် တွေးမိကောင်း တွေးမိကြပေမည်။

ယင်းသို့တွေးလျှင် မှားပေမည်။ ယင်းသို့ မတွေးသင့်။ ငရဲဆိုကတည်းက အကောင်းမရှိနိုင်ပါ။ အဆိုးသာဖြစ်ကြောင်း သဘောပေါက်ရမည် ဖြစ်ပါသည်။

အချို့က အအေးဟုဆိုသဖြင့် အေးအေးမြမြ၊ ချမ်းချမ်း သာသာ ဖြစ်လိမ့်မည်ဟု ထင်မှတ်တတ်ကြ၏။ ယင်းသို့ ထင်မှတ်သူ၊ ယူဆသူအချို့ တွေ့ရဖူး၏။ ကျမ်းစာပေ၌ 'အလွန် အေးသော အအေး' ဟု 'အလွန်' စကားလုံးဖြင့် ပြဆိုထားပါ သည်။ ထိုအလွန်စကားရပ်ကို ထောက်၍ သာမန်နေကောင်းရုံ မျှ အေးသောအအေးမျိုးမဟုတ်ကြောင်း မှတ်သားရမည် ဖြစ်ပါ သည်။

ထိုလောကန္တရိက်ငရဲသည် စကြဝဠာတံတိုင်းကြီး သုံးခု တို့၏အကြား၌ တည်ရှိသည်။ ငရဲသူငရဲသားတို့သည် တံတိုင်း ကြီးများ၏နံရံကို ကုပ်တွယ်ကာနေကြရ၏။

ထိုလောကန္တရိက်ငရဲသည် အထက်တွင် အပိတ်မရှိ၊ အောက်မှာလည်း အခံမရှိပေ။ အမြဲတမ်းပင် ဟင်းလင်းပွင့် လျက် ရှိနေ၏။ ဟင်းလင်းပွင့်လျက် ရှိနေသည်ဆို၍ အလင်း

ရောင်တွေ ရှိနေသည်ဟု မမှတ်ထင်သင့်ချေ။ အလင်းရောင် လုံးဝ မရှိ။ အမှောင်ကြီးသာ ဖြစ်နေ၏။

ထိုလောကန္တရိက်ငရဲကို နေမင်းသည်ပင် အလင်းရောင် ရအောင်၊ အလင်းရောင်ရောက်အောင် မပြုနိုင်ချေ။ ထိုငရဲသူ ငရဲသားတို့မှာ အေးသည့်ဒဏ်ကို ခံရသည့်အပြင် အလင်း မရှိသော အမှောင်ထုထဲ၌လည်း ဆင်းရဲဒုက္ခ ခံနေကြရ၏။

ဗုဒ္ဓဘုရားအလောင်းတော် ပဋိသန္ဓေနေခြင်း စသည့် နေ့ထူးကြီးမျိုး၌ ဗုဒ္ဓဘုရားအလောင်းတော် တန်ခိုးကြောင့် ထိုလောကန္တရိက်ငရဲ၌လည်း အလင်းရောင်ကလေး တစ်ခဏ မျှ ဖြစ်ပေါ်တတ်၏။ ထိုအလင်းရောင်ကလေးရသော ခဏ တာအတွင်းကျမှပင် သူတို့ ငရဲသူငရဲသားအချင်းချင်း တွေ့မြင် နိုင်ကြ၏။

ထိုသို့ ခဏတာ အလင်းရောင်ကို တွေ့ကြုံရစဉ် သူတို့ အချင်းချင်း တွေ့မြင်နေရစဉ် တအံ့တသြဖြစ်ကာ စကားပြောဆို နေကြခိုက် အလင်းရောင်မှာ လုံးဝ ကွယ်ပျောက်သွားတော့၏။ လောကန္တရိက်ငရဲပြည်ကြီးတစ်ခုလုံး အမှောင်ထုကြီး ဖုံးလွှမ်း သွားလေတော့၏။

ထိုငရဲသူငရဲသားတို့သည် စကြဝဠာတံတိုင်းနံရံကြီး၌ ကပ်တွယ်ကာနေကြရင်း အချင်းချင်း တွေ့ထိကြလျှင် စားစရာ

မှတ်၍ ဟပ်လိုက်သောအခါ အောက်ရေပြင်ထဲ ပြုတ်ကျကာ ကြီးမားသော အအေးဒဏ် ဆင်းရဲဒုက္ခ ခံကြရ၏။ ရေထဲ ရောက်သောအခါ ဆန်မှုန့်သည် ရေနှင့်တွေ့၍ ကြေမွပျက်စီး သွားရသကဲ့သို့ ထိုငရဲသူငရဲသားတို့၏ ခန္ဓာကိုယ်ကြီးများမှာ လည်း ကြေမွပျက်စီးသွားရတော့၏။ ကြေမွပျက်စီးသွား၍ ပြီးသွားသည်မဟုတ်။ နောက်တစ်ဖန် ခန္ဓာကိုယ်ကြီးပြန်ဖြစ်ကာ နဂိုပုံစံအတိုင်း ဝဋ်ဆင်းရဲကို ခံရပြန်၏။

မိဘ၊ ဆရာသမား၊ တရားစောင့်သောပုဂ္ဂိုလ်၊ လူကြီး သူမများကို ပြစ်မှားစော်ကားသူတို့ ဤလောကန္တရိက်ငရဲသို့ ကျရောက်ရကြောင်း ကျမ်းစာပေ၌ ပြဆိုချက် ရှိပါသည်။

ဤလောကန္တရိက်ငရဲအကြောင်းကို ဝိဘင်းအဋ္ဌကထာ၊ သာရတ္ထဒီပနီ၊ အင်္ဂုတ္တရအဋ္ဌကထာ၊ သုတ်မဟာဝါအဋ္ဌကထာ၊ မဟာဝင်၊ သံဝေဂဝတ္ထုဒီပနီ၊ ဆရာတော် အရှင်ဇနကာဘိဝံသ ၏ သင်္ဂြိုဟ်ဘာသာဋီကာ၊ သေကျှောင်းဆရာတော် အရှင်တိ လောက၏ ပဏ္ဍိတဝေဒနီယဒီပနီကျမ်း၊ လုံးတော်ဆရာတော်၏ ပုဏ္ဏာပကိဏ္ဏကကျမ်း စသည်တို့၌ ဖတ်ရှုလေ့လာနိုင်ကြပါ၏။ ယခု ဆက်လက်၍ ငရဲထိန်းများအကြောင်း တင်ပြလိုပါ၏။

## ငရဲထိန်းများအကြောင်း

ငရဲထိန်းများအကြောင်းနှင့်စပ်လျဉ်း၍ တင်ပြလိုပါသေး၏။ ရှေ့ပိုင်းတစ်နေရာ၌ ငရဲထိန်းများအကြောင်း အရိပ်အမြွက်သဘောအားဖြင့် ပြဆိုခဲ့ပါသေးသည်။ ထပ်မံတင်ပြဖို့ ကြုံလာ၍ ထပ်မံဖြည့်စွက်တင်ပြမည် ဖြစ်ပါသည်။

သင်္ဂြိုဟ်ဘာသာဋီကာတွင် ဆရာတော် အရှင်ဇနကာဘိဝံသ ဖွင့်ဆိုထားသည်ကို ရှေးဦးစွာ ကောက်နုတ်ဖော်ပြပါသည်-

**ငရဲထိန်း။** ။ ဤငရဲထိန်းများလည်း စတုမဟာရာဇ်နတ်မျိုးအပါအဝင် နတ်ဘီလူး၊ နတ်ယက္ခိုဏ်များတည်း။ ထိုငရဲထိန်းများ၏ အလုပ်ကား အနည်းငယ်သော အကုသိုလ်ဖြင့် ကျရောက်လာသူများကို ယမမင်းထံသို့ ပို့ခြင်း၊ ငရဲသို့ ရောက်ပြီးသူများကို လက်မရွံ့ အာဏာသားတို့ကဲ့သို့ ရက်စက် ကြမ်းကြုတ်စွာ သတ်ပုတ် ရိုက်နှက်ခြင်းပင်တည်း။ [ငရဲမီး စသော အန္တရာယ်တို့လည်း ကံကြောင့် ဖြစ်ရသော ကမ္မပစ္စယဥတုဇ

ရုပ်များ ဖြစ်ကြရကား ငရဲခံရမည့်သူများ၌သာ ပူလောင်၍ ထိုငရဲထိန်းတို့၌ မပူလောင်ချေ။]

[သင်္ဂြိုဟ်ဘာသာဋီကာ၊
စာမျက်နှာ-၂၈၄]

အထက်ပါ ကောက်နုတ်ချက်၌ ငရဲထိန်းများတွင် ငရဲမီး မပူလောင်နိုင်ပုံအကြောင်းပြချက်ကို တွေ့ရ၏။ သူ့နေရာဌာန အားလျော်စွာ အမှန်ပင်ဖြစ်ကြောင်း သိမှတ်ရမည်ပင် ဖြစ်၏။

အချို့သောနေရာများတွင်မူ ထိုငရဲထိန်းတို့သည်ပင် ငရဲဒဏ်၊ အပူဒဏ်တို့ ခံစားရလေ့ရှိကြောင်း ကျမ်းစာပေအဆို ရှိနေပေသေး၏။ ထို့ကြောင့် ငရဲထိန်းတို့အနေဖြင့် နေရာဌာန၊ သူတို့၏ အကုသိုလ်ကံ အလေးအပေါ့ စသည်တို့အပေါ် မူတည်ကာ အကျိုးတရားဖြစ်ရပ် ခံစားရမှုတို့လည်း အလေးအပေါ့ ကွာခြားကြမည်ဖြစ်ကြောင်း ဆင်ခြင်ရမည်ဟု ယူဆမိပါသည်။

ငရဲထိန်းဆိုသူများကား ငရဲကျသူများ မဟုတ်ပေ။ ငရဲတို့၏အနီး၌ ဖြစ်ရသော ဝေမာနိက ဘုတ်ပြိတ္တာ နတ်ဘီလူးနတ်ဆိုးများဖြစ်ပြီး စတုမဟာရာဇ် အနွယ်ဝင်များဖြစ်သည်ဟု

ဆို၏။ ပိဋကတ်ကျမ်းစာပေ၌ ဤသို့ ပြဆိုထား၏-

နိရယဥပပတ္တိ သံဝတ္တနိယ ကမ္မတောပဟိ၊
အညေနေဝ ကမ္မုနာ တေ နိဗ္ဗတ္တန္တိ။

[ဥပရိပဏ္ဏာသအဋ္ဌကထာ]

## မြန်မာစကားပြေ

"ငရဲ၌ဖြစ်စေတတ်သော အကုသိုလ်မကောင်းမှုကံမှ အခြားတစ်ပါးသာလျှင်ဖြစ်သော၊ မသန့်မရှင်းသော ကုသိုလ်ကံကြောင့် ထိုငရဲ၏အနီး၌ ထိုငရဲထိန်းတို့သည် ဖြစ်ကြရကုန်၏။"

အမှန်တကယ်မှာ ငရဲထိန်းတို့သည် မိဿကကံ = (ကုသိုလ်၊ အကုသိုလ် ရောနှောသောကံ) များ၏ တွန်းအားကြောင့် ဤငရဲထိန်းဘဝ ရောက်ကြရ၏။ ငရဲသို့ ရောက်စေနိုင်သော အကုသိုလ် မကောင်းမှုကံ လေးလေးနက်နက် အကျိုးပေးမည်ဆိုလျှင်ကား ငရဲသို့ ရောက်ရမည်ပင် ဖြစ်၏။ ယခု ငရဲထိန်းတို့၏အကျိုးပေးမှုကား မသန့်ရှင်းသော ကုသိုလ်ကံအကျိုးပေးမှုကြောင့် ဤသို့ ငရဲအနီး၌ ငရဲထိန်းအဖြစ် ရောက်ရှိလာရခြင်း ဖြစ်သည်။ မသန့်ရှင်းသော ကုသိုလ်ဆိုသည်မှာ အမှန်တော့ မိဿကကံ = (ကုသိုလ်၊ အကုသိုလ်

ရောနှောသွားသည့်ကဲ) သဘောတရားပင် ဖြစ်သည်။

ဆုတောင်းချော်ခြင်း၊ ဆုတောင်း လွဲမှားခြင်းများသည်လည်း ဘဝကူးမကောင်းဘဲ ဖြစ်သွားစေနိုင်သည်။ ဆုတောင်းရာတွင် အသိ၊ သတိကောင်းစွာထား၍ ဆုတောင်းရန် လိုပေသည်။ ဤဘပ ဆုတောင်းမှားလျှင် နောင်ဘဝတွင် အကျိုးပေးသန့်ရှင်းမှုမရှိဘဲ မကောင်းသောဖြစ်စဉ်ဖြစ်ရပ်များ လက်ခံရရှိတတ်၏။

ဤဗုဒ္ဓသာသနာတော်၌ ထင်ရှားသော ဥမ္မာဒန္တီမင်းသမီး၏ ဖြစ်စဉ်တစ်ရပ်ကို စဉ်းစားဆင်ခြင်ကြည့်ဖို့ ကောင်း၏။

ဥမ္မာဒန္တီသည် လှူဖွယ်ပစ္စည်းကိုလည်း လှူ၊ ဆုကိုလည်းတောင်းခဲ့၏။ သူ၏ဆုတောင်းမှာ မကောင်းပေ။ ဤကောင်းမှုကြောင့် မိမိအား မြင်သူယောကျ်ားတကာသည် မိမိအလှ၌ ယစ်မူးကာ အရူးအမူး ဖြစ်ကြပါစေသားဟု ဆုတောင်းခဲ့ခြင်း ဖြစ်သည်။

ဤဗုဒ္ဓသာသနာတော်၌ ဥမ္မာဒန္တီဟု ဖြစ်လာသောအခါ သူ့ကိုမြင်ရသူ ယောကျ်ားများ ဆောက်တည်ရာမရ ဖြစ်ကြရသည်။ အရူးပမာ ဖြစ်ကြရသည်။ ဥမ္မာဒန္တီ၏ ဖြစ်စဉ်အတ္ထုပ္ပတ္တိ၌ လေ့လာဖတ်ရှုနိုင်၏။ [ဥမ္မာဒန္တီဇာတ်]

ငရဲထိန်းတို့နှင့်စပ်လျဉ်း၍ ပြဆိုထားသော ပါဠိတော်

တစ်ရပ်၊ စကားတစ်ရပ် ရှိပေသေးသည်။ ထိုပါဠိကို ထုတ်ပြပါမည်။

တေ ပိ ပါပကမ္မေနော တတ္ထ နိဗ္ဗတ္တာ
မနုဿ လောကေ ကာရဏံ ကာဝိယ ဟောန္တိ။
[ဇိနာလင်္ကာရဋီကာ]

## မြန်မာစကားပြေ

"ထိုငရဲထိန်းတို့သည်လည်း ရှေးကမိုရာ အစွမ်းသတ္တိရှိသော အကုသိုလ်ကံကြောင့်သာလျှင် ထိုငရဲ၌ ဖြစ်ရကုန်၍ လူ့ပြည်ရှိ လက်မရှိ လူသတ်သမားတို့ကဲ့သို့ ဖြစ်ကုန်၏။"

ဇိနာလင်္ကာရကျမ်းဆရာ၏ မိန့်ဆိုချက်ကို ဖော်ပြခြင်းဖြစ်ပါသည်။ ဤအဆိုအရ ငရဲထိန်းဆိုသူများမှာလည်း ရှေးအကုသိုလ်ကံ အကြောင်းတရားကြောင့် ငရဲထိန်းဘဝ ရောက်ရခြင်းသဘောကို တွေ့မြင်ရပါ၏။ ငရဲထိန်းဘဝတွင် လူ့ပြည်က လက်မရှိ လူသတ်သမားများကဲ့သို့ ဖြစ်ရခြင်းမှာလည်း ရှေးအကုသိုလ်ကံ အကျိုးပေးကြောင့်ပင် ဖြစ်၏။

ငရဲသားငရဲသူတို့အား နှိပ်စက်ညှဉ်းပန်းမှုများ ပြုလုပ်ကြသောအခါ ငရဲထိန်းတို့၌လည်း ငရဲမီးလျှံ လောင်ကျွမ်းခံရမှု

အထိုက်အလျောက် ခံရသေးသည်ဟု ဆိုပါ၏။ သို့သော် ငရဲသူငရဲသားတို့ ခံရသလို ဒုက္ခကြီးကြီးမားမား ခံစားရခြင်းမျိုး မဟုတ်ပေ။ စတုမဟာရာဇ်နတ်တို့၏ အနွယ်ဝင်၊ သုဂတိဘုံ= (ကောင်းသောဘုံ)သား အနွယ်ဝင်များဖြစ်ကြပါလျက် ငရဲထိန်းတို့သည် အဘယ့်ကြောင့် ယခုလို ငရဲဒုက္ခ အထိုက်အလျောက် ခံစားရပါသနည်းဆိုသော် ရှေးအကုသိုလ်ကံ၏အစွမ်းကြောင့်ဟု ဆိုပေသည်။ ဤအကြောင်းကို ကျမ်းစာပေ၌ ဤသို့ ပြဆိုထား၏။

**ကထံ ဒါဟာဒုက္ခံ အနုဘဝန္တိတိ စေသံ**
**ကမ္မာနုဘာဝတော။** [ဥပရိပဏ္ဏာသအဋ္ဌကထာ]

**မြန်မာစကားပြေ**

"ငရဲထိန်းတို့သည် ပူပန်ခြင်း ဆင်းရဲဒုက္ခကို အဘယ့်ကြောင့် ခံစားရပါသနည်းဆိုသော် ထိုငရဲထိန်းတို့သည် သူတို့၏ အကုသိုလ်ကံအစွမ်းကြောင့် ဤသို့သော ဆင်းရဲမျိုး ခံစားကြရကုန်၏။"

## ငရဲထိန်းတို့၏
## ကောင်းသောအခွင့်အလမ်း

ငရဲထိန်းများကား ငရဲကျခံနေရသော ငရဲသားငရဲသူ သတ္တဝါများ မဟုတ်ကြသည့်အလျောက် သူတို့အတွက် ကျွတ်လမ်း၊ လွတ်လမ်း အခွင့်အလမ်းကောင်းများ ရှိနေကြသည်။ ဗုဒ္ဓပိဋကတ်စာပေ၌ ပြဆိုထားပုံကို ထုတ်နုတ်ဖော်ပြလိုက်ပါသည်။-

ဝေမာနိက ပေတာဟိ ကဏှသုက္ကဝသေန မိဿကံ
ကမ္မံ ကတွာ ဝိနိပါတိက
ဒေဝတာဝိယ သုက္ကေနကမ္မုနာ ပဋိသန္ဓိံ ဂဏှန္တိ။
ယထာဟိ မဂ္ဂပဘာဝိတာပိ ဟောန္တိ။
ပဝတ္တိယံပန ကမ္မာနုရူပံ ကဒါစိ
အပုညဖလံ ပစ္စနုဘဝန္တိ။
ယေသံ ပန အရိယမဂ္ဂေါ ဥပ္ပဇ္ဇတိ။
တေသံ မဂ္ဂါဓိဂမတော ပဋ္ဌာယ
ပုညဖလမေဝ ဥပ္ပဇ္ဇတီတိ ဒဋ္ဌဗ္ဗံ။

[ဥပရိပဏ္ဏာသအဋ္ဌကထာ]

## မြန်မာစကားပြေ

"ဘုံဗိမာန်ဖြင့် နေထိုင်စံစားရခြင်း၊ ငတ်မွတ်ခြင်း၊ ငရဲဆင်းရဲခံစားရခြင်းဟူသော ချမ်းသာမှု၊ ဆင်းရဲမှု နှစ်မျိုးနှစ်စား ရောပြွမ်းခံစားနေရသော ငရဲထိန်းဖြစ်သော ဝေမာနိက နတ်ဘီလူး၊ နတ်ပြိတ္တာ၊ နတ်ယက္ခိုဏ်တို့သည် ကုသိုလ်၊ အကုသိုလ် ရောပြွမ်းသောကံ (မိဿကကံ)ကို ပြုလုပ်ခဲ့ကြ၏။ ကုသိုလ်ကံ၏အစွမ်းကြောင့် ကောင်းသောအကြောင်းတရားဖြင့် ပဋိသန္ဓေ တည်နေ၏။ ထိုကောင်းသော အကြောင်းတရားဖြင့် ပဋိသန္ဓေနေမှုကြောင့်ပင် သောတာပတ္တိမဂ် စသည်ကို ဖြစ်စေနိုင်ပေတော့၏။

"ကုသိုလ်ကံအလှည့် အားနည်း၍ အကုသိုလ် ဖိစီးလာချိန်တွင်ကား ကံအားလျော်စွာ မကောင်းကျိုးကို ခံစားကြရ၏။ ဝေမာနိက နတ်ပြိတ္တာ အသင်းအပင်းဖြစ်ကြသည့် ထိုငရဲထိန်းတို့သည် ဖော်ပြခဲ့သည့်အတိုင်း ကံအခွင့်အလမ်းအရ သောတာပတ္တိမဂ် စသည်ရခဲ့ပြီးလျှင်ကား ကုသိုလ်အကျိုးချည်းသာ ခံစားရတော့မည် ဖြစ်၏။ အကုသိုလ်အကျိုးများ ကြောက်ဖွယ် မရှိတော့ပေ။"

### ငရဲဆိုင်ရာ သိမှတ်ဖွယ်အမြာမြာ

#### သဂြိုဟ်ဘာသာဋီကာဆရာတော်အဆို

"ဥဿဒခေါ် ငရဲငယ်တွေ အများအပြားပင် ရှိသေး၏။ ရာဇဂြိုဟ်ပြည်၏ ထက်ဝန်းကျင်မှာပင် ငရဲအမျိုးမျိုးရှိသည်ဟု ဆို၏။ ဒု-သ-န-သောဟု ဟစ်အော်ကြသော သူဌေးသားလေးယောက်တို့ ကျက်စားရာ လောဟကုမ္ဘီဆိုတဲ့ သံရည်အိုးငရဲကား ရာဇဂြိုဟ်မြို့အနီးအောက်မှာပင် ရှိ၏။ ရာဇဂြိုဟ်ပြည်၏အနီးက 'တပေါဒါမြစ်' ဟုခေါ်သော ရေပူမြစ်သည် လောဟကုမ္ဘီငရဲနှစ်ခုစပ်ကြား၌ စီးလာသောမြစ်ပင်တည်း။ ထို့ကြောင့် ငရဲငယ်တွေ လူ့ပြည်အနီးအပါးမှာပင် များစွာရှိလေသည်"

[ဆရာတော် အရှင်ဇနကာဘိဝံသ၏
သဂြိုဟ်ဘာသာဋီကာမှ။]

လူ့ပြည်နှင့် အလွန်အလှမ်းမဝေးသော မြေအောက်နေရာများ၌ ငရဲငယ်တွေရှိကြောင်း ကျမ်းစာပေအဆို ရှိ၏။ ငရဲနှင့် လူ့ပြည် အဝေးကြီးမဟုတ်ကြောင်း၊ လူတို့နှင့် မလှမ်းမကမ်းတွင် ငရဲငယ်အချို့ရှိနေကြောင်း သတိပြုရန်ပင် ဖြစ်၏။

## ငရဲကြီး (၈)ထပ် ငရဲမီး၏ပူပြင်းပုံ

"ပူပြင်းပုံကား ဘုရားရှင်မရှိသည့်နောက် မလယ မထေရ်သည် ငရဲမီး ဘယ်ကလောက် ပူပြင်းပါလိမ့် သိလိုပါသည်ဟု ဆရာကို လျှောက်ကြားသော် ဆရာမထေရ်က အရှည်၊ အစေး အားကြီးသော ထင်းစိုလှည်းတစ်စီးတိုက်ကို ကျောက်ဖျာပေါ်မှာ ပုံစေ၍ မီးတိုက်စေသော် မလောင်နိုင်ရာ၊ အဝီစိငရဲမှ နှမ်းစေ့လောက် မီးခဲမှုန့်ကလေးကို တန်ခိုးဖြင့်ယူ၍ လက်ဝါးပေါ်မှာတင်၍ မြင်ရဲ့လားဟု မေးပြပြီးလျှင် ထင်းစိုပုံထဲသို့ ချလိုက်သော် မျက်တောင်တစ်ခတ်အတွင်းမှာ ထင်းစိုလှည်းတစ်စီးတိုက်လုံး အကုန်ပြာဖြစ်၍ကုန်လေ၏။ သို့ကလောက် ပူပြင်း၏။"

[သေက္ခုတောင်ဆရာတော် ဦးတိလောက၏ ပဏ္ဍိတဝေဒနီယကျမ်း၊ စာမျက်နှာ-၁၄၁ မှ ကောက်နုတ်ချက်။]

## လောကကုမ္ဘီငရဲ

လောဟမယာ ကုမ္ဘီ လောဟကုမ္ဘီ = သံဖြင့် ပြီးသောအိုးဟု အဘိဓာန်ဋီကာ၌ ဖွင့်ပြ၏။ သံကိစ္စဇာတ် အဋ္ဌကထာ၊ နေမိဇာတ် အဋ္ဌကထာလာ အထောက်အထားများအရ လောဟေန သမ္ပုဏ္ဏာ ကုမ္ဘီလောဟကုမ္ဘီ = သံရည်၊ ကြေးနီရည်ဖြင့် ပြည့်သောအိုးဟုလည်း အဓိပ္ပာယ်ရကြောင်း ကျမ်းစာပေ အဆိုရှိ၏။ *[သံဝေဂဝတ္ထုဒီပနီ]*

ဦးဟုတ်စိန် ပါဠိ၊ မြန်မာ အဘိဓာန်၌ လောဟကုမ္ဘီကို ကြေးအိုး၊ သံအိုးဟု ဖွင့်ပြထားသည်။

ဒဂုန်ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရ အဘိဓာန်ဝညမှု လောဟကုမ္ဘီကို ကြေးနီအိုးငရဲဟု ဖွင့်ဆိုထား၏။

[ပါ၊ လောဟကုမ္ဘီ၊ လောဟ = ကြေး၊ ကုမ္ဘီ = အိုး]ဟူ၍လည်း ပါဠိသက်ဝေါဟာရအဘိဓာန်၌ ပြဆိုထားပါသည်။

လောဟကုမ္ဘီပါဠိ၏ တိုက်ရိုက်အဓိပ္ပာယ်မှာ ကြေးအိုးဟူ၍ပင် ဖြစ်သည်။

## အပါယ်(၄)ဘုံသားများ ဘဝအပြောင်းအလဲ

အပါယ်(၄)ဘုံသားများ သေပြီးလျှင် ငရဲ၊ ပြိတ္တာ၊ အသုရကာယ်များ အကျွတ်ရပြီးလျှင် ရောက်နိုင်သောဘုံဘဝများမှာ လူ့ဘုံနှင့်နတ်ပြည်ခြောက်ထပ်၊ အပါယ် (၄)ဘုံတို့ပင် ဖြစ်ကြ၏။ ဗြဟ္မာ့ဘုံသို့ကား မရောက်နိုင်ပေ။

လူ့ဘုံ၊ နတ်ဘုံများသို့ ရောက်နိုင်သည်ဆိုသော်လည်း အပါယ်မှ ကျွတ်လွတ်ကာ အပါယ်၌ ပြန်ဖြစ်ကြသူများသာ များပြား၏။ ထို့ကြောင့် လူတို့အနေဖြင့် အပါယ်မကျရောက်ဖို့ အရေးကြီး၏။

## သင်တုန်းသွားငရဲ (သင်တုန်းစက်ငရဲ)

သင်တုန်းသွားကဲ့သို့ ထက်သောလက်နက်များကို မြေပြင်မှာချထားကာ အပေါ်ထောင်ထား၏။ ငရဲထိန်းတို့သည် ငရဲသားတို့အား ထိုသင်တုန်းသွားအချွန်များပေါ် တက်နင်းစေ၏။

ထိုသင်တုန်းဓားစက်ငရဲကို မိတ္တဝိန္ဒကဆိုသူတစ်ဦး ခံစားခဲ့ရဖူးကြောင်း မိတ္တဝိန္ဒကဇာတ်တွင် ပြဆိုထားသည်။ ဤသင်တုန်းဓားစက်ငရဲကား သမုဒ္ဒရာအလယ်၌ တည်ရှိ၏။

မိဘကို ကိုယ်ထိလက်ရောက် (ကာယကံမှု) တွန်းထိုး

ပုတ်ခတ်စော်ကားတတ်သူများ၊ အလိုရမ္မက်ကြီးသူများ ဤသင်တုန်းစက်ငရဲ ကျရောက်ခံရတတ်၏။

**ကချေသည်နှင့် ပဟာသငရဲ**

"ဘုရားရှင်က ကချေသည်အဖြစ်ဖြင့် တီးမှုတ်ကခုန်တဲ့အတွက် ငရဲကျတယ်လို့ မပြောပါဘူး။ တီးဆိုက သဘင်အတတ်ဟာ များသောအားဖြင့် ကုသိုလ်ဘက်ကို အားမပေးဘူး။ အကုသိုလ်ဘက်ကို အားပေးတယ်။ အကုသိုလ်ဘက်အလေးသာနေပါလျက် ကုသိုလ်မှုလို့ ယူဆခြင်းဟာ မှားယွင်းတဲ့အယူအဆ ဖြစ်တယ်။ အဲဒီမှားယွင်းတဲ့အယူအဆကို မိစ္ဆာဒိဋ္ဌိလို့ ခေါ်တယ်။ အဲဒီမိစ္ဆာဒိဋ္ဌိ အယူအဆကသာ အပါယ်ဘုံကို ပစ်ချခြင်းဖြစ်တယ်။"

"----သဘင်သည် သေတိုင်း ပဟာသငရဲကို မရောက်ပါဘူး။ ငါတို့အတတ်ဟာ လူထုကို ဖြေဖျော်တဲ့ယဉ်ကျေးမှုအတတ်၊ ဒီအတတ်နဲ့ ဖြေဖျော်လို့ ငါတို့ အပြစ်မရှိဘူး။ ကုသိုလ်ရတယ်လို့ အယူရှိသူများသာ မိစ္ဆာဒိဋ္ဌိကံရဲ့ နှိပ်စက်မှုကြောင့် အပါယ်ကျရခြင်း ဖြစ်ပါတယ်။"

[ထီးချိုင့်မြို့၊ တည်တောဆရာတော်၏ ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေ များစာအုပ်၊ အမှတ်စဉ်-၅မှကောက်နုတ်ချက်]

**မင်းလက်ရာစာပေ**

သတ္တိသူလာငရဲ

ဤသတ္တိသူလာငရဲဒုက္ခကို ရှေးအခါက အဇ္ဇုနအမည်ရှိသော မင်းတစ်ပါး ခံစားရဖူး၏။ သတ္တိသူလာငရဲဆိုသည်မှာ သံတံကျင်ဖြင့် ထိုးခံရသောငရဲဟု အဓိပ္ပာယ်ရ၏။

တံကျင်၏အဓိပ္ပာယ်ကို မြန်မာအဘိဓာန်က "ရှေးက အပြစ်ဒဏ်ခံရသူကို ထိုးလျှိုရသော အချောင်းအတံ" ဟု ဖွင့်ပြထားသည်။

အဇ္ဇုနမင်းသည် အကျင့်သီလကောင်းနှင့်ပြည့်စုံသော ရသေ့သူတော်ကောင်းအား ပြစ်မှားစော်ကားခဲ့မှုကြောင့် ဤသတ္တိသူလာငရဲ ကျခံခဲ့ရ၏။

[သရဘင်္ဂဇာတ်]

သံသဝကငရဲ (မစင်တွင်းငရဲ)

ရေဝတီအမည်ရှိသော အမျိုးသမီးတစ်ဦး ဤငရဲ ကျရောက်ခဲ့ရ၏။ ရေဝတီသည် လူ့ဘဝ၌ရှိစဉ်က အကျင့်သီလကောင်းရှိ ရဟန်းသံဃာတော်များအား ယုတ်မာ ကောက်ကျစ်သောစိတ်ထား၊ မာယာပရိယာယ်များနှင့်အတူ ဆဲရေးတိုင်းထွာခဲ့၏။

နန္ဒိယအမည်ရှိသော သူ့လင်ယောကျ်ား၊ သူတော်

ကောင်း၏ အလှူဝတ်တို့ကို ကောက်ကျစ်စိတ်ထား၊ မာယာပရိယာယ်များသုံးကာ ဖြတ်တောက် ဖယ်ကြဉ်ပစ်သည့်အပြင် အကျင့်သီလကောင်းနှင့်ပြည့်စုံသော ရဟန်းသံဃာတော်များအား ဆဲရေးတိုင်းထွာခြင်းများ ပြုလုပ်ခဲ့သည်။

ယင်းအပြုအမူများကြောင့်ပင် ရေဝတီအမျိုးသမီးသည် လူ့ဘဝ အသက်ရှင်စဉ်ကာလ၌ပင် အလွန်နက်သော သံသဝကငရဲ (မစင်တွင်းငရဲ)သို့ ပစ်ချခြင်း ခံခဲ့ရပေသည်။

[ဝိမာနဝတ္ထုတော်]

## လောဟကုမ္ဘီငရဲ၌ ကျခံရနေသော ဒု-သ-န-သော ငရဲသား (၄)ယောက်

ဗုဒ္ဓမြတ်စွာဘုရား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်ကာလ ဖြစ်သည်။ တစ်နေ့သ၌ ပသေနဒီ ကောသလမင်းကြီးသည် မြို့တွင်းလှည့်လည်၏။ လှည့်လည်နေစဉ် မင်းကြီးသည် ချောမောလှပသော အမျိုးသမီးတစ်ဦးကို မြင်တွေ့သွား၏။ မင်းကြီးသည် ထိုအမျိုးသမီးအား မြင်မြင်ချင်းပင် တပ်မက်စွဲလမ်းသွား၏။ ချစ်ကြိုက်သွား၏။ သို့သော် ထိုအမျိုးသမီးသည် အပျိုမဟုတ်၊ လင်ရှိမယားတစ်ယောက် ဖြစ်နေ၏။

ပသေနဒီ ကောသလမင်းကြီးသည် စုံစမ်းမေးမြန်းမှု အရ ထိုအမျိုးသမီး၌ လင်ရှိကြောင်း သိရသောအခါ ယုတ်မာ မိုက်မဲသောအကြံကို ကြံစည်တော့၏။ ထိုအကြံမှာ သူ့လင်ကို သတ်၍ သူ့မိန်းမကို ယူမည်ဟူသောအကြံပင် ဖြစ်၏။

အကြံဆိုးကိုကြံကာ စီစဉ်စရာများ စီစဉ်ပြီး ပသေနဒီ ကောသလမင်း အိပ်ရာဝင်ခဲ့၏။ အိပ်ရာဝင်ခဲ့သော်လည်း ကောသလမင်းကြီး အိပ်မပျော်နိုင်ခဲ့။ သန်းခေါင်ကျော်လာသည် အထိ အိပ်မပျော်နိုင်သေး။

ထိုသို့ ကောသလမင်းကြီး အိပ်မပျော်ဖြစ်နေစဉ် ထူးခြား သော၊ ကြောက်ရွံ့ထိတ်လန့်ဖွယ်ကောင်းသော အသံကြီးများ ကြားလိုက်ရ၏။ ထိုအသံကြီးများ ကြားရသောအခါ ပသေနဒီ ကောသလမင်းကြီး အလွန်ကြောက်ရွံ့ ထိတ်လန့်တုန်လှုပ်သွား ၏။ စိုးရိမ်မှုတွေလည်း ဖြစ်သွား၏။

ပသေနဒီ ကောသလမင်းကြီးသည် ဤအသံကြီးများ ကြားရခြင်းအပေါ် အတိတ်ကောင်း၊ နိမိတ်ကောင်းဟု မြင်မိ ဟန်မတူ။ အတိတ်ဆိုး၊ နိမိတ်ဆိုးအဖြစ်သာ မြင်မိဟန်တူ၏။ ဤအသံကြီးများကြားပြီးနောက် အကြောင်းသုံးရပ်အတွက် အလွန်စိုးရိမ်ပူပန်သွား၏။

ထိုအကြောင်းရပ်သုံးရပ်မှာ သူ၏အသက်၊ သူ၏စည်းစိမ်

နှင့် သူ၏မိဖုရားပင် ဖြစ်၏။ သူ့အသက်၊ သူ့စည်းစိမ်၊ သူ့မိဖုရားတို့အတွက် စိုးရိမ်ပူပန်မှုဖြင့် တွေးရင်းတောရင်း တစ်ညလုံးပင် အိပ်မပျော်ခဲ့တော့ပေ။

မနက်လင်းသောအခါ ပသေနဒီ ကောသလမင်းကြီး သည် သူ၏ ပုရောဟိတ်ပုဏ္ဏားကိုခေါ်ကာ ညက ကြားရသော အသံကြီးများအကြောင်း ပြောပြ၏။ သူကြားရသော အသံကြီး များမှာ ဒု-ဟူသောအသံ၊ သ-ဟူသော အသံ၊ န-ဟူသော အသံ၊ သော-ဟူသော အသံတို့ဖြစ်ကြောင်း ပုရောဟိတ်အား ပြောပြ၏။

ပုရောဟိတ်ပုဏ္ဏားကား ထိုအသံကြီးများအကြောင်း အကောင်းအဆိုး ဘာမျှမသိပေ။ သို့သော် တစ်ခုခုတော့ ဆောင်ရွက်ပေးရမည် ဖြစ်၏။ လာဘ်ရဖို့အတွက် ပုရောဟိတ် ပုဏ္ဏား အစီအစဉ် ဆွဲလိုက်တော့၏။

"မင်းကြီး၊ ဤကိစ္စသည် မင်းကြီးအတွက် အသက် အန္တရာယ်ပြုနိုင်သော အကြောင်းတရား ဖြစ်ပါသည်"

ကောသလမင်းကြီး အကြောက် ပိုသွားတော့၏။ ချမ်းသာခွင့်ရအောင် လုပ်ပေးဖို့လည်း မင်းကြီးက ပုရောဟိတ် ကို တောင်းဆိုပေ၏။ လိုရာကိစ္စများ ဆောင်ရွက်ပေးမည်ဟု လည်း မင်းကြီးက ဆို၏။

ထိုအခါ ပုရောဟိတ်က သဗ္ဗသတယဇ် ပူဇော်ရမည်ဟု ဆိုသည်။ သဗ္ဗတယဇ်ဆိုသည်မှာ သတ္တဝါများစွာတို့ဖြင့် ပူဇော်သောယဇ်ဟု ဆိုလိုပေသည်။ ထိုသဗ္ဗသတယဇ်အတွက် ဆင်၊ မြင်း၊ နွားထီး၊ နွားမ၊ မြည်း၊ ဆိတ်၊ ဝက်၊ ကြက်နှင့် သတို့သမီး (မိန်းမပျို) တစ်ရာစီလိုကြောင်း ပုရောဟိတ်က မင်းကြီးအား တောင်းဆိုလိုက်၏။ တစ်မျိုးလျှင် တစ်ရာစီ ပေးရမည် ဖြစ်၏။ မိန်းကလေးတစ်ရာပင် ပါရဦးမည် ဖြစ်၏။ ပုရောဟိတ်၏အကြံဉာဏ်ကား ယုတ်မာပက်စက်လှ၏။

ပသေနဒီကောသလမင်းသည် သူ ချမ်းသာရာရဖို့သည်သာ ပဓာန ဖြစ်၏။ ဤသို့ဖြင့် ဖော်ပြပါ အရာဝတ္ထုများရရန် မင်းချင်းတို့အား တာဝန်ပေးလိုက်တော့၏။ မင်းချင်းတို့က လည်း တစ်ရာစီခိုင်းသည်ကို ငါးရာစီရအောင်ပင် စုဆောင်းကြ၍ လုပ်ပေးကြ၏။

ယဇ်ပူဇော်ရန် တိရစ္ဆာန်များသာမက လူအမျိုးသမီးများပါ ပါဝင်နေရာ ထိုအမျိုးသမီးတို့နှင့် သက်ဆိုင်သူများ၏ ငိုကြွေးသံများမှာ မြေပြိုသကဲ့သို့ပင် ရှိနေတော့၏။ အုန်းအုန်း ကျွက်ကျွက် ဖြစ်နေတော့၏။ ထိုအသံများကို ကောသလမင်းကြီး၏ဇနီး မလ္လိကာမိဖုရားကြီး ကြား၏။

မိဖုရားကြီးမလ္လိကာသည် ဘုရင်ကောသလအား သွား

ရောက်တွေ့ဆုံ၏။ ကောသလမင်းကြီး ဣန္ဒြေပျက်နေသည်ကို မိဖုရားကြီး သိလိုက်၏။

"ဘယ်လိုပါလဲ မင်းကြီး၊ မျက်နှာတွေ မကောင်းပါလား။ ပင်ပန်းနွမ်းနယ်နေပါသလား"

မလ္လိကာမိဖုရားကြီးက မေးသည်။ ထိုအခါ မင်းကြီးက ညက အသံကြီးများ ကြားရပုံအကြောင်း၊ ထိုအသံကြီးများမှာ မိမိ အသက်အန္တရာယ်ကျရောက်မည့် အတိတ်ဆိုး၊ နိမိတ်ဆိုးများဟု ပုရောဟိတ်ကြီးက ဟောကြောင်း၊ အသက်အန္တရာယ်ကင်း၍ အသက်ရှည်စေရန်အတွက် ပုရောဟိတ်ကြီးက စီစဉ်နေကြောင်း၊ မိန်းကလေးအယောက်တစ်ရာ အပါအဝင် တိရစ္ဆာန်အများအပြား၏အသက်များကို သတ်ပြီး ယဇ်ပူဇော်ရန် ဖမ်းဆီးစုစည်းနေကြောင်း ပြောပြသည်။

ထိုအခါ မလ္လိကာမိဖုရားက ဤသို့ ရှုတ်ချပြောကြား၍-

"အသင်မင်းကြီးသည် ဘုရင်မင်းပင်ဖြစ်သော်ငြားလည်း အလွန်မိုက်မဲလှပေစ"

မိဖုရားကြီး မလ္လိကာ၏စကားကို ကြားရသောအခါ ပသေနဒီကောသလမင်းကြီးက ဤသို့ ပြန်ပြော၏။

"မိဖုရားကြီး၊ သင့်စကား ပြင်းထန်လွန်းလှပါ၏။ နားကို လှံဖြင့် ထိုးသလိုဖြစ်ပြီး ထိပ်ကို မိုးကြိုးပစ်သလို

ဖြစ်၏။ ဘာကြောင့် ဒီလိုဆိုရပါသလဲ မိဖုရားကြီး''

''မင်းကြီး…ပုဏ္ဏားမိုက်၏စကားကို ဘာကြောင့် ယုံရပါသလဲ။ ပုဏ္ဏားစကားကိုယုံပြီး ကိုယ့်ဒုက္ခကို သူတစ်ပါးခေါင်းပေါ်သို့ ဘာကြောင့် ပစ်ချရပါသလဲ။ ဗုဒ္ဓဘုရားရှင်ရှိပါလျက်နှင့် ဗုဒ္ဓဘုရားရှင်အား သွားလျှောက်ပါတော့လား။ ဗုဒ္ဓဘုရားရှင်၏ အဆုံးအမအတိုင်းသာ လိုက်နာသင့်သည် မဟုတ်ပါလား''

မိဖုရားကြီးက ဤသို့ ပြောပြလိုက်၏။ ထိုအခါ ကောသလမင်းကြီးသည် ဗုဒ္ဓဘုရားရှင်ထံသို့ သွား၏။ ကြားခဲ့ရသော အသံကြီးများအကြောင်း ဗုဒ္ဓမြတ်စွာအား လျှောက်ထား၏။ မြတ်စွာဘုရားက ပသေနဒီကောသလမင်းကြီးအား ဤသို့ မိန့်ကြားတော်မူ၏-

''ဒကာတော်မင်းကြီး…မကြောက်နှင့်။ စိုးရိမ်စရာမရှိ။ သင့်အတွက် အန္တရာယ် မရှိ။ ငရဲကျရောက်နေသူတို့ သူတို့၏ဆင်းရဲကို ထုတ်ဖော်ပြဆိုသည့်အနေဖြင့် ဤသို့ အော်ဟစ်ကြွေးကြော်ပြောဆိုကြခြင်း ဖြစ်ပေသည်''

ဗုဒ္ဓမြတ်စွာဘုရားက ပသေနဒီကောသလမင်းကြီးအား ယင်းသို့ မိန့်ကြားတော်မူပြီးနောက် အတိတ်ဇာတ်ကြောင်းကိုပါ ပြန်ပြောင်းဟောပြတော်မူ၏။

**မင်းလက်ရာစာပေ**

ကဿပဘုရားရှင် ပွင့်တော်မူနေစဉ်ကာလ ဖြစ်၏။ ထိုစဉ်က လူတို့၏အသက်တမ်းမှာ နှစ်သောင်းတမ်း ဖြစ်၏။

တစ်နေ့သ၌ ကဿပဘုရားရှင်သည် ရဟန္တာနှစ်သောင်း ခြံရံလျက် ဒေသစာရီ ကြွချီတော်မူပါသည်။ ကဿပဗုဒ္ဓ ရှင်တော်မြတ်သည် ဗာရာဏသီပြည်သို့ ဆိုက်ရောက်တော်မူ၏။ ဗာရာဏသီပြည်သူပြည်သားတို့က ဆွမ်းဝတ်ပြုကြ၏။ ဒါန ပြုကြ၏။

ထိုအချိန်တွင် ဗာရာဏသီပြည်၌ ကုဋေလေးဆယ် ကြွယ်ဝသော သူဌေးသားလေးယောက်တို့ကား သူတို့၏ ကာမ ဂုဏ်ကိစ္စ၊ အပျော်အပါးကိစ္စများအတွက် တိုင်ပင်နေကြလေ၏။

"ငါတို့မှာ ပစ္စည်းဥစ္စာတွေ အများကြီးပဲ၊ ဒီပစ္စည်းဥစ္စာ တွ ဘာလုပ်ကြမလဲ"

တစ်ယောက်က ပြောသည်။

"တို့ ခု အရက်သောက်ကြမယ်၊ အမြည်းလည်း ကောင်းကောင်းစားကြမယ်ကွာ၊ ပြီးတော့ လျှောက်လည်ကြ၊ ပတ်ကြမယ်"

နောက်တစ်ယောက်ကလည်း ပြောပြန်၏။

"ထမင်းကောင်းကောင်း၊ ဟင်းကောင်းကောင်းတွေနဲ့ စားပစ်ကြမယ်။ လျှောက်ပြီးလည်း လည်ကြမယ်"

နောက်တစ်ယောက်ကလည်း ပြောပြန်သည်။

"အရသာရှိတဲ့ စားစရာတွေ၊ ထူးထူးခြားခြား သရေစာတွေ စားကြမယ်။ ပြီးတော့ လျှောက်လည်ကြမယ်"

ဤသုံးယောက်တို့ကား အစားအသောက်ကိစ္စအတွက် အဆိုပြုကြ၏။ လေးယောက်မြောက် နောက်ဆုံးလူကား ရှေ့သုံးယောက်နှင့်မတူ တစ်မူထူးခြားစွာဖြင့် ဤသို့သောစကားကို ပြောဆို၏။

"ပစ္စည်းဥစ္စာ အဖိုးအခပေးပြီး သူတစ်ပါးမယား၊ လင်ရှိမယားနဲ့ ပျော်ပါးကြရအောင်၊ ဒီလို ပျော်ပျော်ပါးပါး နေတာဟာ အကောင်းဆုံးပဲ။ ဒီလို ပျော်ပါးပြီး အသက်ရှင်နေရခြင်းဟာ ကောင်းသောအသက်ရှင်ခြင်းပဲ"

သူတစ်ပါး မယားမိန်းမများနှင့် ပျော်ပါးကြရအောင် ဟူသော၊ နောက်ဆုံးဖြစ်သော လူ၏စကားကို အားလုံး အကြိုက်တွေ့ သဘောတူညီလိုက်ကြ၏။ ရှေ့က သုံးယောက် ဆိုခဲ့ကြသည့် အစားအသောက်ကိစ္စများကို ပစ်ပယ်ခဲ့ကြတော့၏။

ဤသို့ဖြင့် သူတို့သူငယ်ချင်း သူဋ္ဌေးသား လေးယောက်တို့သည် ငွေရေးကြေးရေး၊ ပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝမှုကို အခြေခံလျက် သစ္စာပျက်ပြား လင်ရှိမယားတို့နှင့် ပျော်ပါးကြ

လေတော့၏။

ဤကဲ့သို့ သူတစ်ပါးဇနီးမယား ကျူးကျော်ပြစ်မှားခဲ့ကြသော သူဌေးသားလေးယောက်တို့ ကွယ်လွန်သောအခါ လေးယောက်စလုံး အဝီစိငရဲ ကျရောက်ကြရလေတော့၏။ ဘုရားနှစ်ဆူတို့အကြားကာလပတ်လုံး အဝီစိငရဲ၌ နေခဲ့ကြရသည်။

ထိုအဝီစိငရဲမှ လွတ်သောအခါတွင်လည်း သူတို့လေးယောက်သည် ကောင်းရာဘဝ မရောက်ကြရသေးဘဲ လောဟကုမ္ဘီငရဲသို့ ကူးပြောင်းကာ ငရဲဒုက္ခကို ဆက်လက်ခံစားကြရ၏။ အကုသိုလ်အကြွင်းအကျန်ကို ခံစားရသည့်အနေဖြင့် ယခု လောဟကုမ္ဘီငရဲမှာ ဆက်လက်ခံစားကြရခြင်းဖြစ်သည်။

လောဟကုမ္ဘီငရဲသည် ယူဇနာ (၆၀)ကျယ်ဝန်း၏။ သူတို့လေးယောက်စလုံး အနှစ်ခြောက်သောင်း ယင်းငရဲ၌ ခံစားကြရမည် ဖြစ်၏။ အနှစ်သုံးသောင်းက ထိုငရဲ၏ အောက်အပြင်မှာ နေရမည်ဖြစ်ပြီး ကျန်အနှစ်သုံးသောင်းမှာ ထိုငရဲ၏ အပေါ်ဘက်ပိုင်းမှာ နေရမည်ဖြစ်၏။

သူတို့လေးယောက်သည် လောဟကုမ္ဘီငရဲ၀ အပေါ်ရောက်ခိုက် ဂါထာတစ်ပုဒ်စီ ရွတ်ဆိုရန် ကြိုးစားကြ၏။

တစ်ဦးနှင့်တစ်ဦး နှောင်တစကား ပြောကြားရန် အားထုတ်ကြ၏။ သို့သော် စကားကိုဆုံးအောင် မပြောနိုင်ကြ။ ရှေ့ဆုံးအစ တစ်လုံးစီသာ ပြောနိုင်ဆိုနိုင် ရွတ်နိုင်ကြ၏။ အစတစ်လုံး အပြီးမှာပင် ငရဲအိုးထဲ ပြန်နစ်သွားကြရ၏။

ပထမငရဲသားက ဂါထာ၏အစ ဒု-ဟုသာ ဆိုနိုင်ပြီး ပြန်မြုပ်သွားသည်။ ဒုတိယငရဲသားကလည်း သ-ဟုသာ ဆိုနိုင်ပြီး ပြန်မြုပ်သွားရပြန်သည်။ တတိယငရဲသားကလည်း န-ဟုသာဆိုနိုင်ပြီး ပြန်မြုပ်သွားပြန်သည်။ စတုတ္ထ ငရဲသားကလည်း သော-ဟုသာ ဆိုနိုင်ပြီး ပြန်မြုပ်သွားပြန်သည်။ ဤငရဲသားလေးဦးတို့၏ အစ စကားလုံးလေးလုံးကိုပင် ဒု၊ သ၊ န၊ သောဟု ပြောဆိုကြခြင်း ဖြစ်၏။

ဗုဒ္ဓဘုရားရှင်သည် ကောသလမင်းကြီးအား အသံကြီးများ အော်ဟစ်ကြသည့် ဖြစ်ရပ်အတိတ်ဇာတ်ကို ဟောကြားပြလိုက်၏။ မင်းကြီး ညအချိန်မတော် ကြားရသောအသံကို ပြောပါဟု မိန့်ကြားသောအခါ ဒု၊ သ၊ န၊ သောဟူသော စကားလုံးလေးလုံးဖြစ်ကြောင်း မင်းကြီးက လျှောက်ထားသည်။

ထိုအခါ မြတ်စွာဘုရားက ယင်း ဒု-သ-န-သော ဟူသော စကားလုံး လေးလုံး (အက္ခရာလေးလုံး)နှင့် စပ်လျဉ်း၍

အဓိပ္ပာယ်အကျယ်ကို ဖွင့်ဆိုဟောကြားတော်မူပါ၏။

မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်ကို ကြားနာရသောအခါ ကောသလမင်းကြီး သံဝေဂရသွားပေ၏။ မကောင်းမှုအရာ၌ သံဝေဂ= ထိတ်လန့်တုန်လှုပ်မှုသဘော ဖြစ်သွား၏။ ဤသို့ဖြင့် ကောသလမင်းကြီး၏ သူ့လင်ကို သတ်၍ သူ့မယားကို ယူမည်ဟူသော အစီအစဉ်များလည်း ပျက်ပြယ်သွားပြီ ဖြစ်တော့၏။

[စတုကနိပါတ်ဇာတ်အဋ္ဌကထာ၊
ဓမ္မပဒ အဋ္ဌကထာ။ သံဝေဂဝတ္ထုဒီပနီ]

လောဟကုမ္ဘီငရဲ၌ ကျခံနေရသော သူဌေးသားများ ဖြစ်ကြသည့် ငရဲသား လေးယောက်တို့ဆိုကြသော ဒု-သ-န-သော စကားလုံး (အစအက္ခရာ)တို့၏ နောက်ဆက်တွဲ စကားလုံးအက္ခရာ အပြည့်အစုံကို ဗုဒ္ဓဘုရားရှင်က ဆက်လက် ဟောကြားတော်မူခဲ့ပါ၏။ ထိုဂါထာများကို ပါဠိ၊ အနက်၊ နိဿယ စကားပြေများနှင့်အတူ ဖော်ပြလိုက်ပါသည်။

မင်းလက်ရာစာပေ

ဒု-၏နောက်ဆက်တွဲ စကားလုံးများနှင့်အဓိပ္ပာယ်

ဒုဇ္ဇီဝိတ မဇီဝိမှ၊ ယေသံနော န ဒဒါမသေ။
ဝိဇ္ဇမာနေသု ဘောဂေသု၊ ဒီပံ န ကမ္ဗမတ္တနော။
[စတုက္ကလောဟကုမ္ဘီဇာတ်ပါဠိ]

ဘော - ငါနှင့်တူသော အို…သူငယ်ချင်းတို့။ ယေသံနော - သူ့သားမယား ဖောက်ပြားခဲ့ရာ အကြင်ငါတို့သည်။ ဒုဇ္ဇီဝိတံ - ယုတ်မာညစ်ကျူ မကောင်းသော အသက်မွေးမှုကို။ အဇီဝိမှ-ဝါသနာဆိုးဘိ အသက်မွေးမိကြကုန်၏။ ဘောဂေသု-စည်းစိမ်ချမ်းသာ ရတနာတို့သည်။ ဝိဇ္ဇမာနေသု-ကိုယ်ဝယ်မှတ်သား ထင်ရှားရှိကုန်လျက်။ ဒါနံ-စေတနာဖွေးဖြူ မြတ်အလှူကို။ န ဒဒါမသေ-ဣဿာ၊ မစ္ဆေ ညစ်ကြေးပေလျက် တွေဝေငေးထူ မပေးလှူမိကုန်။ အတ္တနော-မိမိ၏။ ဒီပံ-မှီခိုရာညွှန်း ကိုင်းကျွန်းသဖွယ်ဖြစ်သော။ ကမ္မံ-ကုသိုလ်ကောင်းမှု အစုစုကို။ နာ ကရမှ-သတိမေ့လျော့ကာ မပြုမိကြပါကုန်တကား။

[ပခုက္ကူအရှင်ကေသရ၏ ဝရဒါနာဒိဒီပကကျမ်းမှ ကောက်နုတ်ဖော်ပြသည်။]

မင်းလက်ရာစာပေ

## မြန်မာစကားပြေအနှစ်ချုပ်

အို… သူငယ်ချင်းတို့၊ သူတစ်ပါး ဇနီးမယား ကျူးလွန်ဖောက်ပြားခဲ့ကြသော ငါတို့သည် မကောင်းသော အသက်မွေးမှုဖြင့် အသက်မွေးမိကြကုန်၏။ စည်းစိမ်ချမ်းသာရတနာတို့ အထင်အရှားရှိကြကုန်လျက် အလှူဒါနကို မပေးလှူမိကြကုန်။ မိမိ၏မှီခိုရာ ကိုင်းကျွန်းသဖွယ်ဖြစ်သော ကုသိုလ်ကောင်းမှုအစုစုကို မပြုမိကြပါကုန်တကား။

ဒု-ဟု ပြောဆိုသော ပထမငရဲသား၏ ဒု-နောက်မှ စကားလုံးများနှင့် အနက်အဓိပ္ပာယ်တို့ပင် ဖြစ်သည်။ အခြားသူ့သူငယ်ချင်း ငရဲသားသုံးဦးတို့အား ပြောပြချင်သော နောင်တ စကားလုံးများပင် ဖြစ်ပါ၏။

### သ-၏နောက်ဆက်တွဲ စကားလုံးများနှင့်အဓိပ္ပာယ်

သဋ္ဌိဝဿ သဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။
နိရယေ ပစ္စမာနာနံ၊ ကဒါ အန္တော ဘဝိဿတိ။
[လောဟကုမ္ဘီဇာတ်ပါဠိ]

နိရယေ-ဟိန်းသံဟည်းသံ ဒီးဒီးညံမျှ မီးလျှံမစဲ ပါယ် ငရဲ၌။ ပစ္စမာနုဘုံ-အကုသိုလ်ကံ စီမံဖန်ချက် ကျက်ကြရကုန်သော ငါတို့အား။ သဗ္ဗသော-ဥဿုံမကြွင်း အလုံးစုံသော အခြင်းအရာအားဖြင့်။ သဋ္ဌိဝဿသဟဿာနိ-ရေတွက်စုပေါင်း အနှစ်ခြောက်သောင်းတို့သည်။ ပရိပုဏ္ဏာနိ -မြုပ်တုံ၊ ပေါ်တုံ ပြည့်ခဲ့ကြကုန်ပြီ။ ကဒါ-ဘယ်အချိန်သမယ အဘယ်ကာလ၌။ အန္တော-ရေတွက်မှတ်သား အဆုံးအပိုင်းအခြားသည်။ ဘဝိဿတိ-ဧကန်စင်စစ် ဖြစ်လတ္တံ့နည်း။

[ပခုက္ကူအရှင်ကေသရ၏ ဝရဒါနာဒီဒီပကကျမ်းမှ ကောက်နုတ်ဖော်ပြပါသည်။]

## မြန်မာစကားပြေအနှစ်ချုပ်

အပါယ်ငရဲ၌ ကျရောက်ကြရသော ငါတို့အား အလုံးစုံသော အခြင်းအရာအားဖြင့် အနှစ်ခြောက်သောင်း ပြည့်ခဲ့ကြကုန်ပြီ။ ဘယ်အချိန်၊ ဘယ်ကာလကျမှ အရေအတွက် အပိုင်းအခြား ပြီးဆုံးပါလိမ့်မည်နည်း။

မင်းလက်ရာစာပေ

**န-၏နောက်ဆက်တွဲ စကားလုံးများနှင့်အဓိပ္ပာယ်**

နတ္ထိ အန္တော ကုတော အန္တော၊ န အန္တော ပတိဒိဿတိ။
တဒါဟိ ပကတံ ပါပံ၊ မမ တုယှဉ္စ မာရိသ။
[လောဟကုမ္ဘီဇာတ်ပါဠိ]

မာရိသ-ငါနှင့်တူသော ချစ်မိတ်ဆွေ။ မမ-သူ့သား မယား မှောက်မှားခဲ့ရာ ငါသည်လည်းကောင်း။ တုယှဉ္စ-ငါ နှင့်တစ်မူ တူခဲ့လေအင် သင်သည်လည်းကောင်း။ တဒါဟိ-ထိုသူဌေးသားဘ၀ဖြစ်ကြရာ ကာလဥ္စသာလျှင်။ ပါပံ-ယုတ်မာညစ်ကျူ ပရဒါရ မကောင်းမှုကို။ ပကတံ-ယုတ်မာ စိတ်သွား ဖောက်ပြားများစွာ ပြုအပ်ခဲ့ပါပြီ။ အန္တော-ဒုက္ခခံစား အဆုံးအပိုင်းအခြားသည်။ နတ္ထိ - စင်စစ်ကေန် အမှန်မရှိချေ။ ကုတော-သေချာစုပေါင်း မည်သည့်အကြောင်းကြောင့်။ အန္တော -ဒုက္ခခံစား အဆုံးအပိုင်းအခြားသည်။ အတ္ထိ-ကေန်တိတိ ရှိပါ မည်နည်း။ အန္တော-အကုသိုလ်ကံ စီမံဖန်ငြား ခံစားရခြင်း၏ အဆုံး အပိုင်းအခြားသည်။ န ပတိဒိဿတိ- မုချမှန်စွာ မထင်ခဲ့ ပါတကား။

[ပခုက္ကူ အရှင်ကေသရ၏ ဝရဒါနာဒိဒီပကကျမ်းမှ ကောက်နုတ်ဖော်ပြ ပါသည်။]

မင်းလက်ရာစာပေ

## မြန်မာစကားပြေအနှစ်ချုပ်

ငါနှင့်ဘဝတူ ချစ်မိတ်ဆွေ၊ ငါသည်လည်းကောင်း၊ သင်သည်လည်းကောင်း သူဌေးသားဘဝ ဖြစ်ခဲ့ကြစဉ်တုန်းက ပရဒါရကံဟုခေါ်သော သူ့မယား ကျူးလွန်ပြစ်မှားမှုကံကို ယုတ်မာသော စိတ်ဖြင့် ပြုခဲ့ကြပါပြီ။ ဒုက္ခခံစားရမှု အပိုင်းအခြား မရှိပါချေ။ အဘယ်အကြောင်းကြောင့် ဒုက္ခခံစားရမှု အပိုင်းအခြား ရှိနိုင်ပါမည်နည်း။ ဒုက္ခခံစားအဆုံး အပိုင်းအခြားသည် မထင်မမြင်နိုင်အောင် ဖြစ်ရပါတော့၏။

**သော-၏နောက်ဆက်တွဲ စကားလုံးများနှင့်အဓိပ္ပာယ်**

သောဟံ နုန ဣတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသံ။
ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုံ။
တဒါဟိ ပကတံ ပါပံ၊ မမ တုယှဥ္စ မာရိသ။
[လောဟကုမ္ဘီဇာတ်ပါဠိ]

သော-အဟံ-သူ့သားမယား ဖောက်ပြားခဲ့ရာ ထိုသည့်ငါသည်။ ဣတော-ဒုက္ခမစဲ ဤလောဟကုမ္ဘီ ငရဲမှ။ ဂန္တွာ-ကံအားလျော် သွားခဲ့သည်ရှိသော်။ မာနုသံ-ကြုံခဲရခဲ မလွဲစင်စစ် လူ၌ဖြစ်သော။ ယောနိံ-သုဂတိအနေ ပဋိသန္ဓေကို။

လဒ္ဒါန-ကံကောင်းထောက်မ အရတော်စွာ ရခဲ့ပါသော်။ ဝဒညူ-သူတော်ကောင်းများ ညွှန်ကြားပြသ ဆိုဆုံးမစကားကို သိသည်။ သီလသမ္ပန္နော-အကျင့်သီလ အာစာရနှင့် ပြည့်စုံသည်။ ဟုတွာ-ဖြစ်၍။ နူန-စင်စစ်ကေန် အမှန်အားဖြင့်။ ဗဟုံ-များပြားလှစွာသော။ ကုသလံ-အရိပ်ပမာ မကွာလိုက်တတ်ကုသိုလ်မြတ်ကို။ ကာဟာမိ-စေတနာထက်သန်စွာ ပြုပါတော့အံ့။

[ပခုက္ကူ အရှင်ကေသရ၏ ဝရဒါနာဒိ ဒီပကကျမ်းမှ ကောက်နုတ်ဖော်ပြပါသည်။]

## မြန်မာစကားပြေအနှစ်ချုပ်

ငါသည် ဤလောဟကုမ္ဘီငရဲမှ ကံအားလျော်စွာ လွတ်သွားခဲ့ရပြီး လူဖြစ်ခဲ့ရပါသော် သူတော်ကောင်းတို့၏ အဆုံးအမစကားကို သိနားလည်သူ၊ အကျင့်ကောင်း အကျင့်မြတ်နှင့် ပြည့်စုံသူဖြစ်ပြီး ကုသိုလ်ကောင်းမှုတွေကို စေတနာထက်သန်စွာ ပြုလုပ်ပါတော့မည်။

ဒု-သ-န-သော၏ အဓိပ္ပာယ်ကို ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။ လင်ရှိမယား ကျူးလွန်ပြစ်မှားလျှင် ဤသို့ ငရဲ၌

ခံရပေမည်။ မယားရှိသောလင်ကို ကျူးလွန်ပြစ်မှားသော မိန်းမ အတွက်လည်း ငရဲက ကြိုဆိုနေမည်သာ ဖြစ်၏။

[မှတ်ချက်။ ။ ဤသူဌေးသားလေးယောက်ကိုပင် အချို့က ကောသလမင်းကြီး၏ သားလေးယောက်လားဟု တွေးဆမေးမြန်းသူများ ရှိခဲ့ဖူးသည်။ ထိုလေးယောက်မှာ ကောသလမင်းကြီး၏သားများ မဟုတ်ကြပါ။ အခြားသူဌေး များ၏သားများ၊ သူငယ်ချင်းများ ဖြစ်ကြပါသည်။]

## မလွဲမမှားနိုင်သောလမ်းကို လိုက်ကြစို့

ဗုဒ္ဓဘာသာဝင်များ လောက၌ များသောအားဖြင့် ငရဲ ရှိသည်ဆိုသောအချက်ကို ယုံကြည်ကြ၏။ အချို့သော လူနည်းစုက ငရဲကို လက်မခံလိုကြပေ။ ငရဲကို လက်မခံလို သူများအနေဖြင့် လက်မခံရခြင်းအကြောင်းအမျိုးမျိုး ရှိနေပေ သည်။

လူ့ဗာလ = (လူမိုက်) များအဖို့ ငရဲကို ပယ်ကြမည် ဖြစ်၏။ ထိုသူများအဖို့ ငရဲမရှိလေ ကောင်းလေပင် ဖြစ်၏။ ငရဲမရှိတော့ အစွမ်းကုန် မိုက်ချင်တိုင်းမိုက်နိုင်၏။ လူမိုက်များက ဤသို့ ကိုယ့်အတွေးနှင့်ကိုယ် ငရဲကို ပယ်ကြမည်ဖြစ်၏။

နောက်တစ်မျိုးမှာ မျက်စိနှင့် ကိုယ်တိုင် မမြင်ရ၍ ငရဲ

မရှိဟု ယူဆသူမျိုးများပင် ဖြစ်ကြ၏။ ဤအရာကား ဆင်ခြင်စဉ်းစားမှု၊ တွေးခေါ်မှုနှင့်ဆိုင်၏။

ဤလောက၌ အချို့သောအရာများမှာ သာမန်မျက်စိဖြင့် မြင်ရ၍ အချို့သောအရာများမှာ သာမန်မျက်စိဖြင့် မမြင်ကြရပေ။ အချို့သောအရာများကား သိပ္ပံပညာဆိုင်ရာ ကိရိယာများဖြင့် ကြည့်မှ မြင်နိုင်ကြရသည်လည်း ရှိ၏။

သရက်သီးကို ခွဲစိတ်လိုက်ရာ အပြစ်အနာမရှိသော အသားကို တွေ့ရ၏။ ထိုသရက်သီး (အသား)ကို သာမန်အမြင်ဖြင့်ကြည့်လျှင် သက်သတ်လွတ် အစာအာဟာရ ဖြစ်နိုင်စရာ အခြေအနေမျိုး တွေ့မြင်ရ၏။ ထို့အတူ အာလူးကို ခွဲခြမ်းကြည့်လိုက်လျှင် အပြစ်အနာမရှိသော အသားကို တွေ့မြင်ရ၏။ ထိုအာလူးခြမ်း (အာလူး) ကိုလည်း သာမန်ကြည့်လျှင် သက်သတ်လွတ် အာဟာရဟု ထင်ရဖွယ်ရှိ၏။ သိပ္ပံဆိုင်ရာ မှန်ပြောင်းစသော အစွမ်းထက် ကိရိယာများဖြင့် ကြည့်သော အခါ ထိုအသီးတို့၏ အသားများထဲ၌ မျက်စိဖြင့် မမြင်နိုင်သော ပိုးကောင်ကလေးများ တရွရွ လှုပ်ရှားနေကြသည်ကို တွေ့မြင်ကြရပေမည်။

ထို့ကြောင့် ဗုဒ္ဓပိဋကတ်စာပေနှင့် သိပ္ပံပညာရပ်ဆိုင်ရာ အယူအဆ ပေါင်းစပ်လေ့လာသူများက အစာအာဟာရအရာ၌

ဤကမ္ဘာတွင် သက်သတ်လွတ်ဟူ၍ပင် မရှိနိုင်ကြောင်း အဆိုပြုရေးသားကြ၏။

ဤသည်မှာ အရာဝတ္ထုတစ်ခုအပေါ် သာမန်မျက်စိ အမြင်ထက် သိပ္ပံကိရိယာအမြင်ဖြင့် ထိုးထွင်းကြည့်ရှုမှုက ပို၍ထက်မြက်ကြောင်း သာဓက ဖြစ်ပါသည်။ အချို့သော အရာများ၊ အကြောင်းကိစ္စများတွင် လူတို့ သာမန် မျက်စိနှင့် လည်း မမြင်ရ၊ သိပ္ပံပညာအမြင်ဖြင့် ကြည့်ရှု၍လည်း မမြင်ရ သောအရာများ၊ အကြောင်းကိစ္စများ များစွာရှိနေကြောင်း သတိပြုရမည် ဖြစ်သည်။ ကိုယ်စားသည့် အာဟာရ အရာဝတ္ထု ထဲ၌ပင် သာမန်မျက်စိဖြင့် အလွန်သေးငယ်သော ပိုးကောင် ကလေးများ ရှိ-မရှိ၊ မမြင်နိုင်ပေရာ ငရဲတို့၊ နတ်တို့ကဲ့သို့သော ဘဝခြား၊ ဘဝအမျိုးမျိုးများကို အဘယ်သို့ မြင်နိုင်အံ့နည်း။ မြင်နိုင်ဖွယ်ရာ မရှိပါ။

ငရဲမရှိဟုဆိုကာ လုပ်ချင်ရာတွေလုပ်၊ မကောင်းမှု အကုသိုလ်တွေ ကျူးလွန်ခဲ့သော် လက်ရှိလူ့လောကငရဲဟု ခေါ်နိုင်သည့် ထောင်ငရဲ၌ ခံရမည် ဖြစ်သည်။ ကိုယ်ပြုခဲ့သည့် အပြစ်ဆိုးကျိုးတွေကား လူ့လောက ထောင်ကျရုံနှင့် ပြီးပြီ မထင်နှင့်။ ကျေပြီမထင်နှင့်။ နောင်တွက် ဆက်လက်၍ အသင်တို့ မယုံသော၊ ငရဲဆိုသော ထောင်ကြီးက အသင်တို့နေဖို့

အတွက် အဆင်သင့် စောင့်ကြိုနေပေဦးမည်။

ဤနေရာ၌ မလွှဲမရှောင်နိုင်သောလမ်းကို လိုက်ဖို့လိုပါသည်။ မလွှဲမရှောင်နိုင်သောလမ်းဆိုသည်မှာ ငရဲရှိသည် မရှိသည် ဆိုခြင်းထက် လက်ရှိလူ့လောကတွင် မကောင်းတာလုပ်လျှင် မကောင်းကျိုး ခံစားရသလို၊ ယခု မကောင်းတာလုပ်လျှင် နောင်မကောင်းတာ ခံစားရမည့်ထုံးကို နှလုံးမူရပေမည်။ မကောင်းသော အကြောင်းတရားတွေ မပြုလုပ်ခြင်းကသာ သေချာသောနည်း၊ မလွှဲမရှောင်နိုင်သောနည်းဟု ဆိုရမည်ဖြစ်၏။ မလွှဲမရှောင်နိုင်သောလမ်း = (ကောင်းသောလမ်း၊ ကုသိုလ်လမ်း) ကိုသာ လိုက်ကြပါစို့ဟု ဆန္ဒပြု တိုက်တွန်းလိုက်ရပေသည်။

## မြေမျိုပြီးနောက် ငရဲကျရသူများ

**အရှင်ဒေဝဒတ်**

အရှင်ဒေဝဒတ်သည် အစကတော့ ရဟန်းကောင်း တစ်ပါးပင် ဖြစ်သည်။ ရဟန်းကျင့်ဝတ်နှင့်အညီ နေထိုင်သော ရဟန်းတစ်ပါးပင် ဖြစ်၏။ အကျင့်ကောင်း ကျင့်နိုင်သော ကြောင့်ပင် အရှင်ဒေဝဒတ်သည် ဈာန်အဘိညာဉ်ရသော ရဟန်းတစ်ပါး ဖြစ်ခဲ့ရသည်။

ဗုဒ္ဓဘုရားရှင် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၊ ပါဝါရိကာရုံကျောင်း၊ ကုက္ကုဋာရုံကျောင်းတို့၌ သီတင်းသုံး နေထိုင်တော်မူစဉ်ကာလ ဖြစ်သည်။ ထိုအချိန်က သာသနာ့

ဒါယိကာ၊ ဒါယိကာမများ၊ ဗုဒ္ဓဘာသာဝင်များသည် ဘုရားရှင် သီတင်းသုံးရာ ဖော်ပြပါကျောင်းတိုက်ကြီးများသို့ ရောက်လာ ကြသောအခါ မြတ်စွာဘုရားအား ဆည်းကပ်ပူဇော်ခြင်းများ ပြုကြသလို အရှင်သာရိပုတ္တရာ ဘယ်မှာလဲ၊ အရှင်မဟာ မောဂ္ဂလာန် ဘယ်မှာလဲ၊ အရှင်မဟာကဿပ၊ အရှင်ဘဒ္ဒိယတို့ ဘယ်ကျောင်းမှာ သီတင်းသုံးနေထိုင်ပါသလဲ စသည် မေးမြန်း စုံစမ်းကြကာ ထိုထိုအရှင်မြတ်များအား ဆည်းကပ်လှူဒါန်း ပူဇော်ခြင်းများပြုကြ၏။

ထိုသို့ အရှင်သာရိပုတ္တရာ အစရှိသော အရှင်မြတ်တို့အား မေးမြန်းစုံစမ်း ဆက်ကပ်လှူဒါန်းပူဇော်ကြသူများသလောက် အရှင်ဒေဝဒတ်ကိုကား မေးမြန်းသူမရှိ၊ လှူဒါန်းပူဇော်သူမရှိ ဖြစ်နေ၏။ အရှင်ဒေဝဒတ် လာဘ်ရှားပါးမှု ဖြစ်ရ၏။ ထိုအခါ အရှင်ဒေဝဒတ်၌ အလိုဆိုးဝင်လာတော့၏။

သာကီဝင်မင်းမျိုးမှ ရဟန်းဖြစ်လာကြသူချင်းတူပါလျက် ဘုရားရှင်နှင့်အရှင်သာရိပုတ္တရာ စသော ပုဂ္ဂိုလ်များ၌ လာဘ် ပေါများပြီး သူ့ကျတော့ လာဘ်လာဘ ရှားပါး၊ လှူသူမရှိ ဖြစ်နေရခြင်းကို အရှင်ဒေဝဒတ် မကျေမနပ် ဖြစ်နေတော့၏။ ယင်းစိတ်ဓာတ်မျိုး ဖြစ်ပေါ်လာခြင်းသည်ပင် အရှင်ဒေဝဒတ် ၌ အလိုဆိုးဝင်လာခြင်း ဖြစ်တော့၏။ အလိုဆိုးဝင်လာသည့်

အလျောက် အကြွဲဆိုးများ ဆက်လက်ကြွဲစည် အားထုတ်တော့၏။

အရှင်ဒေဝဒတ်သည် ကောသမ္ဗီကို ကျောခိုင်းလျက် ရာဇဂြိုဟ်သို့ ပြောင်းရွှေ့လာခဲ့၏။ ရာဇဂြိုဟ် ပြောင်းလာခြင်းမှာ အကြောင်းရှိသည်။ ရာဇဂြိုဟ်၌ အဇာတသတ် ရှိနေသောကြောင့် ဖြစ်၏။ အဇာတသတ်နှင့်ပူးပေါင်းရန် ကြွဲစည်အားထုတ်မှုပင် ဖြစ်၏။ တကယ်လည်း ပူးပေါင်းမိသွား၏။

အဇာတသတ်သည် အတွေးအခေါ် အယူအဆ နုနယ်သူဖြစ်၏။ အသိဉာဏ်သေးနုပ်သူ ဖြစ်၏။ အရှင်ဒေဝဒတ်က ဈာန်အဘိညာဉ်ရရှိထားသူ ဖြစ်၏။ ဖန်ဆင်းမှုများ ပြုလုပ်နိုင်၏။ အရှင်ဒေဝဒတ်သည် အဇာတသတ် အထင်ကြီးအောင်သူ၏ ဈာန်အဘိညာဉ်ကို အသုံးချလိုက်တော့၏။

အရှင်ဒေဝဒတ်သည် သူ့ကိုယ်သူ လူငယ်တစ်ယောက်အသွင် ဖန်ဆင်းလိုက်၏။ လက်နှစ်ဖက်၊ ခြေနှစ်ဖက်ပေါင်းလေးဖက်တွင် မြွေကြီးလေးကောင် ဖန်ဆင်းလိုက်၏။ လည်ပင်း၌လည်း တစ်ကောင် ဖန်ဆင်းလိုက်၏။ ခေါင်းပေါ်တွင်လည်း မြွေတစ်ကောင်ကို ခေါင်းပေါင်းသဖွယ် ပြုလုပ်ထား၏။ ပခုံးပေါ်၌လည်း တစ်ကောင် တင်ထားသေး၏။

ထိုသို့ သူ၏ခန္ဓာကိုယ်၊ ခြေလက် စသည်တို့တွင်

မြွေကြီးများ ဖန်ဆင်းလျက် ကောင်းကင်ပျံတက်သွား၏။ အောက်သို့ ပြန်ဆင်းလာသောအခါ အဇာတသတ်၏ရင်ခွင်ထဲ ဖြုန်းခနဲ ဝင်ပြလိုက်၏။ အဇာတသတ် ကြောက်လန့်သွားသည်။ ထို့နောက် အရှင်ဒေဝဒတ်သည် ဖန်ဆင်းထားသော အသွင်သဏ္ဌာန်ကို ဖျောက်၍ မူလ လူ၏ပုံစံအနေအထားအတိုင်း ဖြစ်စေ၏။

ထိုဖြစ်စဉ်များကို ကြည့်၍ အဇာတသတ်သည် အရှင်ဒေဝဒတ်ကို အလွန် အထင်ကြီးသွား၏။ ကြည်ညိုလည်း ကြည်ညိုသွား၏။ အလွန် စွမ်းနိုင်သူကြီးပါလားဟူ၍လည်း အောက်မေ့မိလိုက်၏။ ဒေဝဒတ်နှင့်အဇာတသတ်တို့သည် ဆရာဒကာ အရင်းအချာတွေ ဖြစ်သွားကြတော့၏။

အဇာတသတ်သည် အရှင်ဒေဝဒတ်ထံ နေ့တိုင်းရောက်၏။ နေ့တိုင်း ဆည်းကပ်ခစား၏။ အဇာတသတ်သည် ဒေဝဒတ်၏တပည့်ရင်း ဒကာရင်းကြီး တစ်ဦး ဖြစ်သွား၏။ အဇာတသတ်သည် အရှင်ဒေဝဒတ်အား နေ့စဉ် ဆွမ်းအုပ် (၅၀၀)ကိုလည်း ပို့လှူ၏။ ထို့ကြောင့် အရှင်ဒေဝဒတ် စိတ်ကြီးဝင်လာ၏။ အရှင်ဒေဝဒတ်သည် 'ငါ့နောက်လိုက်ပရိသတ်များကို ငါ ကျွေးမွေးနိုင်ပြီ၊ သံဃာ့ပရိသတ်ကိုလည်း ငါ ဦးဆောင်နိုင်ပြီ' ဟု စိတ်ကြီးဝင် မာန်တက်လာ၏။ အလိုဆိုးမာန်

ကြီးထွားလာ၏။

အရှင်ဒေဝဒတ်၌ ယင်းသို့ စိတ်ကြီးဝင်၊ မာန်တက်လာသည်နှင့်တစ်ပြိုင်နက် သူရရှိထားသော ဈာန်အဘိညာဉ်လည်း ပျောက်ကွယ်သွားတော့၏။ အရှင်ဒေဝဒတ် ရရှိထားသော ဈာန်အဘိညာဉ်ကား လောကီဈာန် အဘိညာဉ် ဖြစ်၏။ လောကီဈာန် အဘိညာဉ်သည် ကာမဂုဏ်အာရုံတို့၏ တိုက်ခိုက်မှုနှင့် ကြုံလာရသောအခါ စိတ်မချရ။ လျှောကျပျက်စီး ပျောက်ဆုံးသွားတတ်၏။ ဈာန်လျှောက်တတ်၏။ အရှင်ဒေဝဒတ်လည်း သူ၏အလိုဆိုး စိတ်ယုတ်များကြောင့် ဈာန်အဘိညာဉ်များ သူ့မှာ မရှိတော့။ လျှောသွားပြီး ကွယ်ပျောက်သွားပြီ ဖြစ်၏။

အရှင်ဒေဝဒတ်သည် ယင်းသို့ ဈာန်လျှောသွားရသည့်တိုင် သူ၏ မကောင်းသောအကြံအစည်များကား မလျှော့ပေ။ သူလုပ်ချင်ရာတွ ဆက်လုပ်၏။

အရှင်ဒေဝဒတ်သည် တစ်နေ့တွင် ဝေဠုဝန်ကျောင်းတော်သို့သွား၏။ ဘုရားရှင်က ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးနေသည်ဖြစ်၍ ဘုရားရှင်နှင့်တွေ့ရန်သွားခြင်း ဖြစ်၏။ ဘုရားရှင်နှင့်တွေ့သောအခါ အရှင်ဒေဝဒတ်က ဘုရားရှင်အား ဤသို့ လျှောက်ထားလိုက်တော့၏။

"အရှင်ဘုရား၊ အသက်ကြီးပါပြီ။ အေးဆေးစွာ နေတော်မူပါ။ သံဃာ့ပရိသတ်ကို အရှင်ဘုရား မအုပ်ချုပ်ပါနှင့်တော့။ သံဃာ့ပရိသတ်ကို တပည့်တော်အား အပ်နှင်းပါ။ သံဃာ့ပရိသတ်ကို တပည့်တော် ဦးဆောင်ပါမည်"

အရှင်ဒေဝဒတ်သည် ပရိသတ်ကို ဦးဆောင်ကာ သူဘုရားလုပ်မည်ဟူသောအကြံဖြင့် ဗုဒ္ဓရှင်တော်ဘုရားအား ယင်းသို့ လျှောက်ထားခြင်း ဖြစ်၏။ ထိုအခါ မြတ်စွာဘုရားက ဤသို့ ပြန်လည်မိန့်ကြား၏။

"ဒေဝဒတ်၊ သင်ကား သူတစ်ပါး ထွေးပစ်ထားသည့် တံတွေးပေါက်ကို ကောက်စားလိုသူ ဖြစ်ပေသည်တကား"

ယင်းသို့ မိန့်ကြားကာ ဒေဝဒတ်၏ လျှောက်ထားချက်ကို ပယ်တော်မူလိုက်ပါသည်။ သူ၏လျှောက်တင်ချက်ကို ပတ်ဝန်းကျင် ပရိသတ်များလည်း သိရှိနေသဖြင့် အရှင်ဒေဝဒတ် ရှက်စိတ်များ ဖြစ်သွား၏။ သို့ဖြင့် အရှင်ဒေဝဒတ်သည် ဗုဒ္ဓဘုရားရှင်အား ကြီးစွာ ရန်ငြိုးဖွဲ့တော့၏။ ထို့ကြောင့် သူသည် ပရိသတ်ကြား၌ ဝုန်းဒိုင်းကြဲကာ ထွက်ခွာသွားတော့၏။

အရှင်ဒေဝဒတ်၏အကြောင်းကို ဘုရားရှင်က အလုံးစုံ သိတော်မူထားပြီး ဖြစ်၏။ ထို့ကြောင့် အရှင်ဒေဝဒတ်အား ပကာသနီယကံ ပြုတော်မူ၏။ ပကာသနီယကံဆိုသည်မှာ

သာသနာတော်မှ ထုတ်ပယ်မှုပြုလိုက်ခြင်း၊ သာသနာတော်မှ ဖယ်ကြဉ်မှုပြုလိုက်ခြင်းပင် ဖြစ်တော့၏။

အရှင်ဒေဝဒတ်အတွက် နေရာ အလွန်ကျဉ်းသွားပြီ ဖြစ်၏။ အမာခံဟူ၍ အဇာတသတ်တစ်ယောက်သာ ရှိတော့၏။ အဇာတသတ်သည်ကား အရှင်ဒေဝဒတ်၏ အကြံပေးချက်အရ ဖခင်ဗိမ္ဗိသာရမင်းကြီးအား လုပ်ကြံ၏။ အဇာတသတ်လက်ချက်ဖြင့် ဖခင် ဗိမ္ဗိသာရမင်းကြီး နတ်ရွာစံ ကံတော်ကုန်ရ၏။ ဖခင်အား သတ်ပြီးသောအခါ အဇာတသတ်က မင်းအဖြစ် နေရာယူသည်။

အရှင်ဒေဝဒတ်ကမူ ဘုရားလုပ်ရန်၊ ဘုရားနေရာယူရန် အားထုတ်နေ၏။ အောင်မြင်ရန် ကြိုးစားနေ၏။

အရှင်ဒေဝဒတ်သည် အဇာတသတ်မင်း၏အာဏာကို အသုံးချသည်။ အဇာတသတ်မင်းထံမှ လိုအပ်သော အမိန့်အာဏာများ၊ အကူအညီများ ရယူသည်။ ဗုဒ္ဓဘုရားအား လုပ်ကြံသတ်ဖြတ်ရန် အရှင်ဒေဝဒတ် ကြိုးစားအားထုတ်နေ၏။

အရှင်ဒေဝဒတ်သည် ဗုဒ္ဓဘုရားရှင်အား လုပ်ကြံဖို့အတွက် လေးသမားများ၊ လေးပစ်အတတ်ပညာရှင်များကို စေလွှတ်သည်။ မြားဖြင့် ပစ်သတ်ရန် စေလွှတ်ခြင်း ဖြစ်၏။ သို့သော်လည်း အောင်မြင်မှု မရရှိပေ။ စေလွှတ်လိုက်သော လေးသမား

များသည် ဗုဒ္ဓဘုရားရှင်ထံရောက်သောအခါ ဗုဒ္ဓ၏တပည့်များဖြစ်ကြလျက် သောတာပန်အဖြစ်ကိုပင် ရရှိသွားကြလေ၏။

ထိုနည်းဖြင့် အောင်မြင်မှု မရသောအခါ အရှင်ဒေဝဒတ်သည် အကြံတစ်မျိုး ထုတ်ပြန်၏။ ထိုအကြံကား ဘုရားရှင်အား သူကိုယ်တိုင် လုပ်ကြံမည့်အကြံပင် ဖြစ်၏။ သို့ဖြင့် အရှင်ဒေဝဒတ်သည် ဂိဇ္ဈကုဋ်တောင်ထိပ်ပေါ်တက်၏။ ကျောက်တုံးကြီးကို မောင်းအဖြစ်ဆင်၏။ ကျောက်မောင်းဆင်ခြင်း ဖြစ်၏။

● မြတ်စွာဘုရား စင်္ကြံလျှောက်ကြွရောက်နေစဉ် အရှင်ဒေဝဒတ်သည် သူ ဆင်ထားသော ကျောက်မောင်းကြီးအား အချိန်ကိုက် ဖြုတ်ချလိုက်တော့၏။ ကျောက်တုံးကြီးသည် မြတ်စွာဘုရားအား တိုက်ရိုက်ထိခိုက်မိခြင်း မရှိ။ ကျောက်တုံးကြီးမှ ပဲ့စင်ထွက်လာသည့် ကျောက်ပဲ့၊ ကျောက်အစအနက ခြေမတော်အား ထိသွား၏။ ထို့ကြောင့် ခြေမတော် သွေးစိမ်းတည်သွား၏။

အရှင်ဒေဝဒတ်၏အကြံမှာ မအောင်မြင်ပြန်ပေ။ သို့သော် ခြေမတော် သွေးစိမ်းတည်အောင်ပြုလုပ်မှု အကုသိုလ်ကြီးကိုကား အရှင်ဒေဝဒတ် လက်ခံရရှိသွားပြီ ဖြစ်၏။

အရှင်ဒေဝဒတ်သည် မြတ်စွာဘုရားအား အခြားနည်း

တစ်နည်းဖြင့် လုပ်ကြံပြန်၏။ အရှင်ဒေဝဒတ်သည် နာဠာဂီရိဆင်ကို အရက်တိုက်၏။ အရက်ကိုးမောင်းတိုက်၏။ အရက်မူးနေသော၊ အရက်မူးကာ မာန်ဝင်နေသော နာဠာဂီရိဆင်ဖြင့် တိုက်လျက် မြတ်စွာဘုရားအား အသက်သေစေရန် ပြုမူ၏။ ထိုနာဠာဂီရိဆင်ကြီးမှာလည်း ဗုဒ္ဓ၏မေတ္တာကြောင့် ဒူးထောက်ကာ ဗုဒ္ဓ၏မေတ္တာရိပ်မှာ ခိုလှုံခဲ့၏။ အရှင်ဒေဝဒတ်၏ အကြံအစည်တို့ကား အချည်းနှီးသာ ဖြစ်ရတော့၏။

အရှင်ဒေဝဒတ်၏လုပ်ရပ်များ၊ စိတ်နေစိတ်ထားများကို ပြည်သူတွေ သိသွားကြ၏။ အရှင်ဒေဝဒတ်နှင့်အတူ အဇာတသတ်မင်းကိုပါ ပြည်သူပြည်သားတွေက မကျေမနပ်ဖြစ်လာကြ၏။ ရှုတ်ချမှုများ ပြုလာကြ၏။

ဤသို့သော အနေအထားမျိုး ရောက်လာသောအခါ အဇာတသတ်မင်းသည် အရှင်ဒေဝဒတ်ကို အဆက်အသွယ်ဖြတ်လိုက်တော့၏။ အရှင်ဒေဝဒတ်ထံ သွားလာဝင်ထွက် မပြုလုပ်တော့ပေ။ ထို့ပြင် အဇာတသတ်မင်းသည် အခြားသူများလည်း အရှင်ဒေဝဒတ်ထံ ဝင်ထွက်သွားလာခြင်းမပြုရန် အမိန့်ထုတ်လိုက်၏။

အရှင်ဒေဝဒတ်သည် သူ၏အကြံအစည်များ မအောင်မြင်သည့်တိုင် လက်မလျှော့သေးပေ။ အကြမ်းနည်းကိုကား

ရပ်လိုက်၏။ အနုနည်းဖြင့် ပြုလုပ်ရန် ကြိုးစားပြန်၏။ အရှင်ဒေဝဒတ်သည် ဘုရားရှင်ထံ ထပ်မံဝင်ရောက် ချဉ်းကပ်မှု ပြုလုပ်၏။

အရှင်ဒေဝဒတ်သည် မြတ်စွာဘုရားနှင့် ထပ်မံတွေ့ဆုံရာတွင် အချက်ငါးချက်ကို တောင်းဆို၏။ ထိုအချက်ငါးချက်မှာ ရဟန်းတော်များအား-

၁။ တောကျောင်း၌သာ တစ်သက်လုံး နေစေရန်၊

၂။ ပင့်ဖိတ်လှူဒါန်း ဆက်ကပ်သော ဆွမ်းကို ပယ်၍ တစ်သက်လုံး ဆွမ်းခံစားစေရန်၊

၃။ ပံ့သကူသင်္ကန်းကိုသာ တစ်သက်လုံး ဝတ်စေရန်၊

၄။ သစ်ပင်ရင်း၌သာ တစ်သက်လုံး နေစေရန်၊

၅။ သက်သတ်လွတ် တစ်သက်လုံး စားစေရန်

ဟူသော အချက်ငါးချက်ပင် ဖြစ်သည်။ ယင်းအချက်ငါးချက်ကို မလိုက်နာသော ရဟန်းအား အပြစ်၊ အာပတ်သင့်စေဟု ပညတ်ရန်လည်း လျှောက်ထား၏။ မြတ်စွာဘုရားက အရှင်ဒေဝဒတ်၏ ဖော်ပြပါလျှောက်တင်ချက်များကို လက်မခံ။ ပယ်လိုက်၏။

ဤအချက်ငါးချက်ကို လျှောက်တင်ခြင်းမှာ အရှင်ဒေဝဒတ် အကွက်ထွင်လိုက်ခြင်းပင် ဖြစ်၏။ အသိဉာဏ်

နည်းပါးသေးနုပ်သူများ ဘုရားကို အထင်အမြင်လွဲမှားရန်၊ အပြစ်မြင်ရန် ဖန်တီးခြင်း ဖြစ်၏။ ထိုအသိဉာဏ် နည်းပါးသေးနုပ်သူများ သူ့ဘက်ပါလာစေရန်လည်း ဖြစ်၏။ သူ့လမ်းစဉ်သည် သံသရာမှ လွတ်မြောက်မည့်လမ်းစဉ်ဖြစ်ကြောင်းလည်း သူက ဝါဒဖြန့်၏။ သူ၏ အပြောကောင်းမှုကြောင့် ဉာဏ်နုသူ အချို့ရဟန်းငယ်များ သူ့နောက် ပါသွားကြ၏။

ထိုသံဃာများဖြင့်ပင် အရှင်ဒေဝဒတ်သည် သီးခြားဥပုသ်ပြု၏။ သံဃာကို သင်းခွဲခြင်းပြုလိုက်၏။ အရှင်ဒေဝဒတ်သည် ထိုသံဃာငယ်များကို ခေါ်ဆောင်ကာ ဂယာသီသသို့ ကြွရောက်သည်။ ဂယာသီသတွင် သူ့တပည့် အဇာတသတ်ဆောက်လုပ်လှူဒါန်းခဲ့သည့်ကျောင်း၌ သွားရောက်နေထိုင်သည်။

သံဃာကို သင်းခွဲခြင်းဟူသော သံဃဘေဒကကံ မပြုရန် အရှင်ဒေဝဒတ်အား ဗုဒ္ဓဘုရားရှင်က တားမြစ်မိန့်ကြားတော်မူသည်။ အရှင်ဒေဝဒတ်နောက် ပါသွားသော ရဟန်းငယ်များကိုလည်း သွားရောက်တရားဟောရန် မြတ်စွာဘုရားက အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန်တို့အား တာဝန်ပေးဖပ်တော်မူသည်။

မြတ်စွာဘုရား၏ မိန့်ကြားချက်အတိုင်း အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန်တို့ ရွက်ဆောင်တော်မူကြ၏။ အရှင်မြတ်တို့၏ စွမ်းဆောင်မှုကြောင့်ပင် အရှင်ဒေဝဒတ်နောက် ပါသွားသော ရဟန်းငယ်များ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်သို့ ပြန်ရောက်ခဲ့ကြသည်။

အရှင်သာရိပုတ္တရာနှင့်အရှင်မဟာမောဂ္ဂလ္လာန်တို့နောက် ရဟန်းငယ်များ ပြန်ပါသွားသည်ကို ကောကာလိက ပြောမှ အရှင်ဒေဝဒတ် သိသည်။ အိပ်ပျော်နေသော အရှင်ဒေဝဒတ်၏ ရင်ကို ကောကာလိကက ဖနောင့်ဖြင့် ပေါက်နှိုးကာ အသိပေး၏။ ကောကာလိကကလည်း အရှင်ဒေဝဒတ်၏ မိုက်ရူးရဲ အဖွဲ့ဝင်တစ်ဦးပင် ဖြစ်၏။

ကောကာလိက ဖနောင့်ပေါက်သော ဒဏ်ချက်ကြောင့် အရှင်ဒေဝဒတ် သွေးပွက်ပွက် အန်ရတော့၏။ အရှင်ဒေဝဒတ်သည် ဂယာသီသဗ္ဗ (၉)လ နေထိုင်၏။ ဖနောင့်ပေါက်ခံရသော ဝေဒနာမှာ သက်သာမလာဘဲ ထိုဂယာသီသဗ္ဗနေစဉ် တစ်လျှောက်လုံး တိုး၍တိုး၍သာ လာခဲ့၏။ ပြင်းထန်ပြင်းထန် ၍သာ လာခဲ့၏။ ထိုသို့ ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားရသောအခါမှ အရှင်ဒေဝဒတ် ထိတ်လန့်တုန်လှုပ်ခြင်း သံဝေဂ ဖြစ်လာတော့၏။ နောင်တ ရလာတော့၏။ ထိုသံဝေဂ၊ နောင်တ

တို့သည် သူ့အတွက် နှောင်းခဲ့ပြီဟု ဆိုနိုင်၏။

အရှင်ဒေဝဒတ်သည် သံဝေဂ၊ နှောင်တတို့နှင့်အတူ ဗုဒ္ဓဘုရားရှင်အား ဖူးတွေ့လိုသော ဆန္ဒများလည်း ဖြစ်ပေါ်လာခဲ့၏။ ရိုးရိုးဆန္ဒ မဟုတ်။ ပြင်းထန်သောဆန္ဒ ဖြစ်၏။ သို့ဖြစ်၍ အရှင်ဒေဝဒတ်သည် သူ့အား ဗုဒ္ဓဘုရားရှင်ထံ ပို့ပေးဖို့ သူ၏ ရှားရှားပါးပါး လက်ကျန်တပည့်များအား ပြောကြားလာ၏။ ထိုတပည့်များက လိုက်မပို့ဝံ့ဟု ပြောဆိုငြင်းဆန်ကြ၏။

"ငါ ဘယ်လောက်ဆိုးဆိုး ဘုရားကတော့ ငါ့အပေါ် ဆံတစ်ခြည်မျှင်လောက်မျှ ရန်ငြိုးမထားပါ။ ဘုရားကို ငါ ခု ဖူးချင်တယ်။ ငါ့ကို မတားမြစ်ကြပါနဲ့။ ပို့ပေးကြပါ"

ဤသို့ စသည်ဖြင့် အထပ်ထပ်အခါခါ တောင်းပန်ပြောဆို၏။ ထိုအခါ တပည့်ဖြစ်သူများလည်း ပနေသာတော့။ လိုက်ပို့ကြရတော့၏။

မြတ်စွာဘုရားထံပို့ရန် တပည့်ဖြစ်သူများက အရှင်ဒေဝဒတ်အား ထမ်းစင်ဖြင့်ထမ်းကာ ဇေတဝန်ကျောင်းတော်ဆီသို့ ထွက်ခွာခဲ့ကြ၏။ ထွက်ခွာလာကြရင်း ဇေတဝန်ကျောင်းတော်အနီး ရေကန်သို့ ရောက်ကြ၏။ ထိုရေကန်သို့အရောက်တွင် ထမ်းစင်ကိုချကာ တပည့်ဖြစ်သူများ ရေချိုးကြ၏။

အရှင်ဒေဝဒတ်ကား ထမ်းစင်ပေါ်မှ နေ၍ သူ၏

ခြေနှစ်ဖက်ကို မြေပေါ်သို့ ချလိုက်ရာ ခြေနှစ်ဖက်လုံးသည် မြေကြီးထဲ ကျွံဝင်သွား၏။ ထိုအခါ အရှင်ဒေဝဒတ် အထိတ်တလန့် ဖြစ်သွား၏။ အလန့်တကြားပုံစံမျိုး အော်ဟစ်ကာ နေရာမှ ထလိုက်၏။ လှုပ်ရှား၍မရတော့။ ခြေများကို မြေကြီးထဲမှ ပြန်နုတ်၍ မရတော့ပေ။ ခြေများ ပြန်နုတ်မရသည့်အပြင် ခန္ဓာကိုယ်ကြီးပါ မြေကြီးထဲ နစ်ဝင်သွားတော့၏။ မြေကြီးထဲ တစ်ကိုယ်လုံး နစ်ဝင်သွားရာ မေးစေ့အထိ ရောက်သွားတော့သည်။

အရှင်ဒေဝဒတ်၏ လူ့ဘဝခရီးကား နောက်ဆုံးအချိန်သို့ ရောက်ရှိနေပြီ ဖြစ်၏။ သူ၏တစ်ကိုယ်လုံးမှာ မြေကြီးထဲ နစ်မြုပ်နေပြီ။ မေးစေ့အထိပင် ရောက်နေပြီ။ ဤအချိန်တွင် အရှင်ဒေဝဒတ်သည် နောက်ဆုံးအနေအားဖြင့် ဗုဒ္ဓဘုရားရှင်အား အဝေးမှ ဆည်းကပ်ကန်တော့ခြင်း ပြုလုပ်၏။

မြတ်စွာဘုရားအား ပူဇော်ကန်တော့မည်ဟူသော စိတ်ထားဖြင့် လာခဲ့ငြားလည်း ကြီးလေးသောပြစ်မှုများ ကျူးလွန်ထားသည့် အရှင်ဒေဝဒတ်ကို မဟာပထဝီမြေကြီးက ဘုရားရှင်နှင့် တွေ့ခွင့်မပေးတော့ပေ။ ထို့ကြောင့် အရှင်ဒေဝဒတ်သည် မေးစေ့အထိရောက်အောင် မြေမျိုခံထားနေရရင်းမှ ဗုဒ္ဓဘုရားရှင်အား ဤသို့ ကန်တော့လိုက်တော့၏။ ဤသို့

ကိုးကွယ်ဆည်းကပ်ခြင်း ပြုလိုက်တော့၏။

"မြတ်စွာဘုရား...တပည့်တော်၏ ဤအရိုးတို့ဖြင့်လည်းကောင်း၊ ကျန်ရှိနေသေးသော အသက်ဖြင့်လည်းကောင်း ကိုးကွယ်အားထားရာဟူ၍ ဆည်းကပ်ပါ၏ အရှင်ဘုရား"

အရှင်ဒေဝဒတ်သည် ဗုဒ္ဓဘုရားရှင်အား အဝေးမှနေ၍ ယင်းသို့ ဆည်းကပ်ကန်တော့ ဂါရဝပြုရင်း မြေကြီးထဲသို့ တစ်ကိုယ်လုံး မြုပ်ဝင်သွားကာ အဝီစိငရဲသို့ ကျရောက်သွားတော့၏။

[ဓမ္မပဒကျမ်းလာ၊ အရှင်ဒေဝဒတ်ဝတ္ထု။]

## ဒေဝဒတ်ငရဲ၌ ခံရပုံ

ဒေဝဒတ်သည် အဝီစိငရဲသို့ ရောက်သောအခါ သူ၏ ခြေထောက်နှစ်ချောင်းသည် ခြေဖမျက်တိုင်အောင် သံမြေသို့ ဝင်သွား၏။ လက်နှစ်ချောင်းက လက်ကောက်ဝတ်အထိ သံနံရံ၌ ဝင်နေခြင်း ခံရ၏။ ဦးခေါင်းကလည်း မျက်မှောင်အထိ သံအမိုး၌ ဝင်နေ၏။ သံမြေပြင်ထဲမှ သံချွန်၊ သံတံကျင်များ ထွက်လာကာ ဒေဝဒတ်၏ကိုယ်ကို ထိုးဖောက်၏။ အရှေ့နံရံမှလည်း သံချွန်၊ သံတံကျင် ထွက်ပေါ်လာပြီး ဒေဝဒတ်၏ ရင်အလယ်ကို ထိုးဖောက်၏။ တောင်ဘက်နံရံမှလည်း သံချွန်၊

သံတံကျင် ထွက်လာကာ ဒေဝဒတ်၏ ခန္ဓာကိုယ်ကို ထိုးဖောက်ပြန်၏။

ဒေဝဒတ်အဖို့ လက်နှစ်ဖက်ရော ခြေနှစ်ဖက်ပါ ချုပ်ခံထားရသလို ဖြစ်နေ၏။ သူလုပ်သမျှ တုန့်လှုပ်မှုမရှိသော ဘုရား၊ ထိုဘုရား၌ ပြစ်မှားတော်ကားခဲ့သော ဒေဝဒတ်အတွက် ငရဲဒုက္ခကိုလည်း မတုန်မလှုပ်နိုင်အောင် ခံစားနေရပါသည်။ ဤသို့ ခံစားရပုံကို ဥပရိပဏ္ဏာသ၊ ဓမ္မပဒ အဋ္ဌကထာတို့၌ ပြဆိုထားပါသည်။

## အဇာတသတ်

ဒေဝဒတ်ကို ဆရာတင်ခဲ့သော အဇာတသတ်သည်လည်း အဖသတ် ကံကြီးကို ကျူးလွန်ကာ ငရဲသို့ ကျရောက်ခဲ့ရ၏။ လူပေါင်းမမှားဖို့၊ ကိုးကွယ် ဆည်းကပ်မှု မမှားဖို့၊ ဆရာတင် မမှားဖို့၊ ပြောတိုင်းမယုံဖို့၊ သူတော်ကောင်းကို ဆည်းကပ်တတ်ဖို့၊ လူမိုက်တွေကို ရှောင်ကြဉ်ဖို့၊ လူမိုက်တွေကို မမှီဝဲ မဆည်းကပ်ဖို့ စသော အကြောင်းအရာများ၊ သင်ခန်းစာများကို ဤဒေဝဒတ်နှင့်အဇာတသတ်တို့၏ ဖြစ်စဉ်များမှ ထုတ်နုတ်ယူဆောင်သင့်၏။

## မြေမျိုပြီးနောက် အဝီစိငရဲ ကျရောက်ရသည့် စိဉ္စမာဏာအမျိုးသမီး

စိဉ္စမာဏာအမျိုးသမီးသည် လူမိခင်က မွေးဖွားသူ မဟုတ်ပေ။ မန်ကျည်းပင်၌ သံသေဒဇ ပဋိသန္ဓေနေကာ မွေးဖွားလျက် လူဖြစ်လာရသူ ဖြစ်၏။

သံသေဒဇ ပဋိသန္ဓေဆိုသည်မှာ အညို့၌ဖြစ်သော ပဋိသန္ဓေဟု ဆိုလိုသည်။ မန်ကျည်းပင်အညို့၌စွဲ၍ ပဋိသန္ဓေ တည်နေကော မွေးဖွားလာသူဖြစ်သော်လည်း စိဉ္စမာဏာသည် ရုပ်ချောသူ ဖြစ်၏။ သူမသည် ဗုဒ္ဓဘုရားနှင့် ဆန့်ကျင်ဘက် တိတ္ထိတို့ကို ကိုးကွယ်ဆည်းကပ်သူ ဖြစ်၏။ စိဉ္စမာဏာသည် ပရိဗိုဇ်မ (အသံထွက် = ပရဗိုက်မ) တစ်ဦး ဖြစ်ပေသည်။

တိတ္ထိဟူသောစကားသည် တိတ္ထိယဟူသော ပါဠိမှ ဆင်းသက်လာသည်။ ယင်းတိတ္ထိ = (တိတ္ထိယ)သည် ဗုဒ္ဓဘုရား

ရှင်၏အယူဝါဒနှင့် ဆန့်ကျင်သည့် အယူဝါဒကိုယူခြင်းဟု အဓိပ္ပာယ်ရ၏။ ယင်းတိတ္ထိဆိုသူကို 'အညစ်အကြေး စုဝေးရာ ရေချိုးဆိပ်နှင့်တူသည့် အယူဝါဒရှိသောသူ' ဟု ပါဠိသက်ဝေါဟာရအဘိဓာန်၌ ဆရာကြီးဒဂုန်ဦးထွန်းမြင့်က ဖွင့်ဆိုပြထား၏။

ပရိဗိုဇ်ဟူသောစကားမှာလည်း ပရိဗ္ဗာဇကဟူသော ပါဠိမှ ဆင်းသက်လာသည်။ ယင်းပရိဗိုဇ် = (ပရိဗ္ဗာဇက)သည် ရဟန်းနှင့် အသွင်းသဏ္ဌာန်တူသောသူဟု အဓိပ္ပာယ် ဆိုလိုပေသည်။ ဗုဒ္ဓ၏တပည့်သာဝကများနှင့် အသွင်သဏ္ဌာန်တူသော်လည်း အကျင့်ကား မတူပေ။

ဗုဒ္ဓဘုရားရှင်ကား ဂုဏ်တန်ခိုးကြီးမားသော ပုဂ္ဂိုလ်ထူးဖြစ်တော်မူပါ၏။ ဗုဒ္ဓဘုရားရှင်က ဂုဏ်တော်၊ တန်ခိုးတော်၊ ဘုန်းတော်ကြီးမားနေပြားလည်း တိတ္ထိများကား ဘုန်းတန်ခိုး နိမ့်ကျနေကြ၏။ ဗုဒ္ဓဘုရားရှင်အား လှူဒါန်းသူတွေများသလောက် တိတ္ထိတွေမှာ လှူဒါန်းသူမရှိ ဖြစ်နေတော့၏။

တိတ္ထိဆိုသူများကလည်း သူတို့ကိုယ်သူတို့ ဘုရားဟု ခံယူထားကြရာ သူတို့ကို ကြည်ညိုကိုးကွယ်သူများလည်း အထိုက်အလျောက် ရှိနေကြ၏။ ယခုမူ သူတို့ကို လှူဒါန်းမှုပြုသူ နည်းပါးနေသဖြင့် စားသောက်နေထိုင်ရေးများ ခက်ခဲ

လျက် ရှိနေကြ၏။

ထို့ကြောင့် ဗုဒ္ဓဘုရားရှင်နှင့်ဗုဒ္ဓသာသနာကို အနှောင့်အယှက်ပေးရန် ကြံစည်အားထုတ်ကြလေတော့၏။ သို့ဖြင့် တစ်နေ့၌ စည်းဝေးပွဲလုပ်ကြ၏။ စည်းဝေးပွဲ၌ စိဉ္စမာဏ အမျိုးသမီးအနေဖြင့် အဖျက်လုပ်ငန်းအတွက် တာဝန်ယူရန် အဆိုတင်သွင်း၏။ သူ၏အဆိုကို အားလုံးက သဘောတူကြ၏။ ထို့ကြောင့် ဒိဉ္စမာဏသည် ဗုဒ္ဓဘုရားရှင်အား အကြည်ညိုပျက်စေရန် ဆောင်ရွက်အားထုတ်ခြင်း ပြုတော့၏။

စိဉ္စမာဏအမျိုးသမီးသည် မှောင်ရီပျိုးစအချိန်၌ ဇေတဝန်ကျောင်းတော်ဘက်သို့ ထွက်ခွာလာ၏။ စိဉ္စမာဏသည် တန်ဖိုးရှိသော ကမ္ဗလာအထည်ကို ကိုယ်၌ ခြုံထား၏။

လမ်းမှာ ဟိုသွားမလိုလို၊ ဒီသွားမလိုလို ယောင်ချာချာလုပ်နေသော စိဉ္စမာဏကို ဘုရားရှင်ထံမှ တရားနာပြီး ပြန်လာကြသူအချို့က 'ဘာလုပ်နေတာလဲ၊ ဘယ်သွားမလို့လဲ' စသည် မေးမြန်းကြ၏။ ထိုအခါ စိဉ္စမာဏက 'ငါ ဘယ်သွားသွား၊ ငါသွားတဲ့နေရာကို သိတော့ကော သင်တို့ ဘာအကျိုးရှိမှာမို့လဲ'ဟု ပြန်ပြောပြန်မေး၏။ ပြောပြောဆိုဆိုပင် ဇေတဝန်ကျောင်းတော်ဆီ သွားမည့်ဟန်ပြု၏။ လူအများ မမြင်ရာ ကွယ်ရာရောက်လျှင်ကား တိတ္ထိတို့ကျောင်းသို့ ဝင်ရောက်

အိပ်စက်ခြင်းပြု၏။

မနက်ဝေလီဝေလင်းတွင် ဇေတဝန်ကျောင်းတော်ဆီသို့ သွားပြန်၏။ အထက်က ပုံစံအတိုင်း ဘုရားရှင်ထံ သွားဟန်ပြု ပြန်၏။ ဘုရားရှင်နှင့် နှစ်ဦးတည်း သွားရောက်ချိန်းတွေ့ပုံ ဟန်မျိုးဆောင်ခြင်း၊ ပြုလုပ်ခြင်း ဖြစ်၏။ ဤသို့သောနည်းဖြင့် သုံးလခန့်ကြာသောအခါ စိဥ္စမာဏသည် သူ့ဗိုက်ကို ပူအောင်၊ ဖောင်းအောင်လုပ်ကာ ဗိုက်ကြီးဟန်၊ ကိုယ်ဝန်ရှိဟန်ဆောင် တော့၏။ သူ့တွင် ကိုယ်ဝန်ရှိပြီဖြစ်ကြောင်း၊ ထိုကိုယ်ဝန်မှာ အရှင်ဂေါတမဗုဒ္ဓနှင့်ရသော ကိုယ်ဝန်ဖြစ်ကြောင်း ကြေညာ ချက် ထုတ်လိုက်တော့၏။ သဘင်းလွှင့်လိုက်တော့၏။

(၈)လ၊ (၉)လခန့် ကြာသောအခါ စိဥ္စမာဏသည် ဗိုက်တွင် ပျဉ်ချပ်များ၊ အဝတ်စများဖြင့် ကိုယ်ဝန်အရင့်အမာပုံစံ ဖန်တီးကာ ဇေတဝန်ကျောင်းတော်သို့ ဝင်ရောက်ခဲ့၏။ သူ၏ ကိုယ်တွင် ကမ္ဗလာနီခြုံထည်ကို လွှမ်းခြုံထား၏။

စိဥ္စမာဏသည် တရားပွဲအတွင်း တရားနာပရိသတ်ကြား တိုးဝင်ကာ ဗုဒ္ဓဘုရားရှင်အား ဤသို့ ပြောကြားတော့၏။

"ရဟန်းကြီး၊ သင်သည် တရားဟောဖို့လောက်ပဲ သိနေသည်။ ကျွန်မမှာ အခု မွေးဖွားချိန်နီးနေပြီ မဟုတ်လား ကျွန်မ ကိုယ်ဝန်အတွက်၊ ကျွန်မ မွေးဖွားဖို့အတွက် ဘာမှ

လုပ်မပေးပါလား။ သင်သည် ပေါင်းသင်းဖို့လောက်သာ သိသည်။ သင်ကိုယ်တိုင် မလုပ်ပေးနိုင်လျှင်တောင် ကောသလ မင်းကြီးတို့၊ အနာထပိဏ်သူဌေးကြီးတို့ကိုပဲဖြစ်ဖြစ်၊ ကျောင်း အမ ဝိသာခါကိုပဲဖြစ်ဖြစ် တစ်ဦးဦးကို ခိုင်းစေသင့်သည် မဟုတ်လား"

စိဥ္စမာဏက ယင်းသို့ ပြောဆိုသောအခါ ဗုဒ္ဓဘုရားရှင် က ဤသို့ ပြန်လည်မိန့်ဆိုတော်မူ၏။

"စိဥ္စမာဏ၊ ယခု သင်ပြောဆိုခဲ့သောစကားများသည် မှန်သည်၊ မှားသည်ကို သင်နှင့်ငါ နှစ်ဦးသာ သိ၏"

မြတ်စွာဘုရားက ယင်းသို့ မိန့်ဆိုတော်မူသောအခါ စိဥ္စမာဏက ကလေးကလားပုံစံဖြင့် ဤသို့ ပြန်ဆို၏။

"တို့နှစ်ယောက် လုပ်ထားတဲ့ကိစ္စပဲ၊ တို့နှစ်ယောက်ပဲ သိမယ်"

ဤသို့သော အချိန်အတိုင်းအတာအတွင်း သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ တင်းမာလာ၏။ ကြည့်ရှုဆင်ခြင် လိုက်သောအခါ အကြောင်းစုံကို သိကြားမင်း သိရ၏။

သိကြားမင်းသည် နတ်သားလေးယောက်ကို ခေါ်၏။ စိဥ္စမာဏမိန်းမ၏ ဗိုက်၌ ချည်နှောင်ဖန်တီးထားသော (ဗိုက်ကြီး ဟန်ဆောင်ထားသော) အရာများကို နတ်သားလေးယောက်

အနေဖြင့် ကြွက်ယောင်ဆောင်ကာ သွားရောက်ကိုက်ဖြတ် ဖျက်ဆီးပစ်ပေးရန် တာဝန်ပေးသည်။

သိကြားမင်း၏ တာဝန်ပေးချက်အရ နတ်သားလေးယောက်တို့သည် စိဉ္စမာဏမိန်းမ၏ဗိုက်တွင် ဖန်တီးထားသော (ကိုယ်ဝန်သဖွယ် ဖန်တီးထားသော) အရာများကို ပရိသတ်များရှေ့မှောက်၌ ကြွက်ယောင်ဆောင် ကိုက်ဖြတ်ဖျက်ဆီးလိုက်ကြ၏။ ထိုအခါ စိဉ္စမာဏ၏ဗိုက်တွင် ဖန်တီးထားသည့် ပျဉ်ချပ်၊ ပျဉ်တိုပျဉ်စနှင့် အဝတ်စများ အောက်သို့ ပြုတ်ကျလာတော့၏။ ကိုယ်ဝန်ရှိဟန် ဆောင်ထားကြောင်း၊ ဘုရားနှင့်ရသော ကိုယ်ဝန်ပါဟု လိမ်လည်စွပ်စွဲပြောဆိုကြောင်း သိသာထင်ရှားသွားတော့၏။ ဘွားခနဲ အလိမ်ပေါ်သွားတော့၏။

ထိုအခါ ပရိသတ်က စိဉ္စမာဏအား ဆူဆူညံညံ ဝိုင်းဝန်းရှုတ်ချပြောဆိုကြတော့၏။ ပရိသတ်၏အပြင်သို့လည်း ဆွဲထုတ်လိုက်ကြ၏။ ဆွဲထုတ်လာ၍ မြတ်စွာဘုရား မမြင်ကွယ်ရာ မြေပြင်တစ်နေရာအရောက်တွင် စိဉ္စမာဏအား မြေမျိုတော့၏။ စိဉ္စမာဏသည် မြေမျိုပြီးနောက် အဝီစိငရဲသို့ ရောက်သွားရတော့၏။ [ဓမ္မပဒ၊ လောကဝဂ်၊ စိဉ္စမာဏဝတ္ထု။]

## မြေမျိုခံရပြီးနောက် အဝီစိငရဲသို့ ရောက်ခဲ့ရသည့် သုပ္ပဗုဒ္ဓ

သာကီဝင်မင်းမျိုးမင်းနွယ်ဖြစ်သည့် သုပ္ပဗုဒ္ဓနှစ်ဦး ရှိသည်။ ယခု မြေမျိုခံရသော သုပ္ပဗုဒ္ဓမှာ သာကီဝင်မင်းမျိုး မင်းနွယ်နှစ်ဦးအနက် တစ်ဦးဖြစ်သည်။

မယ်တော်မာယာနှင့် ပဇာပတိဂေါတမီတို့၏ ဖခင်မှာ အဥ္စန ဖြစ်၏။ နောက် ဒေဝဒဟမင်းဖြစ်သောအခါ အဥ္စနအစား သုပ္ပဗုဒ္ဓဟူသောအမည်ကို ခံယူခဲ့သည်။

ယင်းသုပ္ပဗုဒ္ဓခေါ် အဥ္စနနှင့်ဇယသေနမင်း၏ သမီးတော် ယသော်ဓရာတို့မှ သီရိမဟာမာယာ၊ ညီမတော် ပဇာပတိ ဂေါတမီ၊ သားတော် ဒဏ္ဍပါဏိနှင့် သုပ္ပဗုဒ္ဓတို့ ဖွားမြင်ခဲ့သည်။

ထို့ကြောင့် သုပ္ပဗုဒ္ဓနှစ်ဦးကို အနှစ်ချုပ်ကြည့်လျှင် ထိုသုပ္ပဗုဒ္ဓနှစ်ဦးသည် သားအဖ ဖြစ်နေ၏။ အဖေက အဒ္ဓနခေါ် သုပ္ပဗုဒ္ဓ ဖြစ်၏။ ထိုသုပ္ပဗုဒ္ဓခေါ် အဒ္ဓနကိုပင် အဖေဖြစ်သောကြောင့် မဟာသုပ္ပဗုဒ္ဓဟုလည်း ခေါ်ဆိုကြ၏။ ထိုသုပ္ပဗုဒ္ဓနှစ်ဦးအနက် မြေမျိုခံရသော သုပ္ပဗုဒ္ဓမှာ ဖခင်ဖြစ်သူ မဟာသုပ္ပဗုဒ္ဓ ဖြစ်ပေသည်။

မဟာသုပ္ပဗုဒ္ဓသည် ဒေဝဒဟပြည့်ရှင်မင်းကြီး ဖြစ်၏။ သာကီဝင်မျိုးနွယ်တစ်ဦးလည်း ဖြစ်၏။ မဟာသုပ္ပဗုဒ္ဓသည် မြတ်စွာဘုရားအပေါ်၌ မကျေနပ်မှုများ ရှိနေသည်။ မြတ်စွာဘုရားအပေါ်၌ ရန်ငြိုးထားနေသူပင် ဖြစ်၏။

မဟာသုပ္ပဗုဒ္ဓသည် မြတ်စွာဘုရား၏ ယောက္ခမဖြစ်၍ ဒေဝဒတ်သည် မြတ်စွာဘုရား၏ ယောက်ဖတော် ဖြစ်သည်။

မဟာသုပ္ပဗုဒ္ဓမင်းကြီးသည် အကြောင်းရပ်နှစ်ရပ်ကို အခြေခံကာ ဘုရားရှင်အပေါ် မကျေမနပ် ဖြစ်နေ၏။ ယင်းအကြောင်းရပ်နှစ်ရပ်မှာ သူ၏သမီးဖြစ်သူ ယသော်ဓရာကို စွန့်ပစ်ထားခဲ့ကာ တောထွက်သွားခြင်းနှင့် သူ၏သားဖြစ်သူ ဒေဝဒတ်ကို ရဟန်းဝတ်ပေးပြီးလည်း ရန်သူလို ဆက်ဆံနေခြင်းဟူသောအကြောင်းနှစ်ရပ်ပင် ဖြစ်သည်။

မဟာသုပ္ပဗုဒ္ဓမင်း၏ ဤအတွေးအမြင်များမှာ ဗုဒ္ဓဘုရား

ရှင်အပေါ် မရှိသေး၊ မလေးစားသော အတွေးအမြင်များသာ ဖြစ်၏။ မနောအမြင် မကြည်လင်သောအခါ ဝစီမှု (နှုတ်မှု)၊ ကာယကံမှု (ကိုယ်မှု)တို့လည်း ယဉ်ကျေးမှု မရှိနိုင်တော့ပေ။

တစ်နေ့တွင် ဗုဒ္ဓဘုရားရှင်သည် နောက်ပါ ရဟန်းသံဃာတော်များနှင့်အတူ ဆွမ်းစားပင့်ရာသို့ ကြွတော်မူလာသည်။ ထိုသို့ ဗုဒ္ဓဘုရားရှင် ကြွတော်မူလာရာ မဟာသုပ္ပဗုဒ္ဓသည် လမ်းကိုပိတ်ဆို့လျက် အရက်သေစာ သောက်စား၍နေ၏။ လမ်းကို တားဆီးပိတ်ဆို့ထားသဖြင့် မြတ်စွာဘုရားသည် နောက်လှည့်ပြန်ကြွတော်မူ၏။

ထိုဖြစ်စဉ်အပေါ် မြတ်စွာဘုရား ဘယ်လိုပြောဆိုမည်ကို မဟာသုပ္ပဗုဒ္ဓမင်း သိလို၏။ ထို့ကြောင့် သူလျှိုတစ်ဦးအား စူးစမ်းလေ့လာမှုပြုရန် လွှတ်ထားလိုက်သည်။

လမ်းတွင် ဘုရားရှင် ပြုံးတော်မူ၏။ ဘုရားရှင်ပြုံးခြင်းသည် အကြောင်းမဲ့မဟုတ်။ အကြောင်းရှိ၍သာ ပြုံးတော်မူသည်ကိုသိသော အရှင်အာနန္ဒာသည် ပြုံးခြင်းအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားမေးမြန်း၏။ ထိုအခါ ဘုရားရှင်က ဤသို့ ပြန်လည်မိန့်ကြားတော်မူသည်။

"အာနန္ဒာ... သုပ္ပဗုဒ္ဓသည် ငါဘုရားနှင့်တကွ သံဃာတော်များအား လမ်းပိတ်ဆို့ထားခြင်းဟူသော မကောင်းသော

အမှုကြီးကို ပြုနေသည်။ ခုနစ်ရက်မြောက်သောနေ့တွင် သူ နေထိုင်ရာ ပြာသာဒ်၏အောက် စောင်းတန်းခြေရင်းမှာ သုပ္ပဗုဒ္ဓ မြေမျိုခံရလိမ့်မည်''

သုပ္ပဗုဒ္ဓ၏ခိုင်းစေချက်အရ ဗုဒ္ဓဘုရားရှင် ဘာပြောသလဲ သွားရောက်စုံစမ်းသူသည် မြတ်စွာဘုရားက အရှင်အာနန္ဒာအား မိန့်ကြားသော အထက်ပါမိန့်ကြားချက်ကို ကြားသိသွား၏။ ထိုစကားကို သုပ္ပဗုဒ္ဓမင်းအား ပြန်လည်ပြောကြား၏။

ထိုအခါ သုပ္ပဗုဒ္ဓမင်းသည် မြတ်စွာဘုရား၏စကား မှားအောင်လုပ်မည်၊ မြေမျိုမခံရအောင်လုပ်မည်ဟူသော အတွေးဖြင့် မြေမမျိုနိုင်အောင် ကြိုးစားအားထုတ်တော့၏။

သုပ္ပဗုဒ္ဓသည် သူ့အတွက် လိုအပ်ရာရာပစ္စည်းများကို ပြာသာဒ်၏အထက် ဘုံခုနစ်ဆင့်သို့ တင်၏။ ပစ္စည်းပစ္စယများ ပြည့်စုံသောအခါ သူကိုယ်တိုင်လည်း ထိုဘုံခုနစ်ဆင့်အမြင့်၌ပင် နေတော့၏။ အောက်မဆင်းတော့။ မြေကြီးနှင့်ကင်းလွတ်အောင် နေခြင်းသဘောပင် ဖြစ်၏။ ထိုသို့နေခြင်းဖြင့် မြေမျိုမည့် အန္တရာယ်နှင့် ကင်းဝေးမည်ဟူသော အယူအဆပင် ဖြစ်၏။

သုပ္ပဗုဒ္ဓသည် သူ အောက်သို့ မေ့ပြီးမဆင်းနိုင်ရန် ဘုံအဆင့်ဆင့်သို့တက်သော လှေကားများကိုလည်း ဖြုတ်ပစ်ထား လိုက်၏။ အကယ်၍ သူ သတိမေ့လျော့ကာ ဆင်းမိလျှင်လည်း

မဆင်းနိုင်ရန် အားကောင်းမောင်းသံဖြစ်သူများအား အပေါက်ဝများ၌ အစောင့်ချထားပြန်၏။ လှေကားတွေ ဖြုတ်ကာ အစောင့်များပါ ချထားခြင်းဖြင့် မြေပြင်သို့ဆင်းရန် ကိစ္စလုံလောက်ပြီဟု သူ ယူဆထားလိုက်၏။

သူ့အား မြေမျို၍ မရတော့လျှင် ခုနစ်ရက်အတွင်း မြေမျိုခံရမည်ဟူသော ဘုရားရှင်၏စကားတော်သည် မှားရတော့မည်သာ ဖြစ်၏။ ထိုအခါ သုပ္ပဗုဒ္ဓသည် ဘုရားရှင်အား သိက္ခာချမည်၊ မကောင်းသတင်းလွှင့်မည် ဖြစ်၏။ သုပ္ပဗုဒ္ဓကား သူ့အတွေးနှင့်သူပင် ဖြစ်၏။

ခုနစ်ရက်သို့ ရောက်ရှိခဲ့ပေပြီ။

ဤခုနစ်ရက်မြောက်နေ့တွင် သုပ္ပဗုဒ္ဓမင်း၏ စီးတော်မြင်းသည် ထ၍ သောင်းကျန်းတော့၏။ မြင်းသည် မြင်းစောင်းအတွင်း၌ အော်ဟစ်ခုန်ပေါက်နေ၏။ မြင်းကို မည်သူမျှ ထိန်းသိမ်း၍မရ၊ သုပ္ပဗုဒ္ဓသာလျှင် ထိန်းသိမ်းမှရပေမည်။

သူ၏မြင်းဟီသံကို ကြားနေရသော သုပ္ပဗုဒ္ဓသည် မနေနိုင်၊ မထိုင်နိုင် ဖြစ်လာ၏။ သူ့မြင်းဟီသံကြား၍ တံခါးပေါက်ရှိရာဘက်သို့ထွက်လာရာ တံခါးက အလိုလို ပွင့်လျက်သား ဖြစ်နေတော့၏။ ဖြုတ်ပစ်ထားသော လှေကားများက လည်း အလိုလို ပြန်တပ်လျက်သား ဖြစ်နေ၏။ အပေါက်ဝ

များတွင် အစောင့်ချထားသော အားကောင်းမောင်းသံ အမှုထမ်းများကလည်း သုပ္ပဗုဒ္ဓ အောက်သို့ ဆင်းလာသည်ကို မတားမြစ်မိကြသည့်အပြင် ခေါင်းတန်းခြေရင်းအရောက်၊ အောက်အရောက်ပင် လိုက်ပို့ပေးလိုက်ကြသေး၏။

သုပ္ပဗုဒ္ဓသည် မြေကြီးပေါ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် မြေမျိုခံလိုက်ရတော့၏။ မြေမျိုပြီးနောက် အဝီစိငရဲသို့ ကျရောက်သွားရတော့၏။

[ဓမ္မပဒ၊ ပါပဝဂ်၊ သုပ္ပဗုဒ္ဓမင်းကြီးဝတ္ထု။]

## ရက်စက်ကြမ်းကြုတ်သူတစ်ယောက်၏ နောက်ဆုံးခရီး

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုနေသည်။ ဘုရားအလောင်းတော်သည် မျောက်မျိုး၌ ဖြစ်ကာ မဟာနန္ဒိယအမည်ဖြင့် မျောက်ရှစ်သောင်းခြံရံလျက် ဟိမဝန္တာတော၌ နေ၏။ မဟာနန္ဒိယ၏ညီငယ်မှာ စူဠနန္ဒိယ ဖြစ်၏။

မဟာနန္ဒိယနှင့်စူဠနန္ဒိယတို့သည် မိခင် မျက်မမြင် မျောက်မကြီးအား လုပ်ကျွေးပြုစုနေကြ၏။ မိခင်ကြီးအား ညောင်ပင်ကြီးတစ်ပင်၏ အိပ်စရာ၊ နေစရာကောင်းသော နေရာတစ်ခုတွင်ထားခဲ့ကြကာ မဟာနန္ဒိယနှင့်စူဠနန္ဒိယတို့ သည် မျောက်အပေါင်းနှင့်အတူ အစာရှာထွက်ကြရ၏။

မဟာနန္ဒိယနှင့်စူဠနန္ဒိယတို့သည် မိခင်ကြီးထံ အမြဲတမ်း မရောက်နိုင်သဖြင့် ကောင်းမြတ်ချိုမြိန်သော စားစရာများကို အခြားမျောက်များနှင့်အတူ မိခင်ကြီးစားဖို့ ထည့်ပေးလိုက်ကြ၏။ သို့သော်လည်း အခြားမျောက်များက စားစရာများကို သူတို့မိခင်ကြီးထံ မပေးကြပေ။ သူတို့ မိခင်ကြီးအား မကျွေးကြပေ။

သို့ဖြစ်၍ သူတို့၏ မျက်မမြင်မိခင်ကြီးမှာ အစာမစားရသဖြင့် ပိန်ချုံး၍နေတော့၏။ အရိုးနှင့်အရေမျှသာ ကျန်တော့၏။

မဟာနန္ဒိယနှင့်စူဠနန္ဒိယတို့ မိခင်ကြီးကို ပြန်တွေ့ကြသောအခါ မိခင်ကြီး ပိန်ချုံးနေသည်ကို တွေ့မြင်ကြရ၏။ မိခင်ကြီး ယခုကဲ့သို့ ဘာကြောင့် ပိန်ချုံးနေရပါသလဲဟု မေးကြရာ မိခင်ကြီးက အစာမစားရ၍ဖြစ်ကြောင်း ပြန်လည်ဖြေကြား၏။ သို့ဖြစ်၍ မဟာနန္ဒိယနှင့်စူဠနန္ဒိယတို့ တိုင်ပင်ကြရတော့၏။

"ညီတော် စူဠနန္ဒိယ၊ မိခင်ကြီးကို လုပ်ကျွေးဖို့ အရေးကြီးတယ်။ မျောက်အပေါင်းရဲ့ခေါင်းဆောင် ငါ မလုပ်လိုတော့ဘူး။ မျောက်အပေါင်းကို သင်ပဲ ဦးဆောင်ပါလော့။ သင်ပဲ ခေါင်းဆောင်လုပ်ပါတော့။ မိခင်ကြီးကို ကျွေးမွေးဖို့ ငါ တာဝန်ယူပါ့မယ်"

မင်းလက်ရာစာပေ

မဟာနန္ဒိယမျောက်မင်းက ယင်းသို့ ပြောဆိုလာသော အခါ ညီဖြစ်သူ စူဠနန္ဒိယမျောက်ကလည်း ဤသို့ ပြန်လည် ပြောဆို၏။

"နောင်တော်ပဲ မျောက်အပေါင်းကို ဦးဆောင်ပါ။ မျောက်အပေါင်းရဲ့ခေါင်းဆောင် နောင်တော်ပဲ လုပ်ပါ။ မိခင်ကြီး အတွက် ညီငယ် တာဝန်ယူပါ့မယ်"

ဤသို့ အပြန်အလှန် ပြောဆိုကြပြီးနောက် ဆုံးဖြတ်ချက် တစ်ခုကို ချခဲ့ကြသည်။ ထိုဆုံးဖြတ်ချက်မှာ ညီအစ်ကို နှစ်ယောက်စလုံး မျောက်အပေါင်းကို စွန့်လွှတ်ကြလျက် မိခင်ကြီးကို ညီအစ်ကိုနှစ်ယောက်စလုံးပင် စောင့်ရှောက် ကျွေးမွေးကြရန် ဖြစ်၏။

တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံတွင် ပညာ သင်ယူ၍ ပြီးဆုံးသဖြင့် နေရပ်ဒေသ ပြန်လာသူတစ်ဦး ရှိသည်။ သူသည် သင်ယူလာသော ပညာဖြင့် အသက်မွေး ဝမ်းကျောင်းမပြုနိုင်ဘဲ မုဆိုးအလုပ်ဖြင့်သာ အသက်မွေး ဝမ်းကျောင်းပြုပေသည်။

ထိုသူ တက္ကသိုလ်ကျောင်းတော်မှအပြန် ဆရာကြီးအား ကန်တော့သောအခါ ဆရာကြီးက သူ့ကို ဩဝါဒစကား ပြောကြားလိုက်၏။ ဆရာကြီးက-

"သင်သည် ခက်ထန်ကြမ်းကြုတ်သူ ဖြစ်တယ်။ အနိုင်အထက်လည်းပြုတတ်တယ်။ အဲဒီလို စိတ်နေသဘောထားရှိသူအတွက် ကြီးစွာသော ပျက်စီးခြင်း ဖြစ်တတ်တယ်။ ဆင်းရဲခြင်း ဖြစ်တတ်တယ်။ သင် မခက်ထန်ပါနှင့်။ မကြမ်းကြုတ်ပါနှင့်။ နောင်တ ပူပန်ခြင်း မဖြစ်ပါစေနှင့်"

ဟူ၍ ဆုံးမဩဝါဒ ပေးလိုက်သည်။ ဆရာကြီး ပေးလိုက်သော ဆုံးမဩဝါဒစကားရပ်များသည် သူ့အတွက် တန်ဖိုးရှိ၏။ ဘဝနှင့်ချီပြီး အရေးကြီး၏။ တန်ဖိုးထားတတ်လျှင် အလွန်တန်ဖိုးရှိမည် ဖြစ်သည်။

တက္ကသိုလ်ကျောင်းတော်ထွက် မုဆိုးသည် တစ်နေ့သ၌ တောလည်သွား၏။ သားကောင်မရဘဲ ဖြစ်နေသည်။ အိမ်ပြန်တော့မည်ဟူသောသဘောဖြင့် နောက်ပြန်လှည့်လာ၏။ အပြန်လမ်းတွင် ညောင်ပင်ကြီးတစ်ပင်တွေ့ရာ တစ်စုံတစ်ခု ရလိုရငြား ညောင်ပင်ကြီးအောက် ရောက်လာသည်။

မုဆိုးလာနေသည်ကို ညောင်ပင်ပေါ်မှ မဟာနန္ဒိယနှင့် စူဠနန္ဒိယတို့က တွေ့မြင်နေကြ၏။ ထို့ကြောင့် မိခင်ကြီးကို အသာထားကာ သူတို့ညီနောင်က သစ်ခက်သစ်ရွက်ကြား ပုန်းကွယ်လိုက်ကြ၏။

သူတို့နေထိုင်ရာနှင့် အနီးဆုံးသို့ မုဆိုးရောက်သောအခါ

မိခင်မျောက်မကြီးကို တွေ့မြင်သွားတော့၏။ မုဆိုးသည် မျက်မမြင် မျောက်မကြီးကို မြှားဖြင့် ပစ်ခွင်းရန် လေးနှင့်မြှားကို ပြင်ဆင်လိုက်၏။ ထိုအခါ မဟာနန္ဒိယသည် ပုန်းကွယ်ရာမှ ထွက်လာပြီး မိခင်မျက်မမြင် မျောက်မကြီးရှေ့မှဝင်၍ ကာလိုက်၏။

"အသင်မုဆိုး၊ ကျွန်ုပ်တို့၏မိခင်ကြီးကို မသတ်ပါနှင့်။ ကျွန်ုပ်တို့၏မိခင်ကြီးမှာ အသက်ကလည်း ကြီးပါပြီ၊ ခန္ဓာကိုယ်၌ အသားများလည်း မရှိတော့ပါ။ အရိုးအရေမျှသာ ရှိပါတော့သည်။ မိခင်ကြီးအား သတ်မည့်အစား ကျွန်ုပ်အား သတ်ပါ။ မိခင်ကြီးအသက်ကို ချမ်းသာပေးပါ။ အသက်အလှူကိုလှူပါ"

မဟာနန္ဒိယ ပြောအပြီးမှာပင် မုဆိုးသည် မဟာနန္ဒိယအား မြှားဖြင့် ပစ်သတ်လိုက်တော့၏။ မဟာနန္ဒိယ သေသွားသောအခါ မုဆိုးသည် မိခင်မျက်မမြင် မျောက်မကြီးအား ပစ်ချရန် လေးဖြင့် ချိန်ရွယ်လိုက်ပြန်၏။ ထိုစဉ် သစ်ခက်သစ်ရွက်ကြား၌ ပုန်းကွယ်နေသော စူဠနန္ဒိယမျောက်သည် ဘွားခနဲပေါ်လာကာ မိခင်မျောက်အိုမကြီးရှေ့တွင် ရပ်ပြလိုက်သည်။ နှုတ်မှလည်း ဤသို့ ပြောဆို၏။

"အဆွေမုဆိုး၊ ကျွန်ုပ်၏မိခင် မျက်မမြင် မျောက်အိုမကြီးကို မပစ်သတ်ပါနှင့်။ မိခင်ကြီး၏အသက်ကို ချမ်းသာ

ပေးပါ။ မိခင်ကြီးကိုယ်စား ကျွန်ုပ်အား သတ်ပါ”

ထိုအခါ မုဆိုးသည် စူဠနန္ဒိယမျောက်ကို မြှားဖြင့် မညှာမတာဘဲ ပစ်ခွင်းသတ်ဖြတ်လိုက်ပြန်၏။ စူဠနန္ဒိယမျောက်လည်း သေဆုံးသွားရပြန်၏။ မဟာနန္ဒိယမျောက်နှင့် စူဠနန္ဒိယမျောက်ညီအစ်ကိုတို့ သေဆုံးသွား၍ မိခင်မျက်မမြင် မျောက်အိုမကြီးသာ ကျန်နေရစ်တော့၏။

မျောက်ညီအစ်ကိုကို အသေရရှိပြီးနောက် မုဆိုးသည် နောက်ဆုံးတွင် မိခင်အို မျက်မမြင်မျောက်မကြီးကိုပါ ပစ်သတ်ရန် ကြိုးစားအားထုတ်လိုက်တော့၏။

သည်တစ်ခါတွင်မူ မိခင်ကြီး၏ရှေ့ကနေ၍ မည်သည့်သားကမျှ လာရောက်ရပ်တန့်အကာအကွယ်ပေးခြင်း မရှိတော့။ မိခင်ကြီးအား မသတ်ပါနှင့်ဟူ၍လည်း မည်သည့်သားကမျှ လာရောက်မတားမြစ်နိုင်တော့ပြီ။

ဤသို့ဖြင့် မုဆိုးသည် မဟာနန္ဒိယနှင့်စူဠနန္ဒိယ မျောက်ညီနောင်တို့၏မိခင် မျက်မမြင်မျောက်အိုမကြီးအား မြှားဖြင့် ပစ်ခွင်းကာ အသက်သေစေခဲ့တော့၏။

မုဆိုးသည် မျောက်သေများထမ်းကာ ရွာသို့ ပြန်လာခဲ့၏။ ရွာအနီးသို့ရောက်သောအခါ မုဆိုးအတွက် သတင်းဆိုးများ ကြားသိလိုက်ရတော့၏။ ထိုသတင်းဆိုးကား ထိုမုဆိုး၏

အိမ် မိုးကြိုးလောင်မီးကျကာ (မိုးကြိုးပစ်ခံရကာ) မီးလောင်ခံရခြင်း၊ မုဆိုး၏သားမယားမိသားစုများလည်း မီးလောင်သေဆုံးသွားရခြင်းဟူသော သတင်းဆိုးပင် ဖြစ်၏။

ထိုသတင်းဆိုးကို ကြားရသောအခါ မုဆိုးသည် မျောက်သေများကို ပစ်ချကာ သူ့အိမ်နှင့်သူ့မိသားစုရှိရာဘက်သို့ အလျင်အမြန် ပြေးသွားခဲ့၏။ အိမ်ဝင်းထဲရောက်သောအခါ အိမ်ကို မတွေ့ရ၊ မီးလောင်ပြင်ကိုသာ တွေ့ရပြီး မိသားစုများကိုကား လုံးဝ မတွေ့ရတော့ပြီ။

မုဆိုးသည် သူ့မိသားစုများကို တွေ့လိုတွေ့ငြား မီးလောင်ပြင်ထဲတွင် ဟိုပြေးလိုက်၊ သည်ပြေးလိုက် လိုက်လံရှာဖွေနေ၏။ ထိုစဉ် မီးမကျွမ်းဘဲ ကျန်နေခဲ့သည့် တိုင်တစ်လုံးသည် မုဆိုး၏ခေါင်းပေါ်သို့ ယိုင်လဲကျလာ၏။ ထိုတိုင်ဖြင့် ရိုက်ခတ်ဖိနှိပ်မှုကြောင့် ခေါင်းကွဲသွား၏။

ထိုအချိန်မှာပင် အဝီစိငရဲမှ ငရဲမီးတောက် ထတက်လာသည်။ မြေကြီးကလည်း ကွဲအက်လာခဲ့၏။ မုဆိုး မြေမျိုခံရပြီ ဖြစ်၏။ ထိုသို့ အရှင်လတ်လတ် ကြီး မြေမျိုခံရသောအခါကျမှ မုဆိုး နောင်တရတော့၏။ နောင်တစကား ဆိုလေပြီ။

"ပညာသင်စဉ်အချိန်တုန်းက ဆရာပြောသော စကားများကို ငါ မလိုက်နာ၊ နားမထောင်ခဲ့ပါ။ နားမထောင်ခဲ့ဘဲ

လုပ်မိလုပ်ရာ မိုက်မိုက်ကန်းကန်း လုပ်မိသောကြောင့် ယခုတော့ ငါ ခံရပေပြီ"

မုဆိုးသည် ဤသို့ နောင်တစကား ဆိုတော့၏။ သူ့ဆရာက သူ့ကို ဤသို့ ဆုံးမခဲ့ဖူး၏။

"အမောင်လုလင်၊ သင်ကား ခက်ထန်ကြမ်းကြုတ်လှပါပေသည်။ အနိုင်အထက် ပြုလုပ်တတ်သူလည်း ဖြစ်ပါပေသည်။ ဤသို့ ပြုကျင့်တတ်သူအား ပျက်စီးခြင်း ကြီးကြီးမားမား ဖြစ်တတ်ပါပေ၏။ ဆင်းရဲခြင်းသို့ ရောက်တတ်ပါပေ၏။ သင်သည် မခက်ထန်၊ မကြမ်းကြုတ်ပါနှင့်။ နောင်မှ ပူပန်ခြင်း၊ နောင်တရခြင်းဆိုတာမျိုး မဖြစ်ပါစေနှင့်"

ဆရာ့စကားသည် ကောင်းမွန်လှပါ၏။ သို့ရာတွင် မုဆိုးက မလိုက်နာခဲ့ပေ။ ရက်စက်ကြမ်းကြုတ်မှု၊ မကောင်းမှုတို့ဖြင့် ပြည့်စုံနေသူတစ်ဦးသာ ဖြစ်နေခဲ့၏။ သူသတ်ဖြတ်ခဲ့သော မျောက်သားအမိတို့မှာ သာမန်များ မဟုတ်ကြပေ။ တိရစ္ဆာန်ဖြစ်နေကြသော်လည်း အလောင်းတော်များ ဖြစ်ကြ၏။ မဟာနန္ဒိယမျောက်သည် ဗုဒ္ဓဘုရားအလောင်းတော် ဖြစ်သည်။ စူဠနန္ဒိယမျောက်သည် အရှင်အာနန္ဒာအလောင်း ဖြစ်၏။ မိခင်မျောက်အိုမကြီးကား မဟာပဇာပတိ ဂေါတမီအလောင်းတော်တို့ပင် ဖြစ်ကြ၏။ မုဆိုးသည် ဒေဝဒတ်အလောင်း ဖြစ်၏။

မင်းလက်ရာစာပေ

ရက်စက်ကြမ်းကြုတ်၊ ခက်ထန်စွာ ပြုမူလေ့ရှိသည့် မုဆိုးသည် မြေမျိုကာ အဝီစိငရဲသို့ ကျရောက်သွားရတော့၏။

[ငါးရာ့ငါးဆယ်၊ စူဠနန္ဒိယဇာတ်တော်။]

**၁။ အထက်ဘုံလား၊ အောက်ဘုံလား**

၃၁ ဘုံတွင် အထက်ဘုံနှင့်အောက်ဘုံဟူ၍ အကြမ်းဖျဉ်းသိထားရမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နတ်ဘုံ၊ ဗြဟ္မာဘုံနှင့် ပတ်သက်သည့်ဘုံများအား အထက်ဘုံဟု ခေါ်ဆိုပြီး အပါယ်လေးဘုံနှင့်ပတ်သက်၍ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟုခေါ်ပြီး ထိုဘုံသားတို့အား အပါယ်ဘုံသားဟု ခေါ်သည်။

ထိုအထက်ဘုံနှင့်အောက်ဘုံသို့ရောက်ရှိရန် လမ်းဆုံလမ်းခွသည် လူ့ဘုံဘ၀ ဖြစ်သည်။

**မင်းလက်ရာစာပေ**

မှန်သည်။ အထက်ဘုံနှင့်အောက်ဘုံသည် လူသားများ ရွေးချယ်ရမည့် ဘုံနှစ်ခု ဖြစ်သည်။

ကောင်းမှုကောင်းကျိုးပြုကျင့်ခြင်းက အထက်ဘုံသို့ သွားရာလမ်းဖြစ်ပြီး အကုသိုလ်ဆိုးကျိုးများနှင့် သံသရာလည်နေသူများ၊ မကောင်းမှုကို မွေ့လျော်သူများအတွက် အောက်ဘုံသို့သွားသည့်လမ်း ဖြစ်၏။

ထို့ကြောင့် လူတိုင်းသည် ကိုယ့်လမ်းကို ကိုယ်ရွေးရမည် ဖြစ်သည်။ လမ်းရွေးမှားလျှင် ဆင်းရဲဒုက္ခထူပြောသည့် အောက်ဘုံသို့ သွားရမည်ဖြစ်၏။

မကောင်းမှုနှင့်မွေ့လျော်ပြီး အကုသိုလ်များသူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုသည့် ဒုက္ခထူပြောသည့် အောက်ဘုံသို့ရောက်ရမည် ဖြစ်သည်။

ထို့ကြောင့် လူသားတို့သည် အောက်ဘုံနှင့်ကင်းဝေးပြီး အထက်ဘုံသို့ရောက်ရှိစေရန် ကြိုးစားရမည်။ အထက်ဘုံသို့ တက်လှမ်းနိုင်ရန်အတွက် မကောင်းမှုအကုသိုလ်အား ကြဉ်ရှောင်ပြီး မကောင်းမှုကုသိုလ်ရအောင် စွမ်းဆောင်ကြိုးပမ်းရမည် ဖြစ်သည်။

စင်စစ် လူ့ဘုံသည် နတ်ဘုံ၊ ဗြဟ္မာဘုံတို့ထက် မြင့်မြတ်သော အနာဂတ်ကို ဖန်တီးနိုင်သည့်ဘုံ ဖြစ်သည်။

**မင်းလက်ရာစာပေ**

မှန်သည်။ အမှန်စင်စစ်မူ လူ့ဘုံသည် ရောက်လိုရာကို ရောက်နိုင်သောဘုံ ဖြစ်သည်။ နတ်ပြည်၊ နတ်လောကမှ စုတေတော့မည်ဆိုလျှင် စုတေတော့မည့် နတ်သား၊ နတ်သမီးအား-

"အသင်နတ်သား (နတ်သမီး)…သင်
စုတေတော့မည်ဆိုလျှင် လူ့ဘုံ လူ့ဘဝ
သို့ရောက်ရှိရန် ဆုတောင်းပါ"

ဟု နှိုးဆော်ကြ၏။

အဘယ့်ကြောင့်ဆိုသော် လူ့ဘုံလူ့ဘဝဆိုသည် ဘာမဆို ရနိုင်သောကြောင့် ဖြစ်သည်။ ဘုရားအဖြစ်သို့ရောက်လိုလျှင်ပင် လူ့ဘုံလူ့ဘဝမှ ကျင့်ကြံအားထုတ်နိုင်မည် မဟုတ်လော။

စင်စစ် လူ့ဘုံလူ့ဘဝသည် မိမိ၏ကျင့်ကြံအားထုတ်မှု အရ အထက်ဘုံသို့လည်း ရောက်နိုင်သလို အောက်ဘုံသို့လည်း ရောက်နိုင်သောကြောင့်တည်း။

၂။ အသင်လူသား သတိထားပါ...

လူ့ဘုံလူ့ဘဝသည် ၃၁ ဘုံတွင် ပဒေသာပင်ဘုံ၊ ဣစ္ဆာ သယကိုတိုင်းရသည့်ဘုံဖြစ်သည်ကို လူတိုင်း သိသင့်သည်။ ပြီးတော့ လူ့ဘုံသည် ကြိုးတန်းပေါ်လမ်းလျှောက် ရသလို အချိန်အခါ လိုသည်။

ကျင့်ကြံနေထိုင်ပြောဆိုတတ်ဖို့ လိုသည်။ အသိနှင့်သတိ ပြည့်စုံဖို့လိုသည်။

အဘယ်ကြောင့်ဆိုသော် လူ့ဘုံလူ့ဘဝဟူသည် ဣစ္ဆာ သယကို တိုင်းရသည့်ဘဝဖြစ်သကဲ့သို့ လောကီစည်းစိမ် ချမ်းသာနှင့် တပ်မက်စရာများပြောင်သောဘုံဘဝ ဖြစ်သည်။

ရွှေရောင်နှင့်တူသော မီးတောင်များရာတည်ရှိရာအရပ် ဖြစ်၏။ အဆိပ်ရည်တို့ များပြားသည့်နေရာ၊ တပ်မက်ဖွယ်ရာ များနှင့် သွေးဆောင်ဖြားယောင်းတတ်သည့်နေရာ။

လူ့ဘုံလူ့ဘဝသည် တပ်မက်ကြည်နူးဖွယ်ရာဘုံဘဝဖြစ်သကဲ့သို့ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနနှင့် ဣဿာ မိစ္ဆရိယ ပေါ်များ၏။ အပျော်အပါး လောင်းကစားမှုနှင့် အပြည့်ရှိသည့်နေရာ။

လူ့ဘုံလူ့ဘဝတွင် ငြိမ်းအေးချမ်းသာသည့်တရားဓမ္မကို စိတ်တိုင်းကျ ကျင့်ကြံပွားများနိုင်သကဲ့သို့ အပါယ်လေးဘုံအား မမျှော်လင့်ဘဲ ဖောက်ထိုးမိုးမျှော် ကျဆင်းသွားနိုင်သည့် အခြေအနေမျိုးလည်း ရှိသည်။

သည့်အခါ အချို့က အထက်ဘုံရောက်ရန် မည်သို့ စွမ်းဆောင်ရမည်နည်း။ ဆင်းရဲဒုက္ခပြွန်းတီးသည့် အောက်ဘုံသို့ မကျရောက်အောင် မည်သို့ စွမ်းဆောင်ရမည်နည်းဟု မေးကောင်းမေးမည်။

သည့်အခါ အထက်ဘုံသို့ရောက်ရှိနိုင်ရန် ကောင်းမှု မြတ်နိုးပါ။ ကောင်းအောင် ကြိုးစားပါ။ မကောင်းမှုကို ကြဉ်ရှောင်ပါဟု ဆိုသင့်သည်။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုသည် ကောင်းကျိုးကိုပြုသကဲ့သို့ မကောင်းမှုသည် မကောင်းကျိုးအား ပြုနေကြသောကြောင့် ဖြစ်သည်။

ကောင်းမှုသည် အဘယ်နည်း…

မကောင်းမှုသည် အဘယ်နည်း…။

**မင်းလက်ရာစာပေ**

စင်စစ် ကောင်းမှုဆိုသည်မှာ မကောင်းမှုအား ကြဉ်ရှောင်ခြင်း ဖြစ်သည်။ ငါးပါးပဉ္စလီသီလအား စောင့်ထိန်းခြင်းပင်။

၁။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

၂။ လိမ်ညာသိမ်ဖျင်းသော စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

၃။ ပိုင်ရှင်မသိဘဲ ခိုးယူခြင်းအား ရှောင်ကြဉ်ခြင်း၊

၄။ အရက်သေစာသောက်စားမူးယစ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

၅။ သူတစ်ပါးသားသမီး သားမယားအား ပြစ်မှားကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်း

စသည်တို့အား ကျူးလွန်ပြစ်မှားခြင်းမှ ကောင်းမှုအတွက် ရှောင်ကြဉ်ရမည်ဖြစ်သလို ခင်ပွန်းကြီးဆယ်ပါးအား ပြစ်မှားကျူးလွန်ခြင်းမှလည်း ရှောင်ကြဉ်ရမည် ဖြစ်သည်။

မှန်သည်။

ထိုအချက်က လူတိုင်း သတိထားရမည့်အချက်ပင်။

ထို့အတူ လူတစ်ယောက်သည် ငါးပါးသီလအား လုံခြုံစွာ စောင့်ထိန်းခြင်း၊ ခင်ပွန်းကြီး ၁၀ ပါးအား ရိုသေလေးစားပြစ်မှားခြင်း စသည့်နည်းတူ အလျှုဒါနအစုစုအား

တတ်အားသရွေ့ပြုနေမည်ဆိုလျှင် ထိုသူသည် ကောင်းမှုပြုသူ အကုသိုလ်ကင်း၍ ကုသိုလ်ရသူ ဖြစ်မည်။

ထိုသူသည် အပါယ်လေးဘုံနှင့်ကင်းဝေးမည် ဖြစ်၏။

ဤသို့မျှမဟုတ်ဘဲ လူတစ်ယောက်သည် သီလ စောင့်ထိန်းခြင်းလည်းမရှိ၊ ခင်ပွန်းကြီး ၁၀ ပါးအား ပြစ်မှား ကျူးလွန်သူဖြစ်ငြားအံ့။

ထိုသူသည် ကုသိုလ်နှင့်ကင်းဝေးသူ၊ အကုသိုလ် ထူပြောသူဖြစ်ပြီး အပါယ်လေးဘုံသို့ မလွဲမသွေ ရောက်ရလေ မည်ဖြစ်သတည်း။

သို့တွက်ကြောင့် လူတစ်ဦးသည် ရခဲလှသော လူ့ဘဝ အား ရရှိခဲ့သော်လည်း ထိုသူသည် လူ့တန်ဖိုးအားမသိဘဲ မှားယွင်းစွာ တွေးခေါ်လုပ်ကိုင်မည်ဆိုလျှင် သူသည် လူဖြစ်ရ သော်လည်း လူဖြစ်ရကျိုးနပ်သူ ဖြစ်မည်မဟုတ်။

သူ၏အနာဂတ်သည် မှောင်မည်းနေလိမ့်မည်။ သံသရာ လည်တတ်သဖြင့် သူသည် အပါယ်လေးဘုံသို့ မလွဲမသွေ ရောက်ရှိရမည့် အပါယ်လူဟုသာ ခေါ်ရမည်ဖြစ်သည်။

ထိုကဲ့သို့ပင် ယင်းလူအား လူစင်စစ် မဖြစ်သူဟု ဆိုရမည်ဖြစ်သည်။

၃။ လူစစ်စစ်ဖြစ်အောင် ကြိုးစားပါ

ရခဲလှတဲ့လူ့ဘဝကို ရောက်ခဲ့ကြပေမယ့် လူရဲ့တန်ဖိုးအား အချို့သည် မသိကြ။ လူ့တန်ဖိုးအား မသိသဖြင့် လူစစ်စစ်ဖြစ်ရန် ကြိုးစားခြင်းမပြုကြ။ ထို့ကြောင့်လည်း လူအချို့သည် လူ့ဘဝထဲသို့ရောက်ခဲ့ပြီး လူဖြစ်ခဲ့သော်လည်း လူအစစ် မဖြစ်ခဲ့ကြပေ။

သူတို့သည် လူဖြစ်၍သာ လူဟု မည်ကာမတ္တမည်ကြ၏။ ထို့ကြောင့် ဝိမာနဝတ္ထု အဋ္ဌကထာမှာ အောက်ပါအတိုင်း လူ (၄)မျိုး ခွဲခြားပြသထားသည်ကို တွေ့ရသည်။

လူ (၄)မျိုးက-

၁။ လူ့ငရဲသား

၂။ လူ့ပြိတ္တာ

၃။ လူ့တိရစ္ဆာန်

၄။ လူအစစ်

၁။ လူ့ငရဲသား

အချို့သောလူအများသည် လူ့ဘဝအား ရလာခဲ့ပြီ။ သူတို့သည် လူ့ဘဝ ရသည့် အချိန်တွင် သူ့အသက်သတ်မှု၊ သူ့ဥစ္စာခိုးမှု စသည့်မကောင်းမှုတို့နှင့် ဘဝကုန်ဆုံး သွားခဲ့ကြသည်။

ထိုသူတို့သည် ဒီဘဝမှာပင် မင်းပြစ် မင်းဒဏ် သင့်ခဲ့ရသည်။ ခြေပြတ် လက်ပြတ် စသည့် ညှဉ်းဆဲနှိပ်စက်မှုမျိုးစုံ နှင့် ဆင်းရဲဒုက္ခမျိုးစုံအား ခံစားခဲ့ရသည်။ စင်စစ် သူတို့၏ ဆင်းရဲဝေဒနာများက သူတို့အား ဒေါသ၊ ဒေါမနဿ စိတ်များ ဖြင့် မွေးဖွားခဲ့သည်။

ဒေါသနှင့်သေသဖြင့် ငရဲရောက်ရသည်။ မသေရသေး၍ နေရသည့်အချိန်တွင်လည်း ဒေါသစိတ်များနှင့် အသက်ရှင်နေသမျှကာလပတ်လုံး ငရဲသားဘဝနှင့်ပဲ တူနေရသည်။ ယင်းသမို့ ထိုလူမျိုးအား လူ့ငရဲသားဟုခေါ်ခြင်း ဖြစ်သည်။

## ၂။ လူ့ပြိတ္တာ

အချို့သောလူများကျတော့ ရှေးကပြုခဲ့ဖူးသည့် အကုသိုလ်ကံတရားတို့ကြောင့် လူ့ဘဝမှာ အစာရေစာ ရှားပါးပြီး ငတ်မွတ်ခေါင်းပါးတဲ့ဘဝမှာ ရှင်သန်ရတယ်။

ဆာလောင်ခြင်းတွေ နှိပ်စက်လို့ ဆင်းရဲကြီးစွာ ခံစားရတယ်။

သူတို့ရဲ့ဆာလောင်မှုတွေက သူတို့ကို လောဘစိတ်တွေ၊ တဏှာစိတ်တွေကိုပဲ မွေးဖွားပေးခဲ့တယ်။

လောဘနဲ့သေတဲ့အတွက် ပြိတ္တာပြည်ကို

ရောက်ရတယ်။

မသေရသေးလို့ နေတုန်းအချိန်တွေမှာလည်း လောဘ၊ တဏှာစိတ်တွေနဲ့ ရှင်နေသမျှ ပြိတ္တာတွေနဲ့သာ တူနေသည်။ ယင်းသို့သော လူမျိုးအား လူ့ပြိတ္တာဟု ခေါ်သည်။

## ၃။ လူ့တိရစ္ဆာန်

အချို့ကျတော့လည်း သူတစ်ပါးခိုင်းသမျှ လုပ်ပြီး သူတစ်ပါးပြုမှ နေရ။ သူတစ်ပါးကျွေးမှ စားရပြီး ပေးသမျှနှင့် ဝရရှိ ပင်ပန်းဆင်းရဲကြီးစွာနဲ့ ရှင်သန်နေရသည်။ သူဟာ အိပ်၊ စား၊ ကာမဆိုတဲ့ ဆန္ဒသုံးမျိုးကလွဲလို့ ဘာမှမသိဘူး။ ကောင်းမှုဆိုသည်ကိုလည်း ဘာမျှမသိသူ ဖြစ်သည်။ နားမလည်နိုင်သူလည်း ဖြစ်သည်။ ထိုလူမျိုး၏သန္တာန်တွင် အချိန်ရှိသမျှ မသိမိုက်မဲမှု မောဟစိတ်များ ကြီးစိုးနေသူ ဖြစ်သည်။

မောဟစိတ်နှင့်သေလွန်လျှင် တိရစ္ဆာန်ဘဝ ကို ရောက်ရသည်။ မသေရသေးလို့ နေရ တုန်းအခိုက်မှာလည်း မောဟစိတ်ကိုဖြင့် အသက်ရှင်နေသဖြင့် ထိုသူမျိုးက တိရစ္ဆာန်နှင့်တူနေသည်။

ယင်းသို့သောလူမျိုးအား လူတိရစ္ဆာန်ဟု ခေါ်သည်။

## ၄။ လူစစ်စစ်

စင်စစ် လူစင်စစ်ဆိုသည်မှာ အကျိုးရှိ သောအရာနှင့် အကျိုးမရှိသောအရာတို့ အား ပိုင်းခြားပြီးသိနိုင်သူ ဖြစ်သည်။

သူတစ်ပါးနှစ်ဦးသားအတွက် အကျိုးရှိရာ ကိုသာ ပြုလုပ်ပြောဆို ကြံစည်သူ ဖြစ် သည်။

အစဉ်အမြဲ ကံ-ကံ၏အကျိုးကို ယုံကြည် နိုင်ပြီး မကောင်းမှုကိုရှောင်၍ ကောင်းမှု ကိုဆောင်သူ ဖြစ်သည်။

သူ့တွင် လိုချင်မှု လောဘဟူ၍ ရှိသော်

လည်း စွန့်လွှတ်မှုပေးကမ်းစွန့်ကြဲမှုတွေနဲ့ ပြန်ကုစားနိုင်သူ၊ ပုထုစဉ်လူသားဖြစ်၍ စိတ်ဆိုးမှုဒေါသနှင့် မကင်းနိုင်သေးသော်လည်း သည်းခံ ခွင့်လွှတ်ခြင်းဆိုသည့် ခန္တီတွေ၊ ချစ်ခင်ကြင်နာမှုဆိုတဲ့ မေတ္တာ ကရုဏာတွေ ပွားများပြီး ဖြေပျောက်တတ်သူ။

ယင်းသို့သော လူမျိုးသည် လူ့ဘဝရောက်လာခြင်းအတွက် အရှုံးမရှိ။ အမြတ်ရပြီး လူဖြစ်ကျိုးနပ်အောင်၊ တန်ဖိုးရှိအောင် အသိဉာဏ်ယှဉ်ပြီး ဘဝအား အသုံးချနိုင်သဖြင့် လူစစ်စစ်ဟု ခေါ်ဆိုနိုင်သည်။

မင်းလက်ရာစာပေ

၄။ ပညတ်လူ၊ ပရမတ်လူ

လောကသဘာဝက ရှင်းသည်။

ဤလောက၌ အဖိုးထိုက်သောအရာတွေ ရှိနေသမျှ ကာလပတ်လုံး တန်ဖိုးမဲ့သည်များလည်း ရှိနေကြဦးမည်သာ။

ဥပမာပြရလျှင် သစ်သီးတစ်လုံး၌ အနှစ်အသားရှိနေသမျှကာလပတ်လုံး အပေါ်ယံ အခွံ၊ အကာဆိုသည်လည်း ရှိနေဦးမည်သာ။ ဤကား ဓမ္မတာ ဖြစ်သည်။

ယင်း (၄)မျိုးထဲတွင် လူ့ငရဲသား၊ လူ့ပြိတ္တာ၊ လူ့တိရစ္ဆာန်ဆိုသည့်အမျိုးအစားများက အမည်ပညတ်အနေနှင့်သာ လူဖြစ်နေသည့် လူမည်ကာမတ္တသမားတွေ ဖြစ်၏။

အကယ်၍ ထိုထိုသောသူတို့၏ရှေ့၌ လူဆိုသည့် ပညတ်တွေကို ဖယ်လိုက်လျှင် ဘာရှိဦးမည်နည်း။ ဘာတွေ ကျန်ဦးမည်နည်း။

ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်…ဒါပဲ ကျန်တော့မည်။

အသေအချာ ဆန်းစစ်ကြည့်လျှင် သူတို့သည် လူတွေပင် ဖြစ်၏။

သို့စေကာမူ ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်၊ အသူရကာယ် မည်သည် အပါယ်လေးဘုံသားတွေနှင့် အပါယ်လေးဘုံ မဟုတ်သည့် လူ့ဘုံထဲ၌ရှိသည်ကလွဲလို့ ဘာမျှမထူးပြီဟု ဆိုရမည်။

တစ်ခုရှိသည်က အဲလိုမျိုးလူဖြစ်သော်လည်း လူ့အနှစ်၊ လူ့တန်ဖိုး၊ လူ့အဓိပ္ပာယ်များအား မရယူနိုင်လို့ နာမည်ပညတ် အနေနှင့်သာ လူဖြစ်ရသည့် လူအစစ်မဟုတ်သည့် အဖြစ်မျိုးနှင့် လူအား ပညတ်လူဟု ခေါ်ရမည်။

လူအစစ်နှင့်ပတ်သက်လို့ ပြောရမည်ဆိုလျှင် လူအစစ် ကို ပါဠိလို ပရမတ္ထမနုဿဟု ခေါ်သည်။ အားလုံး နားလည်နိုင်သည့်သဘောနှင့်ပြောရလျှင် ပရမတ်လူ ဖြစ်သည်။

လူ့အနှစ်၊ လူ့တန်ဖိုးဖြစ်သည့် ဒါန၊ သီလ၊ ဘာဝနာ စတဲ့ သူတော်ကောင်းတရားမှန်သမျှကို ရယူနိုင်အောင် ရှာဖွေ

ကြိုးစားပြီး ယူနိုင်သည့်လူမျိုး ဖြစ်သည်။

နတ်ပြည်ကနေ စုတေလာသည့် ကံကုန်နတ်သား တွေကို လူ့ပြည်သို့ အရောက်သွားပါလေလို့ တိုက်တွန်းခြင်းဟာ လူ့တန်ဖိုး၊ လူ့အဓိပ္ပာယ်ကိုရအောင်ယူနိုင်ပြီး ကံတွေ ပြန်ပြည့်စုံ လာနိုင်မည်။ လူအစစ်ဖြစ်လို့ ပရမတ်လူဟု ရည်ညွှန်းဆိုခြင်း ဖြစ်သည်။

ဤကဲ့သို့လူမျိုးသည်သာ ဤကဲ့သို့သောလူမျိုးဖြစ်မှ သာ လူ့ဘဝဆိုသည့် အခွင့်ထူးကို ရောက်လာသည့်အခါ ရခဲ့တဲ့ သဒ္ဓါတရားကို ရယူနိုင်သကဲ့သို့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ အကျင့်မြတ်တွေကို ပွားများအားထုတ်နိုင်မည်ဖြစ်သတည်း။

၅။ အပါယ်လူ၊ သူတော်ကောင်းတို့ ပဲကြဉ်သူ
မှတ်သားဖူးတာ တစ်ခုရှိခဲ့သည်။

တစ်ခါက...

ဂင်္ဂါမြစ်ထဲ၌ သစ်တုံးကြီးတစ်တုံး ရေစီးအတိုင်း မျောလာခဲ့သည်။ သစ်တုံးဟာ ရေအလျဉ်ကြောထဲရောက်လာတော့ ကမ်းနှစ်ဖက်သို့လည်း မကပ်ချေ။

ရွာနားရောက်လာသည်။ ရွာနားသို့ရောက်လာတော့ တစ်ယောက်ပြီးတစ်ယောက် သစ်တုံးကြီးကို သွားကြည့်ကြသည်။ အဖြေကရှင်းပါသည်။ အသုံးတည့်ရင် သယ်မယ် ပေါ့။

ဒါပေမယ့် သစ်တုံးကြီးနားရောက်လို့ သစ်တုံးကို သေချာကြည့်လိုက်တော့ သစ်တုံးကြီးဟာ ဘယ်နေရာမှ အသုံးမတည့်သလို သစ်ခေါင်းကလည်း ပုပ်နေ၏။

မင်းလက်ရာစာပေ

"အို…ဘာမှအသုံးမဝင်တဲ့ သစ်တုံးကြီးပဲ"

အားလုံးဟာ ခေါင်းခါနှာခေါင်းရှုံ့ပြီး လှည့်ပြန်သွားကြတာချည်းပဲ။

ဒီလိုနဲ့ သစ်တုံးကြီးလည်း သယ်သူမရှိ၊ ယူသူမပေါ်ဘဲ သမုဒ္ဒရာထဲ မျောပါပြီး နစ်မြုပ်ပျောက်ဆုံးသွားခဲ့တယ်။

ဒီပုံပြင်ကလေးကိုသိရတော့ မိမိရင်ထဲ မေးခွန်းတစ်ခု မေးချင်စိတ် ပြင်းထန်ခဲ့သည်။

ဂင်္ဂါမြစ်ထဲက သစ်တုံးကြီးကို သယ်မယ့်သူ ဘာ့ကြောင့် မရှိတာလဲ။ မသယ်ကြတာလဲ။

အဖြေပေးရမယ်ဆိုရင် အသုံးမတည့်လို့ပါ။

သစ်တုံးကြီးဟာ သုံးမရလောက်အောင် ပုပ်ဆွေးနေလို့ပေါ့။ ဒီလိုမှ မဟုတ်ရင်တော့ သယ်ကြမှာပါ။

ဤဉပမာကလေးကဲ့သို့ပင် လူတစ်ယောက်ဟာ လူရယ်လို့ဖြစ်လာပြီး လူ့လောကထဲ ရောက်လာပေမယ့်လို့ အဲဒီလူဟာ လူအစစ် မဟုတ်ဘူး။ ပရမတ်လူ မဟုတ်ဘူး။

လူ့ငရဲသား၊ လူ့တိရစ္ဆာန်၊ လူ့ပြိတ္တာ ဖြစ်နေပြီဆိုရင်တော့ သူ့အတွက်လည်း အဖိုးမတန်သလို လောကအတွက်၊ လူသားတွေအတွက် ဘယ်နေရာမှ အသုံးဝင်မှာမဟုတ်ပါဘူး။

လောကအတွက်၊ လူသားတွေအတွက် ဘယ်နေရာမှာမှ အသုံးမတည့်၊ အသုံးမဝင်တဲ့ အဆွေးပုပ်၊ အပါယ်ခံလူ အဖြစ်နဲ့သာ ရပ်တည်ရမှာပါ။

လူတစ်ဦးသည် လူ့ဘဝအခွင့်ထူးကို ရကာရနိုင်ပါ လျက်နှင့် လူ့ဘဝရှင်သန်နေသမျှ၊ အချိန်ရှိသမျှကာလပတ်လုံးမှာ ရယူလိုမှု လောဘစိတ်နှင့်ပဲ ပြည့်မွမ်းနေမယ်၊ သူတစ်ပါးကို မနာလိုမှု၊ ပျက်စီးလိုမှု၊ မသိမိုက်မဲမှု မောဟစိတ်တွေနှင့်ပဲ အမှောင်ကျနေမယ်ဆိုရင်…

စင်စစ် ယင်းအကုသိုလ်စိတ်မျိုးသည် မိမိကိုယ်ကို လည်း နှိပ်စက်ဖျက်ဆီးတတ်သလို ကိုယ့်အပါးကို ရောက်လာ သူတွေကိုလည်း ပူလောင်ကျွမ်းမြိုက်စေတတ်သည်။

ဤကဲ့သို့ပင် ထိုသူအတွက် ဒီဘဝအတွက်လည်း အကျိုးစီးပွားမဲ့ပြီး ကိုယ်ကျိုးနည်းတတ်သလို သံသရာမှာလည်း အပါယ်ငရဲမှမလွတ်ဘဲ အရှုံးထွက်စေမှာဖြစ်သည်။

* * *

လူတစ်ယောက်အတွက် လူတစ်ယောက်ဟာ ကိုယ့် သန္တာန်မှာ အကုသိုလ်ဆိုသည့် အပုပ်အဆွေးတွေနှင့်သာ ပြည့်စုံ ပြီး ဒုစရိုက်ဆိုတဲ့အပြစ်ကံကိုသာ ပြုလုပ်ပြောဆိုကြံစည်

နေတတ်မယ်ဆိုလျှင် သူသည် အလိုလိုနေရင်း သူတော်ကောင်းပုဂ္ဂိုလ်များရဲ့ ဖဲကြည်ခံဘဝသို့ ရောက်မှန်းမသိ ရောက်သွားစမြဲဖြစ်သည်။

သူတစ်ပါးက မိမိအား စိတ်၊ စေတနာ ကောင်းလေးကိုထားပြီး သူစရိုက်ဆိုသည့် အချစ်ကံတွေနှင့် ပြောဆိုဆက်ဆံပါသည်။ သို့တစေ မိမိကတော့ စိတ်ဆိုးစိတ်မိုက်တွေနှင့်ပဲပြန်ဆက်ဆံ၏။ နောက်တစ်ခါ မိမိအား ဤသို့ မဆက်ဆံဘဲရှောင်ဖယ်သွားကြ၏။

ဥပေက္ခာနှင့်သာ မျက်နှာလွှဲကြမည်။

အဘယ့်ကြောင့်ဆိုသော် လူတို့သည် မိမိအား စိတ်ပုပ်စိတ်ဆွေးဆိုသည့် အပြစ်ကံများ ကူးစက်ခံရမည်ဆိုးသောကြောင့် ဖြစ်သည်။

ထိုကဲ့သို့ သူတစ်ပါးက မိမိအား စိတ်စေတနာကောင်းနှင့် မဆက်ဆံလိုသည့်အခါတိုင်းမှာ မိမိသည် အပါယ်ခံသူဖြစ်သွားစမြဲပင်။

စင်စစ် ကုသိုလ်တရားသည် အကုသိုလ်တရားနှင့်အဖက်မတန်သဖြင့် မဆက်ဆံဘဲ ဆန့်ကျင်တတ်သည်မှာဓမ္မတာ ဖြစ်သည်။ ဤကဲ့သို့ပင် သူတော်ကောင်းတို့သည်သူတော်ကောင်း တရားမဲ့နေသည့်သူများအား တစ်ကြိမ်တစ်ခါ

မျှပင် တွေ့လိုကြုံလို ဆက်ဆံလိုသည့်ဆန္ဒ မရှိချေ။

အကယ်၍ မလွဲမသွေ ကြုံခဲ့လျှင်လည်း မပြောမဆို မဆက်ဆံဘဲ ဥပေက္ခာပြုနေတတ်သည်။

ဤလောကဌ် ကုသိုလ်နှင့် အကုသိုလ်တရား၊ သူကောင်းနှင့်သူယုတ်မာတို့သည် သဘောအားဖြင့် မိုးနှင့်မြေ တမျှ ကွာခြားကြသည်ဟု ဆိုရမည်။

ဓာတ်သဘောနှင့်ကြည့်လျှင်လည်း အရှေ့နှင့်အနောက် ပမာ ခပ်ခွါခွါ ရှိကြသည်။ ကိုယ်အားဖြင့်လည်း ကမ္ဘာခြားနေ သည်ဟု ဆိုရမည်ဖြစ်သည်။

ယင်းအဖြစ်ထက်ဆိုးသည်က အပါယ်ခံလူတို့သည် သူတို့အား သူတော်ကောင်းတို့က ဖဲကြဉ်ခွာကြသဖြင့် ပေါင်းဖက်ခွင့်မရကြသဖြင့် သူတော်ကောင်းတရား နာကြား ခွင့် ဆုံးရှုံးရသဖြင့် စုန်းစုန်းမြုပ်သောဘဝသို့ ရောက်သွား ရသည်။

လူ့အပယ်ခံရသဖြင့် သမုဒ္ဒရာတွင် စုန်းစုန်းနစ်သွားရ သည့် သစ်တုံးကြီးလို ဖြစ်သွားရသည်။

ထို့ကြောင့် လူတို့သည် သူတော်ကောင်းတို့ ဖဲကြဉ်ခံရ မည့် အပါယ်လူ့ဘဝသို့ မရောက်ရအောင် ကြိုးစားစွမ်းဆောင် ရန် အထူးလိုအပ်ပေသည်။

**မင်းလက်ရာစာပေ**

၆။ ဘဝတန်ဖိုးရှိဖို့ သဒ္ဓါလက်နဲ့ယူပါ

သဒ္ဓါအတွေ့နဆိုသည့် ယုံကြည်ချက်ဟုခေါ်သည့် သဒ္ဓါတရားသည် သူတော်ကောင်းတို့၏ နှလုံးသား၌ အမြစ်တွယ်ပြီး လက်သဖွယ် ပါရှိနေသည်။

ပကတိလက်ရှိသူဟာ စည်းစိမ်ဥစ္စာ ရတနာမျိုးစုံအား ရယူနိုင်သကဲ့သို့ သဒ္ဓါလက်ရှိသောသူတို့သည် သူတော်ကောင်း ဥစ္စာရတနာမျိုးစုံအား အရယူနိုင်စွမ်းသည်။

သီလ၊ သမာဓိ၊ ပညာဆိုသည့် အကျင့်မြတ်တို့အား လည်း ကျင့်သုံးနိုင်သည်။

သဒ္ဓါလက်ဖြင့် ယူတတ်သူဖြစ်လျှင် လူ့ဘဝ၏အနှစ် ၃ မျိုးအားရနိုင်သည်။ ယင်းသို့ရနိုင်သည်အား-

'စည်းစိမ်ဥစ္စာ၊ အနှစ်ရှာ၊
ပြုပါ ဒါနမှတ်။
မိမိခန္ဓာ၊ အနှစ်ရှာ
စောင့်ပါ သီလမှတ်။
အသက်ဇီဝါ၊ အနှစ်ရှာ
ဘာဝနာဟု မှတ်'
ဟု မိန့်ဆိုထားသည်ကို နှလုံးသွင်းရမည်။

* * *

သို့သော် ယုံကြည်ချက်ဟုဆိုသည့် သူတော်ကောင်းတို့၏နှလုံးသားတွင်မူ သဒ္ဓါ လက်သည် အမျိုးအစားအားဖြင့် (၄) မျိုးကွဲပြားနေကြောင်း မှတ်သားရသည်။

မည်သို့ဆိုစေ တစ်ခု သတိချပ်ထားရမည်က လက်တူညီရန်လိုသည်။ လက်မတူလျှင် ယူတိုင်းရမည်မဟုတ်။ ရသမျှလည်း ယူနိုင်ကြမည်မဟုတ်ပါ။

အဘယ့်ကြောင့်ဆိုသော်...

၁။ ဘုရားအလောင်းတော်တို့၏ နှလုံးသား၌ရှိသည့် 'အာဂမနိယသဒ္ဓါ'

၂။ အရိယာသူတော်ကောင်းတို့နှလုံးသား၌ရှိသည့် 'အဓိဂမသဒ္ဓါ'

၃။ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တို့နှလုံးသား၌ ရှိတတ်သည့် 'ပသာဒသဒ္ဓါ'
(အပေါ်ယံယုံကြည်မှု)

၄။ ပညာဗုဒ္ဓဘာသာဝင်တို့နှလုံးသား၌ရှိသည့် ဉာဏ်နှင့်သက်ဝင်ယုံကြည်မှု
'ဩကပ္ပနသဒ္ဓါ'

(သုတ်မဟာဝါ အဋ္ဌကထာ)

စသည်တို့ဖြစ်ပြီး ယင်းသဒ္ဓါ (၄)မျိုးအနက် မိမိကမည်သည့်သဒ္ဓါအား ရယူနိုင်သည်ဆိုသည်အား သုံးသပ်ကြည့်လျှင် ပုထုဇဉ်လူသားတစ်ဦးအနေနှင့် ပသာဒသဒ္ဓါနှင့် ဩကပ္ပနသဒ္ဓါတည်းဟူသော သဒ္ဓါနှစ်မျိုးလောက်သာပဲ လက်တွေ့အသုံးချ၍ရမည်ဟု ယူဆရ၏။

အရိယာတို့နှလုံးသားမှ ဖြစ်တည်ခဲ့သည့် 'အဓိကာမသဒ္ဓါ' ကမူ အလိုလိုဖြစ်လာသည့်သဒ္ဓါ ဖြစ်၏။

ယင်းသဒ္ဓါနှင့် ယုံစရာငါးမျိုးတို့အား ယုံတော့ယုံသည်။ သို့သော် အပေါ်ယံ ယုံတတ်သည့် မိရိုးဖလာယုံပုံမျိုးတို့က ပညာအဆင့်မှာ ပသာဒသဒ္ဓါနှင့်ယုံခြင်းမျိုးဟု ဆိုရမည်။

မိမိသည် ပုံတော်များအား ကြည်ညိုနေရုံမျိုးမဟုတ်ဘဲ ဂုဏ်တော်အား ဉာဏ်ဖြင့် သက်ဝင်ဆင်ခြင်ပွားများပြီး အသိဉာဏ်မှာ အာရုံပေါ်လာသည်အထိ ပုံဖော်ပြီး ပည႒နှင့် ယုံခြင်း ဖြစ်၏။

ဩကပ္ပနသဒ္ဓါဟု ခေါ်သည်။

အမှန်ကိုဆိုသော် ယူသလောက်ရနိုင်ပြီး ရနိုင်သလောက် ယူနိုင်သည့်သဒ္ဓါမျိုးလည်း ဖြစ်သည်။

ပြောရလျှင် ထိုသဒ္ဓါမျိုးကသာ အဓိတမသဒ္ဓါအဆင့်နှင့် သောတပန်အရိယာဖြစ်အောင် ပို့ဆောင်ပေးနိုင်စွမ်း ရှိသည်။

သောတပန်အရိယာဖြစ်အောင် သညာနှင့်ယုံသည့် သဒ္ဓါကပဲ အဆင့် (၄)ဆင့်နှင့် ပို့ဆောင်ပေးနိုင်သည်။

ပထမအဆင့်၌ သူတော်ကောင်းမြတ်တရားတော်တို့၏ မြွက်မိန့်ကြားနိုင်သည့် စွမ်းအားရှိသူဆရာမျိုးအား ချဉ်းကပ်နိုင်ဖို့ ပို့ဆောင်ပေးတတ်သည်။

ဒုတိယအဆင့်မှာ သူတော်ကောင်းတို့ ဟောကြားသည့် တရားမြတ်အား အသိဉာဏ်နားနှင့် သတိစိုက်နာယူနိုင်ဖို့လည်း ပို့ဆောင်ပေးတတ်သည်။

တတိယအဆင့်မှာ မြတ်တရားအား နာကြားရုံမဟုတ်ဘဲ အသိဉာဏ်နှင့် သင့်လျော်စွာ ဆင်ခြင်နှလုံးသွင်းနိုင်ရန်လည်း

ပို့ဆောင်ပေးတတ်သည်။

နောက်ဆုံး စတုတ္ထအဆင့်ကိုဆိုသော် လက်တွေ့အသုံးကျအောင် ကိုယ်တိုင်ကိုယ်ကျ လိုက်နာကျင့်သုံးမှုနှင့် တန်ဖိုးရှိရှိ အသုံးချနိုင်အောင်သည် ပို့ဆောင်ပေးတတ်စမြဲ ဖြစ်သည်။

'သူတော်ဆည်းကပ်၊ မြတ်တရားနာ
လျော်စွာနှလုံး၊ ကျင့်သုံးခမဲ
ဤလေးဝ၊ ပြည်ကသောတပန်'

(သောတ္တာပတ္တိယင်္ဂသုတ်)

* * *

လောက၌ ဤကဲ့သို့ ပညာနှင့်ယုံ၊ သဒ္ဓါနှင့်ပြည့်စုံသူသည် သူတော်ကောင်းအား ဆည်းကပ်ခွင့်၊ မြတ်တရားနာကြားခွင့်၊ လျော်စွာ နှလုံးသွင်းခွင့်၊ တရားအတိုင်း ကျင့်သုံးခွင့်ဆိုသည့်အဆင့် (၄) ဆင့်နှင့် တန်ဖိုးလေးမျိုး ပြည့်စုံခြင်းကြောင့် လူ့ဘဝအခွင့်ထူးကို ရကျိုးနပ်သည့် တန်ဖိုးရှိသူဟု ဆိုရမည်။

လူ့ဘဝအခွင့်ထူးအား ရကျိုးနပ်ပြီး တန်ဖိုးရှိသူသည် အပြစ်ကင်းဆိုသည့် အကုသိုလ် အပုပ်အဆွေးတို့အား ဖဲကြဉ်ကာ အချစ်ကင်းဆိုသည့် ကုသိုလ်တန်ဖိုး အကျိုးအဖြက်တန်ဖိုးတွေ

တိုးပွားပြီး ပြည့်စုံလာလေအောင် ဖြည့်ကျင့်နိုင်သူလည်း ဖြစ်သည်။

အကယ်၍ ဤဘဝ၌ ပါရမီနုနည်းနေသေးသဖြင့် သောတပန် စသည့် မတည်နိုင်စေကာမူ အနည်းဆုံးဘဝ အရှုံးမထွက်သည့် တန်ဖိုးအကျိုးအမြတ်တို့အား ရယူပိုင်ဆိုင်နိုင်မှာ မလွဲဖြစ်သည်။

ထို့ကြောင့် လူတို့သည် လောဘ၊ မောဟ၊ ဒေါသ ဆိုသည့် အတွင်းပုပ်၊ အတွင်းဆွေး တရားများနှင့် အပါယ်ခံဘဝမှ လွတ်မြောက်ပြီး အလောဘ၊ အဒေါသ၊ အမောဟ ဆိုသည့် အတွင်းကောင်း၊ အတွင်းလှတရားများနှင့် အဆယ်ခံဘဝကိုလည်း ရရှိနိုင်မည် ဖြစ်၏။

နောင်တစ်ချိန် သေလွန်သည့်အခါ တမလွန်ဘဝ၌လည်း အပါယ်လေးဘုံမှလွတ်ပြီး လူ နတ် ဗြဟ္မာဘဝတွေကိုသာ လားရပြီး လာခြင်းကောင်းလည်းရှိသူ၊ ကောင်းသောလာရောက်ခြင်းရှိသူလည်း ဖြစ်မည်၊ ဖြစ်သတည်း…။

၄။ သတိသံဝေဂရကြစေ...

"သေဘေးဟူသည်
ရှောင်၍လွတ်နိုင်သောအရာ မဟုတ်။
မလွတ်နိုင်မည့်အတူ
လာမည့်ဘေး ပြေးတွေ့ရဲအောင်
အသေမြတ်ခြင်း သေနည်းသင့်လော့။"

မေတ္တာရှင် (ရွှေပြည်သာ)

"စိတ်ကို မစောင့်ရှောက်လျှင် (ကာယကံ)
ကိုယ်ကို စောင့်ရှောက်သည်မမည်။
(ဝစီကံ) နှုတ်ကိုလည်း စောင့်ရှောက်သည်မမည်၊
(မနောကံ) စိတ်ကိုလည်း စောင့်ရှောက်သည်မမည်၊
ဤသို့ မစောင့်ရှောက်သူသည်
ကောင်းသောသေခြင်း မဖြစ်နိုင်၊
ကောင်းသော ကွယ်လွန်ခြင်း မဖြစ်နိုင်။"

မေတ္တာရှင် (ရွှေပြည်သာ)

"ကုသိုလ်အလုပ်ဆိုတာ
မည်သူမဆို လုပ်ရမှာပျင်းကြတယ်။
မလုပ်ချင်ပေမယ့် ပေပြီးလုပ်ရတယ်။
အကုသိုလ်ကျတော့
ဘယ်သူမဆို မတိုက်တွန်းရဘူး။
လုပ်ချင်နေကြတယ်။
အကုသိုလ်အလုပ်ဆိုတာ
လုပ်ချင်ပေမယ့်
ပေပြီး မလုပ်ဘဲရှောင်ရမယ်။"

(ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီး)

**မင်းလက်ရာစာပေ**

"ကုသိုလ်ကြောင့် လူဖြစ်လာရသည်ဖြစ်၍
လူနှင့်ကုသိုလ်၊ ကုသိုလ်နှင့်လူသည်
ခွဲခွာ၍ မရချေ။
ကုသိုလ်များ ပျောက်သွားသည်နှင့်
လူသည် လူ့လမ်းကြောင်းပေါ်မှ
ဖယ်ခွာသွားရမည် ဖြစ်သည်။"

(တိပိဋကဓရ ယောဆရာတော်)

"အကုသလ၊ ကုသလ၏ ကမ္မဿကာ
လက္ခဏာကို၊ မြဲစွာဝမ်းတွင်း၊ နှလုံးသွင်းလော့။
မပျင်းကုသိုလ်၊ ထိုပုဂ္ဂိုလ်ကား
ကိုယ်ကိုချစ်သူ၊ မည်သောဟူ၏။"

(ကျေးဖူးရှင် မန်လည်ဆရာတော်ဘုရားကြီး
မာဃဒေဝလင်္ကာသစ်မှ)

"မှာရဲ့ကြရဲ့လား၊
ငါသေရင် သပိတ်မသွတ်ကြနဲ့လို့ မှာရဲ့ကြရဲ့လား။
မှာရဲအောင် ကျင့်ကြံအားထုတ်ကြ။
သပိတ်သွတ်တယ်ဆိုတာ

မကောင်းတဲ့နေရာရောက်နေလို့
သာစုခေါ်နိုင်ပြီး ကောင်းရာသုဂတိရောက်အောင်လို့
ကျန်တဲ့လူက
သေသူအတွက် လုပ်ကြတာတဲ့။
အဲဒါ...သက်သက်မဲ့ အရှက်ခွဲတာ၊
အရှက်မကွဲချင်ရင် အားထုတ်ကြ။
(ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး)

မင်းလက်ရာစာပေ

## သေရမည်မှာ ဓမ္မတာ

**သတ္တဝါတို့သေနည်းများ**

သတ္တဝါတို့သေခြင်းတွင် သေခြင်းအကြောင်းတရား (၄)ပါး ရှိပါသည်။

၁။ အသက်တမ်းကုန်၍ သေခြင်း၊

၂။ ကံအစွမ်းကုန်၍ သေခြင်း၊

၃။ အသက်ကံနှစ်ပါးစုံကုန်၍ သေခြင်း၊

၄။ ကံတစ်ပါးက ဖြတ်သတ်၍ သေခြင်း၊

၁။ အသက်တမ်းကုန်၍ သေခြင်း

ထိုထိုဘုံဘဝ၌ သတ်မှတ်ထားသောသက်တမ်းများ ရှိပါသည်။ ဤလူ့ဘုံသည် တက်ကပ်ကာလဝယ် အသင်္ချေယျ ကပ်ထိ အသက်တမ်းရှိပြီး ဆုတ်ကပ်ကာလတွင် ဆယ်နှစ် တမ်းအထိ ရှိသည်။

ယခု ဂေါတမဘုရားရှင် ပွင့်သော လူ့ဘုံသည် သက်တမ်း (၁၀၀)ကာလ ဖြစ် သည်။

အတိတ်ဘဝက သင့်တော်ရုံ ကံပါလာသူတို့သည် သတ်မှတ်ထားသောသက်တမ်းကို မလွန်ဆန်နိုင်ချေ။ အတိတ် ကုသိုလ်ကံထူးကလည်းရှိ၊ ပစ္စုပ္ပန်ဘဝ၌လည်း ကုသိုလ် ကောင်းမှုပြု၍ ကျန်းမာရေးလိုက်စားသူ၊ ဆေးကောင်း ဝါးကောင်းရှိသူတို့သည် သက်တမ်းလွန်အောင် နေနိုင်ကြသည်။

(အသက်ရှည်ရာတွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရသည် အရေးကြီးသောကဏ္ဍမှ ပါဝင်နေပါသည်။)

အသက် (၇၅) နှစ်သက်တမ်း၌ (၇၅)နှစ်ပြည့်သော အခါ သေဆုံးခြင်းသည် သက်တမ်းကုန်၍ သေရခြင်း ဖြစ်သည်။ ကံတရားကရှိပေမယ့် သက်တမ်းက ကုန်ဆုံးနေ၍ သေရခြင်း ဖြစ်သည်။

ဥပမာ- မီးစာရှိသေးသော်လည်း ဆီကုန်၍ မီးငြိမ်းရသည်နှင့်တူသည်။

## ၂။ ကံကုန်၍သေခြင်း

ဘဝတစ်ခုကို စီမံလိုက်သောကံသည် ပဋိသန္ဓေတည်နေသော အချိန်မှစ၍ မိမိ သတ္တိမကုန်သရွေ့ ဘဝမပြတ်အောင် (မသေအောင်) အစဉ်တစိုက် အမြဲဖန်တီးပေးနေတတ်သည်။

ထိုမူလစီမံလိုက်သော ကံ၏အစွမ်းကို အားပေးကူညီသော (ပဝတ္တိအခါပြုကျင့်သော) အခြားကံများလည်း ရှိသေးသည်။

ထိုမူလ စီမံလိုက်သော (အတိတ်) ကံနှင့်အားပေးကူညီကြသော (ပစ္စုပ္ပန်)ကံတို့ အစွမ်းသတ္တိကုန်လျှင် အသက်တမ်းမကုန်သေးသော်လည်း ကေန်မုချ သေရတော့မည်။

၇၅ နှစ်သက်တမ်း၌ ကံအစွမ်းက အသက် (၅၀) လောက်သာရှိလျှင် (၅၀)အရွယ်မှာပင် သေရသည်။ ယင်းကို ကံကုန်၍သေခြင်းဟု ခေါ်သည်။

ဥပမာ-ဆီမကုန်သေးသော်လည်း မီးစာကုန်၍ မီးငြိမ်းရခြင်းနှင့်တူ၏။

## ၃။ အသက်၊ ကံနှစ်ပါးစုံကုန်၍ သေရခြင်း

အချို့သတ္တဝါတို့သည်ကား အသက်တမ်းလည်းကုန်၊ ကံစွမ်းလည်းကုန်၍ သေကြရသည်။

ဥပမာ- မီးစာကုန်ဆီခန်း၍ သေရခြင်းမျိုး ဖြစ်သည်။

## ၄။ ကံတစ်ပါး သတ်ဖြတ်၍ သေရခြင်း

အချို့သော သတ္တဝါတို့သည် အသက်တမ်းလည်း မကုန်သေး။ ကံအစွမ်းလည်း မကုန်သေး။ သို့သော် ရှေးရှေးဘဝကဖြစ်စေ၊ ယခုဘဝမှာဖြစ်စေ ပြုမိသောအကုသိုလ်ကံက အခွင့်ရသဖြင့် တစ်နည်းနည်းနှင့် သေရတော့သည်။

ကားတိုက်ခံရ၍ သေရခြင်း၊ သူတစ်ပါး ဓားလက်နက်စသည်ဖြင့် သေရခြင်း စသည်တို့သည် ကံတစ်ပါး သတ်ဖြတ်၍ သေရခြင်းမျိုးများ ဖြစ်သည်။

ဥပမာ- မီးစာ၊ ဆီနှစ်မျိုးစလုံး မကုန်သေးဘဲ လေပြင်းတိုက်ခတ်မှု၊ တမင် ငြိမ်းသတ်မှုတို့ကြောင့် မီးငြိမ်းရသကဲ့သို့ ဖြစ်သည်။

၄

## သေခါနီး ထင်အာရုံမှာ

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် **သေတော့မည်ဟုဆိုလျှင်** သေဖို့ရာ နာရီဝက်လောက် **အလိုမှာပင်** နောင်ဘဝသစ်၌ မည်သည့်ဘဝမျိုး **ရရှိမည့်အကြောင်း** ကြိုတင်၍ ကံ၊ ကမ္မနိမိတ်၊ **ဂတိနိမိတ်ဟူသော အာရုံသုံးမျိုး**တွင် တစ်မျိုးမျိုး **ထင်လာတတ်ပါသည်။**

**ကံဆိုသည်မှာ ကုသိုလ်၊** အကုသိုလ် (စေတနာ) ဖြစ်ပါသည်။

**ကမ္မနိမိတ်**ဆိုသည်မှာ ထိုကုသိုလ်၊ အကုသိုလ် ပြုလုပ်ခဲ့**စဉ်က** တွေ့ကြုံသုံးစွဲခဲ့သော အာရုံများ ဖြစ်ပါသည်။

ဂတိနိမိတ်ဆိုသည်မှာ သေပြီးနောက် ရောက်မည့်ဘဝ၌ တွေ့ကြုံခံစားရမည့် အာရုံများ ဖြစ်ပါသည်။

ထိုတွင် သေခါနီး ဤအာရုံသုံးမျိုး မထင်မီ-

- စက္ကန့်၊ မိနစ် အနည်းငယ်အလိုကဖြစ်စေ
- နာရီဝက်၊ တစ်နာရီအလိုကဖြစ်စေ
- ရက်ပေါင်း၊ လပေါင်း ဝေးကွာသောအခါကဖြစ်စေ
- ဘဝပေါင်း၊ ကမ္ဘာပေါင်းများစွာကဖြစ်စေ ပြုလုပ်ခဲ့သော ကံတစ်မျိုးမျိုးသည် သေခါနီးလတ်သော် ကံအများထဲမှ ရွေးရွေးထွက်ပြသကဲ့သို့ ထင်ပေါ်လာတတ်သည်။

ထိုသို့ထင်လာရာ၌ ကုသိုလ်ကံများတွင် ဒါနမှု၊ သီလမှု ဖြစ်လျှင် ထိုကံကိုပြန်၍ အမှတ်ရသောအားဖြင့်လည်းကောင်း၊ ယခုပင် လှူဒါန်းနေရ၊ ဥပုသ်စောင့်နေရသကဲ့သို့လည်းကောင်း ထင်လာတတ်သည်။

အကုသိုလ်ကံများတွင် သူ့အသက်သတ်မှုဖြစ်လျှင်လည်း ထိုကံကို ပြန်၍ အမှတ်ရသောအားဖြင့်လည်းကောင်း၊ ယခုပင် သတ်ဖြတ်နေရသကဲ့သို့လည်းကောင်း ထင်လာတတ်သည်။

ဤသည်မှာ ကံအာရုံထင်ခြင်း ဖြစ်ပါသည်။

ကုသိုလ်ကံပြုခဲ့သောသူတို့တွင် ကျောင်းကန်ဘုရား

ဘည်ဆောက်မှုဒါန၊ ကုသိုလ်ပြုခဲ့သူဖြစ်လျှင် ကျောင်းအာရုံ၊ ဘုရားအာရုံ၊ ကျောင်းနှင့်စပ်၍ လှူဒါန်းခဲ့သော ဆွမ်း၊ သင်္ကန်း၊ ဆေးဝါး စသောအာရုံများ၊ ဘုရားနှင့်စပ်၍ လှူဒါန်းခဲ့သော ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင် စသောအာရုံများ ထင်လာတတ်သည်။

ဥပုသ်စောင့်သူဖြစ်လျှင် ဥပုသ်နှင့်စပ်ဆိုင်သော စိပ်ပုတီး၊ စင်ကြယ်သော အဝတ်အစား စိတ်ပုတီးစိပ်ရာ ကျောင်းကန်ဇရပ် စသောနေရာအာရုံများ ထင်လာတတ်သည်။

အကုသိုလ်ကံ ပြုခဲ့သောသူတို့တွင် သူ့သက်သတ်မှု ပြုခဲ့သူဖြစ်လျှင် မိမိသတ်ခဲ့သောပုဂ္ဂိုလ်၊ သတ္တဝါအာရုံများ သတ်ဖြတ်ရာတွင် အသုံးပြုခဲ့သော တုတ်၊ ဓား၊ လေး၊ မြား စသော လက်နက်အာရုံများ ထင်လာတတ်ပါသည်။

ဤသည်မှာ ကမ္မနိမိတ်အာရုံထင်ခြင်း ဖြစ်ပါသည်။

နတ်ပြည်ရောက်မည့်သူဖြစ်လျှင် နတ်ဘုံနတ်နန်းအာရုံ နတ်သမီး၊ နတ်သား၊ ဥယျာဉ်၊ ပဒေသာပင်၊ နတ်ဝတ်တန်ဆာ စသောအာရုံများ ထင်လာတတ်သည်။

လူဖြစ်မည့်သူဖြစ်လျှင် မိခင်ဝမ်းရေ၏ နီနီရဲရဲသော အဆင်းအာရုံ၊ ယောက်ျား၊ မိန်းမ၊ လူ့အသုံးအဆောင်ပစ္စည်း အာရုံများ ထင်လာတတ်သည်။

မင်းလက်ရာစာပေ

ငရဲကျမည့်သူဖြစ်လျှင် ငရဲဘုံအာရုံ၊ ငရဲမီးလျှံ၊ ငရဲထိန်းခွေးနက်ကြီး စသောအာရုံများ ထင်လာတတ်သည်။

ပြိတ္တာဖြစ်မည့်သူဖြစ်လျှင် တောတောင်မြစ်ကမ်း စသောအာရုံများ ထင်လာကတတ်သည်။ ဤသည်မှာ ဂတိ နိမိတ် အာရုံထင်ခြင်း ဖြစ်ပါသည်။

## သေခါနီးမှာ အမူအရာ

ထိုကဲ့သို့ ထင်လာပြီးနောက် ထင်လာသော**အာရုံ** အားလျော်စွာ ကုသိုလ်ကံ အကျိုးပေးတော့**မည်ဖြစ်လျှင်** ကောင်းသော အာရုံထင်လာသောကြောင့် ထို**အာရုံကို အာရုံ** ပြုလျက် ဖြူစင်ကြည်လင်သော ကုသိုလ်စိတ်**အစဉ် ဖြစ်နေ၏။**

အကုသိုလ်ကံ အကျိုးပေးတော့**မည်ဖြစ်လျှင်လည်း** မကောင်းသောအာရုံထင်လာသော**ကြောင့် ထိုအာရုံကိုပြု**လျက် ညစ်နွမ်းသော၊ မတည်ကြည်သော **အကုသိုလ်စိတ် အစဉ်**ဖြစ်နေ၏။ ရောက်ရမည့်ဘဝ **အားလျော်စွာ ထိုဘဝသစ်သို့** ရှေးရှုကာ စိတ်အစဉ်ညွှ**တ်ကိုင်းသကဲ့သို့ ဖြစ်နေ၏။**

ဥပမာ- **အရပ်တစ်ပါး ခရီးသွားမည့်သူ**သည် သွားဖို့ ပြင်ဆင်**နေသော်လည်း သွားရမည့်အရပ်**သို့ စိတ်အစဉ်ညွှတ် သကဲ့သို့ **ဖြစ်ပါသည်။**

**စုတေခါနီး စုတေမည့်သူ၏** မျက်နှာအနေအထား၊ **အမူအရာတို့ကို အကဲခတ်** ကြည့်ရပါမည်။

**မင်းလက်ရာစာပေ**

မျက်နှာ ကြည်ကြည်လင်လင်ရှိလျှင် အာရုံကောင်းနေပြီဖြစ်၍ သုဂတိဘဝသို့ ရောက်ရမည်မှာ သေချာသည့်ဟု မှန်းဆနိုင်ပါသည်။

(သို့သော် ရှေးကခံစားခဲ့သော ကာမဂုဏ်ကို အားမြဲ့ပြန် သတိရ၍ ပြုံးရွှင်နေမှုကား မကောင်းသောအပြုံးမျက်နှာ)

မျက်နှာအနေအထား အနည်းငယ်ညှိုးနေလျှင် (သို့မဟုတ်) ကြမ်းတမ်းသော အမူအရာဖြစ်နေလျှင် မကောင်းသောအာရုံ ထင်နေပြီးဖြစ်၍ စေကန်မုချ အပါယ်ဒုဂ္ဂတိဘဝသို့ ရောက်တော့မည်ဟု မှန်းဆနိုင်ပါသည်။

အချို့ကား သေခါနီး ညင်ညင်သာသာ မရှိဘဲ ယောင်ယမ်းပြောဆိုတတ်ကြသည်။

ဥပမာ- ရဟန္တာမထေရ်၏ အရှင်သောဏ၏ဖခင်သည် ငယ်စဉ်ကမှု မုဆိုးကြီး ဖြစ်သည်။ ကြီးသော် ရဟန်းပြု၏။ သေခါနီးကာလဝယ် ခွေးကြီးများက သူ့ကို ကိုက်တော့မည့်ဟန်အာရုံထင်လာနေသဖြင့် 'သားရဲ့ခြောက်ပါဟဲ့၊ ခြောက်ပါဟဲ့'ဟု ကယောင်ကတမ်း အော်ဟစ်သည်။

မထေရ်မြတ်က ဖခင်ကြီး ငရဲအာရုံ ထင်မြင်လာသည်ကိုသိ၍ ချက်ချင်းပင် ပန်းတွေရှာ၊ ဘုရားလှူပြီး ဘုရားရင်ပြင်ပေါ်သို့ ဖခင်ကို ခုတင်နှင့်တကွ သယ်ယူကာ ဖခင်

အတွက် ပန်းတွေ ဘုရားလှူထားတယ်။ ကြည်ညိုလိုက်…ကြည်ညိုလိုက်ဟု ပြောဆိုရာ သတိရလာပြီး ဘုရားကို အာရုံပြုလျက်နေစဉ် မေ့မြောသွားပြီး နတ်သမီးများ အာရုံထင်လာသည်။ ထိုအခါ 'ဟဲ့…သား၊ ဘေးဖယ်…ဘေးဖယ်၊ သားရဲ့ မိထွေးတွေလာနေတယ်' ဟု ယောင်ယမ်းပြောဆိုလေသည်။

မထေရ်သည် ဖခင်ကြီး နတ်ပြည်နိမိတ်ထင်ပြီဟု သိရှိသည်။ မကြာခင် ဖခင်ကြီး ကွယ်လွန်ပြီး နတ်ပြည်ရောက်သွားသည်။

ပဉ္စာနန္တရိယကံကဲ့သို့ အလွန်ကြီးလေးသောသူတို့သည် အရှင်လတ်လတ် မြေမျိုခံရသည်။ သေသော် အဝီစိငရဲသို့ ကျရောက်မည်မှာ သေချာသည်။

သေခါနီးကာလ၌ တီးသံမှုတ်သံနှင့် အမွှေးအကြိုင်များကို အနီးအပါးလူများပင် ကြားရမွှေးရသည်မှာ ရှိသည်။ ယင်းမှာ နတ်ပြည်ရောက်မည့် ဂတိနိမိတ် ဖြစ်ပါသည်။

ကံကမ္မနိမိတ်တို့သည် များသောအားဖြင့် အကျိုးပေးခွင့်ရသော ကုသိုလ်ကံ၊ အကုသိုလ်ကံအစွမ်းကြောင့် ထင်လာရခြင်း ဖြစ်ပါသည်။

## လူနှင့်စပ်လျဉ်းသော အကြောင်းအရာများ

(သုဘလုလင် အမေး၊ မြတ်စွာဘုရား အဖြေ)

**သုဘလုလင်** - မြတ်စွာဘုရား၊ လူ့လောက၌ လူတို့သည် အဘယ်ကြောင့် အချို့ အသက်ရှည်၍ အဘယ့်ကြောင့် အချို့ အသက်တိုရပါသလဲဘုရား…

**မြတ်စွာဘုရား** - သုဘလုလင်… အချို့ သူတို့သည် သတ္တဝါတို့ကို ကြင်နာ သနားတတ်၏။ သူတစ်ပါး အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့ကြ၏။ ထိုသူမျိုးများ သေဆုံးပြီး

နောက် လူ့ပြည်ရောက်ခဲ့လျှင် အသက်ရှည်ရှည်နေရပေ၏။ အချို့သူတို့ကား သူတစ်ပါးအသက်၊ သတ္တဝါတို့၏အသက်ကို သတ်လေ့ရှိခဲ့ကြ၏။ ထိုသူမျိုးများ သေဆုံးပြီးနောက် လူ့ပြည်ရောက်ခဲ့သော် အသက်တိုတို နေကြရ၏။

**သုဘလုလင်** - မြတ်စွာဘုရား··· အချို့သူများ အနာရောဂါကင်း၍ အချို့သူများ အနာရောဂါများကြခြင်းမှာ အဘယ့်ကြောင့်ပါလဲဘုရား။

**မြတ်စွာဘုရား** - သုဘလုလင်··· အချို့သူများမှာ သတ္တဝါတို့အပေါ် ညှဉ်းပန်းနှိပ်စက်မှု မပြုတတ်၊ သနားခြင်းကရုဏာတရားထားတတ်၏။ ထိုသူမျိုးများ သေပြီး လူ့ပြည်ရောက်လာပါက အနာရောဂါ ကင်းရှင်းစွာနေရ၏။

အချို့သူများကား သတ္တဝါတို့အပေါ်၊ သူတစ်ပါးအပေါ် နှိပ်စက် ညှဉ်းပန်းတတ်၏။ ထိုသူမျိုးများ လူ့ပြည်ရောက်လာခဲ့ပါက အနာရောဂါ များတတ်၏။

သုဘလုလင် - မြတ်စွာဘုရား… အချို့သူများ ရုပ်ချော အဆင်းလှ၍ အချို့သူများ အဘယ့်ကြောင့် ရုပ်ဆိုးရပါသလဲဘုရား။

မြတ်စွာဘုရား - အချို့သူများသည် ဒေါသထွက်လေ့ မရှိ။ အမျက်ထွက်စိတ်ဆိုးလျက် သူတစ်ပါးတို့အား အပြစ်ပြောလေ့မဂ်။ သည်းခံခြင်း ခန္တီတရား ရှိ၏။ ထိုသူမျိုးများ သေပြီးလူ့ပြည်ရောက်ရှိလာပါက ရုပ်ချော အဆင်းလှ ဖြစ်ရ၏။

အချို့သူများကား အမျက်ထွက်စိတ်ဆိုးလျက် သူတစ်ပါးတို့အား အပြစ်ပြောလေ့ရှိ၏။ သည်းခံမှုခန္တီတရား မရှိ၊ အမျက်ဒေါသ ကြီးမားတတ်၏။ ထိုသူမျိုးများ သေပြီးနောက် လူ့ပြည်ရောက်လာပါက ရုပ်ဆိုးတတ်၏။ အဆင်းမလှဖြစ်တတ်၏။

သုဘလုလင် - မြတ်စွာဘုရား… အချို့သူများ အခြံအရံများ၍ အချို့သူများ အခြံအရံ နည်းရခြင်းမှာ ဘာကြောင့်ပါလဲဘုရား။

မင်းလက်ရာစာပေ

မြတ်စွာဘုရား - သုဘလုလင်… အချို့သူများသည် သူတစ်ပါး ကြီးပွားချမ်းသာသည်ကို (မနာလိုမှု-ဣဿာ)၊ (ဝန်တိုမှု-မစ္ဆရိယ) စိတ်ထားများ မထားရှိကြပေ။ ထိုသူမျိုးများ သေပြီး လူဖြစ်လာပါက အခြံအရံ များ၏။

အချို့သူများကား သူတစ်ပါး ကြီးပွား ချမ်းသာသည်ကို (မနာလိုမှု ဣဿာ)၊ (ဝန်တိုမှု-မစ္ဆရိယ) စိတ်ထားများထားရှိကြ၏။ ထိုသူမျိုးများ သေပြီးနောက် လူ့ပြည်ရောက်လာပါက အခြံအရံ နည်းပါးသူ ဖြစ်လာရ၏။

သုဘလုလင် - မြတ်စွာဘုရား…အချို့သူများ ချမ်းသာကြ၍ အချို့သူများ ဆင်းရဲကြခြင်းမှာ အဘယ့်ကြောင့်ပါနည်းဘုရား။

မြတ်စွာဘုရား - သုဘလုလင်…အချို့သူများသည် အလှူဒါန ပြုလုပ်ကြ၏။ လှူဒါန်း ပေးကမ်းမှု ရှိကြ၏။ ထိုဒါနရှင်များ သေပြီးနောက် လူ့ပြည်ရောက်လာပါက ချမ်းသာသူများ၊

သူဌေးများ ဖြစ်လာကြ**၏**။

အချို့သူများကား **လျှော့ဒါန်းမဆောကမ်း** မှု မရှိ။ နှမြောတွန့်တိုကြ**၏**။ **ထိုသူမျိုး** များ သေဆုံးပြီးနောက် **လူ့ဘဝရောက်** လာပါက ဆင်းရဲမွဲတေကြ**၏**။ **ဥစ္စာမရှိ**၊ ငွေနတ္ထိ ဖြစ်ရ၏။

သုဘလုလင် - မြတ်စွာဘုရား…အချို့သူများ အမျိုးမြတ်၍ အချို့သူများ အမျိုးယုတ်၍ ဖြစ်ရ၏။ အဘယ်ကြောင့် ထိုသို့ ဖြစ်ရပါသလဲ ဘုရား။

မြတ်စွာဘုရား - သုဘလုလင်…အချို့သူများမှာ လျှော့ဒါန်းမှုပြုရာ၌ မည်သူ့အပေါ်မျှ မာန်မာန ထောင်လွှားမှုမရှိ၊ ရှိသေထိုက်**သူတို့** အပေါ် ရိုသေမှုထားကာ လျှော့ဒါ**န်းခဲ့၏**။ ထိုသူမျိုးများ ကွယ်လွန်ပြီး**နောက် လူ့** ပြည်ရောက်ခဲ့ပါက **အမျိုးမြတ်သူ ဖြစ်** လာရ၏။

(မာနသည် သတိထားရမည့်**အရာတစ်ခု** ဖြစ်**၏**။)

**မင်းလက်ရာစာပေ**

သုဘလုလင်… အချို့သူများကား မာနကြီး၏။ အလျှုခံပုဂ္ဂိုလ်အပေါ် အရိုအသေထားမှု နည်းပါး၏။ အလှူခံပုဂ္ဂိုလ်ကို အထင်သေး၏။ ထိုသူမျိုးများ သေပြီးနောက် လူ့ပြည်ရောက်ခဲ့ပါက ယုတ်မာသော၊ ယုတ်ညံ့သောအမျိုး၌ ဖြစ်ရတတ်၏။

သုဘလုလင် - မြတ်စွာဘုရား… အချို့သော သူများသည် ဉာဏ်ကြီး၍၊ ဉာဏ်ကောင်း၍ အချို့သော သူများ ဉာဏ်နုံ့ဉာဏ်မွဲ ဉာဏ်နည်းခြင်းကား အဘယ်အကြောင်းကြောင့်ပါနည်း။

မြတ်စွာဘုရား - သုဘလုလင်… အချို့သူတို့သည် ပညာရှိတို့ထံ ချဉ်းကပ်လျက် ကောင်းမှု-မကောင်းမှု၊ ကောင်းဆိုးနှစ်တန် ကံကံ၏အကျိုး စသည်ကို မေးမြန်းနာယူမှတ်သားကြ၏။ ဉာဏ်ပညာဆိုင်ရာများ ဆည်းပူးကြ၏။ ထိုသူမျိုးများ သေဆုံးပြီးနောက် လူ့ပြည် ရောက်လာပါက

ဉာဏ်ကြီးသူ၊ ဉာဏ်ကောင်းသူ ဖြစ်လာရ၏။

သုဘလုလင်…အချို့သူများကား ပညာရှိတို့ထံ ချဉ်းကပ်ကာ အသိဉာဏ်ပညာနှင့်ပတ်သက်သော ကုသိုလ်ကောင်းမှုများ မပြုလုပ်ခဲ့။ မဆည်းပူးခဲ့ပေ။ ထိုသူမျိုးများ သေပြီးနောက် လူ့ပြည် လူ့ဘဝရောက် လာသောအခါ၌ အသိဉာဏ်နည်း၊ ဉာဏ်ထိုင်း၊ ဉာဏ်နုံ၊ ဉာဏ်နည်းသူ ဖြစ်လာရ၏။

(စူဠကမ္မဝိဘင်္ဂသုတ်)